ရှင်မတောင်စာပေ


ဘသန်း(ဓမ္မိက)

အငြိမ်းစား ဗိုလ်မှူးကြီး
လွတ်လပ်ရေးမော်ကွန်းဝင်
သရေစည်သူ




# စစ်မြေစခန်းမှ မှာတမ်းများ

(ဒုတိယအကြိမ်)

LETTERS FROM STARLINGRAPH
by
DAVID WILLIAM

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စတားလင်ဂရက်

# ဝစ်မြေစခန်းမှ မှာတမ်းများ

ဘာသန်း(ဓမ္မိက)

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၃၁၀၀၉၄၀၆၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၃၁၀၀၇၆၁၂၀၇

ပုံနှိပ်ခွင့် – ပထမအကြိမ်
၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ


အုပ်ရေ – ၅၀၀

မျက်နှာဖုံးဒီဇိုင်း – ကိုကျော်ခိုင်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ – ဦးတင်အောင်ကျော် (မြဲ – ၀၇၀၅၃)
အမှတ် ၈၇၊ ၅၆ လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ – ဦးမျိုးဆင့် (မြဲ – ၀၃၉၅၁)
အမှတ် ၂၉၆၊ ၁/အနော်မာ(၇)လမ်း
သာကေတ၊ ရန်ကုန်မြို့။

တန်ဖိုး – ၁၅၀၀/ကျပ်


N
E
S
W
Kalatsch
စတာလင်ဂရက်
တိုက်ပွဲ
0
25
50

# အချိုး

စစ်မြေပြင်ရှိ စစ်သည်များထံမှ ၄င်းတို့၏ မိသားစုထံသို့ ရေးသားကြသောစာများသည် အမြဲတမ်းပင် အခြေအနေအမှန်တို့ကို ဖွင့်လှစ်ကြ၏။ သို့သော် အသည်းစွဲလောက်အောင် အမှတ်တရ စကားနည်းပါးလှ၏။ သို့ပေမင့် စတာလင်ဂရက်မှ ဤစာများမှာမူ တိုက်ပွဲများမှ ပေါ်ထွက်လာသော မည်သည့်တေးသံမျိုးနှင့်မျှမတူဘဲ စာပေလောကတွင် ပြိုင်ဘက်တုဘက် ကင်းလောက်အောင် ကောင်းလှပေ၏။ စိတ်ညှိုးငယ်စရာ၊ လွမ်းချင်းညည်းချင်းများ ဖြစ်နေလေသည်။ ထိုစာတို့သည် ကံဆိုးမိုးမှောင်ကျနေသော လူများ၏ တေးသံ၊ အနိုင်ခံအရှုံးပေးရ၍ သေကြရတော့မည်ဟု စိတ်တုံးတုံးချပြီးသော စစ်သည်များ၏ ပူဆွေးမြည်တမ်းသံလည်းဖြစ်၏။ အဆုံးမရှိ အမြဲတဖွားဖွား ဖြစ်ပေါ်လေ့ရှိသည်ဟု လူတို့ဆိုစမှတ်ပြုကြသော မျှော်လင့်ချက်သည်လည်း သူတို့အဖို့ ရှာ၍မတွေ့အောင် ကင်းစင်သွားလေပြီ။ သူတို့သည် ချောက်တွန်းခြင်းနှင့် အရှုးလုပ်ခြင်းကို ခံကြရလေပြီဟုလည်း သိရှိနေကြသည်။

သူတို့၏အဖြစ်သည် ဗတန်းတိုက်ပွဲ အမေရိကန် စစ်သည်များ၏ အဖြစ်နှင့်မတူ ကွာခြားလှ၏။ အမေရိကန်နိုင်ငံ၏ အဆိုးဆုံး၊ အမှောင်ဆုံး အခါ၌ပင်လျှင် ရန်သူ့ထံ အညံ့ခံလိုက်ကြရာတွင် မတတ်သာ၍ အားမလို အားမရ အညံ့ခံခြင်းမျိုးသာဖြစ်လျက် စစ်သည်တို့၏ ယေဘုယျစိတ်ဓာတ် မှာ မျှော်လင့်ဖွယ်မရှိခြင်းမျိုး၊ လုံးလုံးလျားလျား စိတ်လျော့ခြင်းမျိုး မဟုတ်ချေ။ ကွာခြားပုံကိုသိသာရန် ကျွန်ုပ်တို့သည် ရှေးဦးအစကို ပြန် ကောက်ရပေလိမ့်မည်။

ဤဂျာမန်စစ်သည်များ၏ ကြေကွဲဖွယ် နောက်ဆုံးမှာတမ်းများကို ရေးရာ သေတွင်းသည်ကား လွန်ခဲ့သော ခြောက်လကျော်က သူတို့ သိမ်းပိုက်ခဲ့ပြီး၍ အဆုံးသတ်အောင်ပွဲကို လွယ်ကူစွာ ရလိမ့်မည်ဟု ထိုစဉ်က မျှော်လင့်တကြီးနှင့် အနားယူနေကြသောနေရာပင် ဖြစ်ချေ သည်။

ဗော်လဂါမြစ်ကို ပထမဦးဆုံး ခြေချမိသော ဂျာမန်စစ်ဗိုလ် နပ်ရှင်သည် သူကိုယ်တိုင်ပင် ဟစ်တလာ့ မဟာအမှားတော်ပုံ၏ ရှေ့ပြေး တမန် ဖြစ်နေကြောင်းကိုလည်းကောင်း၊ ပြုပြင်မရအောင် စစ်မျက်နှာ ဖြန့်လွန်းမှုဟူသော စစ်သေနာပတိလုပ်ငန်း၏ အဆိုးရွားဆုံးပြစ်မှုကို ကိုယ်စားပြုသည့် သင်္ကေတဖြစ်နေကြောင်းကိုလည်းကောင်း တင်ကြို၍ စိတ်ထင့်ခြင်း၊ စိတ်လေးခြင်းမဖြစ်ခဲ့။ သူ့အား သတိပေးသောအရာဟူ၍ တစ်စုံတစ်ရာကိုမျှ မတွေ့ရပေ။

ထိုစစ်ပွဲသည် ဟာလာဟင်းလင်းပြင်ထဲတွင် အောင်မြင်သော ချီတက်ခြင်းဖြင့် စတင်ခဲ့ရသည်။ ထိုနေ့ရက်မှာ ၁၉၄၂ခုနှစ်၊ ဩဂုတ် လ ၂၁ ရက်နေ့ပင် ဖြစ်၏။ ပင်ဇာတင့်ကား တပ်မတစ်ခုနှင့် ယာဉ်တင် တပ်မတစ်ခုသည် ဗော်လဂါမြစ်၏ အစွန်အဖြိတ်သို့ အဆီးအတားမရှိ

လိမ့်တက်လာပြီးလျှင် စတာလင်ဂရက်မြို့၏ အထက်အောက်အရပ်များ၌ နေရာယူကြလေသည်။ အားအင်ကြီးမားသော စစ်သည်ဗိုလ်ခြေ ဗိုလ်ထု အလုံးအရင်းတစ်ခု၏ ရှေ့ပြေးတပ်ဖြစ်၏။ ရုရှားလူမျိုးတို့က "ဘော်လကာများ"ဟု ခေါ်တွင်သော လျှိုနက်မြောင်ရိုင်းများ ဖြတ်သန်းသည့် ဤကန္တာရမြေကို နွေဥတု၏ အပူသည် ဖုံးလွှမ်းလေပြီ။ သို့သော် ထိုနယ်မြေတစ်ပိုက်၌ တပ်နီတော် စစ်သည်များ မရှိသလောက်ပင် ဖြစ်၏။ အလွယ်တကူချီတက်ခဲ့ပြီးနောက် ဂျာမန်တို့၏ နားနေရခြင်းသည် ရာသီဥတု၏ဒဏ်ကို အခံရသက်သာသယောင် ရှိလေတော့သည်။

အရှုံးအမူးယုံကြည်မှုကြောင့် သူတို့သည် ဘာကိုမျှ ဂရုမစိုက်ပေ။ သူတို့၏ မိုက်မဲမှုအမှတ်အသားသည် လွင်ပြင်ကြီးထဲ၌ ထင်ရှားစွာ တွေ့မြင်ရလေသည်။ ထိုအမှတ်သညာသည်ကား မြစ်ကို ဂျာမန်ယာဉ်တင် တပ်မ အမှတ်(၃)၏ တပ်ဦးချဉ်းကပ်ရာ၌ ရှိနေသော တောင်ကုန်းတစ်ခုနှင့် (ဘော်လကာ)လျှိုမြောင်တစ်ခု ဖြစ်၏။ လက်မြှောက်၍ ထွက်မလာသော ရုရှားစစ်သည်အနည်းငယ်သည် ထိုနေရာကို ခံစစ်ပြုရန် ယူထားကြသည်။ "စစ်မျက်နှာတွင် ပေါက်နေသော ဝက်ခြံဖုကလေးတစ်ဖုသာဖြစ်၍ အမှတ်မထင် သေးငယ်သော အရေးအခင်းမျှဖြစ်သည်။ တပ်ဦးသည် တပ်မက ရှေ့တက်လာပြီး ချေမှုန်းပစ်လိမ့်မည်ဟုသာ စောင့်ဆိုင်းနေသည်။

တပ်မလည်း ရောက်လာလေပြီ။ တောင်ကုန်းပေါ်တွင် ရုရှားခြေလျင်တပ်သား အရေအတွက်မှာ လေးရာပင်မပြည့်သော်လည်း ထိုဂျာမန်တပ်မသည် ဘာမျှမလုပ်။ ထိုရုရှား စစ်အင်အားလေးရာခန့်သည် ထိုစဉ်က ကျန်လောကနှင့် အဆက်ပြတ်လျက်ရှိသည်။ ကာလအတန်ကြာမှသာလျှင် စစ်ကူများပို့ရန်အတွက် ဗော်လဂါမြစ်ကို ဖြတ်သန်းသော

ရေအောက်တံတားများ ဆောက်လုပ်ဆက်သွယ်ကြသည်။

**စတာလင်ဂရက် စစ်မြေပြင်၏** အကျဉ်းချုပ်ဇာတ်လမ်းမှာ ဤသို့ **ဖြစ်၏။**

ထိုမြို့ပတ်ပတ်လည်ကို အဆမတန် စစ်မက်အားအင် သာလွန်သော ဟစ်တလာ၏တပ်များက ဝိုင်းရံထားနိုင်စဉ် အချိန်ကပင် ရုရှားတို့၏ မြို့တွင်းခုခံမှုကို ချေမှုန်းနိုင်ခဲ့သည့် အကြောင်းရင်း အတိုချုပ် ဇာတ်လမ်းလည်း ခေါ်ဆိုနိုင်ပေသည်။ ဤသို့ဖြစ်ရခြင်းမှာ ရန်သူမြင်သာအောင် မိမိတပ်များကို ဖြန့်ကြဲထားသောကြောင့်ပင် ဖြစ်၏။ စစ်သည်တော်တို့လည်း နမော်နမဲ့နေကြပြီး သာမန်သတိပင် မရှိကြတော့ချေ။

မူလတပ်မနှစ်ခု၏ စစ်မျက်နှာသည် လျင်မြန်စွာပင် မိုင်ပေါင်းများစွာ ကျယ်ပြန့်သော လက်နက်ကိုင် စစ်စခန်းကြီးတစ်ခု ဖြစ်လာ၏။ ကြံရွယ်ထားသော စစ်ထိုးချက်သည် ဟစ်တလာ၏ လက်ရာမွန် ဖြစ်ရပေမည်။ စတာလင်ဂရက် နယ်မြေအတွင်းသို့ ခြေလျင်တပ်မ ၁၃ခု၊ ပင်ဇာတင့်ကားတပ်မ သုံးခု၊ ယာဉ်တင်တပ်မ သုံးခု၊ လေယာဉ်ပစ်တပ်မ တစ်ခု၊ တပ်မစုစုပေါင်း ၂၀ကို တပ်မကြီး ဌာနချုပ်ငါးခုဖြင့် ဖွဲ့စည်းထားသော ဗိုလ်ချုပ်ကြီး ဗွန်ပေါလပ် ဦးစီးကွပ်ကဲသည့် အမှတ် ၆၊ ဂျာမန်တပ်သည် ချီတက်လာတော့သည်။ နာဇီဂျာမနီက ပွဲထုတ်ခဲ့သော တပ်ထုအားလုံးတွင် အကြီးဆုံးသော စစ်သည်ဗိုလ်ပါဗိုလ်ထု ဖြစ်ချေ၏။ ရှေ့ပိုင်းကျလွန်းနေသော်လည်း ကြီးမားသောအင်အားလည်း ရှိနေ၍တစ်ကြောင်း၊ နောက်ပိုင်းနှင့်စပ်ထားသော လုံခြုံသည့် ဆက်သွယ်ရေးလမ်းကြောင်းလည်း ရှိနေ၍တစ်ကြောင်း ထိုတပ်တော် အမှတ် ၆ သည် ဂျာမနီတို့အမြင်တွင် စိတ်အချရဆုံး ဖြစ်နေသည်။

ယခု ဗော်ရိုဂရက်ဟု ခေါ်တွင်သော စတာလင်ဂရက်မြို့သည်

ရှင်ယောင်စာပေ

မြစ်ကမ်းတစ်လျှောက် တောင်မြောက် မိုင်နှစ်ဆယ်ကျော်ခန့်မျှ ပြန့်လျက်ရှိ၏။ မြစ်လည်း ထိုမြို့အနီးတွင် နှစ်မိုင်ကျော်ခန့်ကျယ်၏။ ရက်သတ္တပတ်များသည် တစ်ပတ်ပြီးတစ်ပတ် ကုန်လွန်သွား၏။ ရာသီဥတု ကလည်း သာသာယာယာရှိ၏။ မြောက်မြားစွာသော ရုရှားတို့သည် ညအခါများတွင် တိတ်တဆိတ် ဝင်ရောက်ကြ၏။ ဗိုလ်ချုပ်ကြီး ပေါလပ်၏ တပ်တော်သည်ံ တုန့်လှုပ်ခြင်းမရှိ။ နောက်ပိုင်းအတွက် စိတ်သောကဖြစ်စရာလည်း မရှိ။ ဤမြို့တွင်းခုခံမှုမှာ သူတို့အား အဃားဖျောက်ပေးသလောက်သာ ရှိ၏။ စစ်မြေပြင်လည်း ယေဘုယျအားဖြင့် ငြိမ်သက်လျက် ရှိနေ၏။ ထိုငြိမ်သက်ခြင်းကပင် မကြာခဏဆိုသလို၊ စစ်သားများကို ရန်သူမြင်သာအောင် ထုတ်ဖော်ပြသည့်ပမာ ရှိနေ၏။

ထိုအခိုက် ဟစ်တလာသည် သူ၏ဂုဏ်သိက္ခာကို မြှင့်တင်ရန် စတာလင်ဂရက်မြို့ကို တိုး၍ဖိတိုက်လာသည်။ ဤသို့အားဖြင့် ဂျာမန်တပ်ဖွဲ့များသည် ဆီးမရတားမရအောင် တပ်ကျုံပြီးလျှင် တပ်များ၏ အဆီအနှစ်တို့သည်လည်း တစ်အိမ်တက် တစ်အိမ်ဆင်း တိုက်ပွဲယဇ်ပလ္လင် ထက်ဝယ် အတော်ခံရလေတော့သည်။ ၁၉၄၂ ခုနှစ်၊ စက်တင်ဘာ နောက်ပိုင်းတွင် မြောက်ပိုင်းမှ ရုရှားတင့်ကား တပ်များသည် ပေါလပ်၏ တပ်နယ်နိမိတ်ကို ထိပါးလာ၏။ အကျအဆုံး အလွန်များသော ဤတိုက်ပွဲသည် ဂျာမန်စစ်သားများကို မီးပုံထဲတွန်းချသကဲ့သို့ ရှိလေသည်။ ဂျာမန်တပ်မကြီးတစ်ခု၏ တပ်မှူးဖြစ်သည့် ဗိုလ်ချုပ်ကြီး ဗွန်ဝီတာရှိန်းသည် အထိတ်တလန့်ဖြစ်၍ ဗော်လဂါမြစ်တစ်လျှောက်ရှိ တပ်အားလုံးကို ဒွန်းမြစ်၏ အနောက်ဘက်ကမ်းသို့အရောက် ဆုတ်ခွင့်ပြုရန် အပူတပြင်းတောင်းဆိုလေသည်။ ထိုသို့ တောင်းဆိုသည့်အတွက် သူသည် ရာထူးမှ အရှက်တကွဲ အဖြုတ်ခံရလေသည်။ ထိုအချိန်နာရီတွင် မည်သည့် ဂျာမန်

အထက်အရာရှိကြီးမျှ ထိုသူကဲ့သို့ ဂျာမနီတစ်ပြည်လုံး၏ ကျေးဇူးတင်မှုကို ခံယူခြင်းငှာ မထိုက်ချေ။

နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ပထမဦးဆုံး စစ်မိန့်သံသည် မိုးခြိမ်းသကဲ့သို့ မြည်ဟည်းသတိပေးလိုက်လေသည်။ ဗိုလ်ချုပ်ကြီး ရိုကော့စ်ဆိုဗစကီး၏ တင့်ကားတပ်သည် ဒွန်းမြစ်၏ မြောက်ဘက် အကွေ့တွင်တည်ရှိသော ကရိမင်စကယ်မြို့မှ တံတားဦးထိုး၍ အလုံး အရင်းနှင့်ချီတက်ကာ ဒွန်းမြစ်၏ တောင်ဘက်အကွေ့တွင် တည်ရှိသော ကလပ်ချ်မြို့သို့ ရောက်လေသည်။ အခြားသော စစ်ဟိန်းသံတစ်ခုလည်း မြည်ဟည်းပြန်၏။ အဆိုပါ တင့်ကားတပ်သည် စတာလင်ဂရက်၏ တောင်ဘက်ရှိ ဘီကီတုံစကယဟူသော တံတားဦးမှသည် အနောက် မြောက်စူးစူး တိုက်ခိုက်ချီတက်လာသော အခြားရုရှားတပ်တစ်ခုနှင့် ကလပ်ချ်မြို့တွင် ဆုံမိကြ၏။ ထိုသို့ မဆုံမိကြမီ ထိုတပ်နှစ်ခုတို့သည် ပေါလပ်၏ နောက်ပိုင်းနှင့်တောင်ပံများကို ကာကွယ်ပေးနေသည့် ရိုးမေး နီးယားတပ်နှစ်တပ်ကို ချေမှုန်းပစ်ခဲ့၏။ နှစ်ဖက်ပိတ်မိ၍ ထွက်ပေါက်မရှိ သောအခါ ပေါလပ်၏တပ်သည် ထောင်ချောက် မိသွားလေတော့သည်။ ထိုနောက်ပိုင်း ပေါ်ပေါက်လာသော ပြဿနာမှာ အနောက်ဘက်ရှိ ဂျာမန်တပ်များက ပေါလပ်၏တပ်ကို လာရောက်ကူညီမည်လော၊ သို့တည်းမဟုတ် ထိုတပ်သည် ထောက်ချောက်အတွင်းမှ မည်သည့်တပ်၏ အကူအညီကိုမျှမယူဘဲ ဖောက်ခွင်းထိုးထွက်မည်လော။ ထိုအခါ ပေါလပ်၏ တပ်တစ်တပ်လုံး ပြုတ်သွားလိမ့်မည်ဟူ၍ မည်သူကမျှ မထင်ခဲ့ချေ။

ပထမပြဿနာမှာ ဟစ်တလာ၏ ဘဝင်မြင့်ရောဂါကြောင့် မပြေလည်ခဲ့ပေ။ ပေါလပ်၏ ဒူးမခိုင်မှုကြောင့်သော်လည်း ဖြစ်တန်ရာ

ရှုမတောင်စာပေ

ရ၏။ သို့မဟုတ် သူ့တပ်ကို ကယ်တင်ရန် အချိန်ရပါလျက်နှင့် ဟစ်တလာ၏အလိုကို မငြင်းဆိုနိုင်လောက်အောင် ထူလွန်း၊ အလွန်း၊ ထိုင်းလွန်း၊ တုံးလွန်းသော တပ်မှူးတစ်ယောက် ဖြစ်နေမှုကြောင့်သော်လည်း ဖြစ်တန်ရာ၏။ အပြစ်ရှိမှုကို နှစ်ဦးစလုံး မျှယူကြရမည်မှာ လုံးဝ ထင်ရှားနေသည်။ ထို့ပြင် ထိုသို့မျှယူခြင်း၏ နောက်ကွယ်၌ အရင်းခံအားဖြင့် ရှိနေသော နှစ်ဦးစလုံး၏ စိတ်စဉ်းလဲဖောက်ပြန် ပျက်ပြားမှုသည်လည်း လုံးဝ ထင်ရှားနေပေသည်။ ဟစ်တလာသည် ပေါလပ်အား ဖီးမားရှယ်စစ်သေနာပတိရာထူးအဆင့်ကို ပေးအပ်ကာ ဝယ်ယူပြီးလျှင် စစ်မြေပြင်နှင့် မိုင်ပေါင်း ၁၃၀၀ ဝေးသော အရပ်မှနေ၍ စတာလင်ဂရက်တစ်ဝိုက် စစ်ဆင်ရေးများကို မိမိကိုယ်တိုင် ကွပ်ကဲစီမံလေတော့သည်။ သို့ဖြစ်လင့်ကစား အချည်းနှီးအသုံးမကျ ရုပ်သေးရုပ် ပေါလပ်သည် သူ၏ စစ်ဝတ်စုံကို ပြန်လည်အပ်နှင်းခြင်း မပြုချေ။ နောက်ပိုင်းနှင့် အဆက်ပြတ်သွားပြီးလျှင် လေကြောင်းမှ လုံလောက်စွာ ထောက်ပံ့ခြင်းကိုလည်း မပြုလုပ်နိုင်အောင် တပ်၏ထုထည်မှာ ကြီးမားလွန်းသဖြင့် အမှတ် ၆ တပ်၊ ရိက္ခာ၊ ဆေးဝါးခဲယမ်းလက်နက်နှင့် မျှော်လင့်ချက်များ တဖြည်းဖြည်း ကုန်ခန်း၍ နွမ်းပါးပါးလေတော့သည်။ သို့သော်၊ ရုရှားတို့သည် ပြင်းထန်စွာ မဖိညှပ်သေးချေ။

၁၉၄၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ဒုတိယအဖြေကို နောက်ဆုံးစမ်းကြလေသည်။ ဒွန်းမြစ်၏ အောက်တွင်ရှိနေသော ဂျာမန် ပင်ဇာတင့်ကား တပ်တော် အမှတ် ၄ ထဲမှ ပင်ဇာတင့်ကား တပ်မကြီး အမှတ်၅၇ကို ဗိုလ်ချုပ်ဟို့သ်က စေလွှတ်သည်။ ထိုတပ်မကြီး၏ တာဝန်မှာ အရှေ့ဘက်စူးစူးကို တိုက်ခိုက်၍ စတာလင်ဂရက် ချိုင့်ဝှမ်းဘက်သို့ လမ်းကြားတစ်ခုဖြတ်ထွင်ပြီးလျှင် ပေါလပ်နှင့် သူ၏ ၂၇၀၀၀၀သော

စစ်သည်များကို ကယ်တင်ရန် ဖြစ်သည်။ ယင်းစစ်ကူတပ်မကြီးက ပေါလပ်၏စစ်ကြောင်းများမှ မိုင်နှစ်ဆယ်အကွာသို့ မရောက်မချင်း အမှတ် ၆ တပ်တော်က တပ်မကြီးဘက်သို့ ထိုးစစ်မဆင်ရန်လည်း ညှိနှိုင်းထားကြလေသည်။

ထိုမျှော်လင့်ချက်ထက် ပို၍အချည်းနှီးဖြစ်သော မျှော်လင့်ချက်ကား မရှိချေ။ စစ်ကူသွားသော တပ်မကြီးသည် တပ်ချင်း စဆုံရန် သတ်မှတ်ထားသော နယ်မြေသို့မရောက်မီ ၃၅ မိုင်ကွာ၌ ''ဝါတာလူး တိုက်ပွဲ''မျိုးနှင့် ကြုံရလေသည်။ စစ်သမိုင်းတွင် မထင်ရှားသော အက်စကေးခေါ် ဒွန်းမြစ်၏ မြစ်လက်တက်တစ်ခုဖြစ်သည့် မြစ်ငယ် တစ်စင်း ရှိလေသည်။ ထိုမြစ်ငယ်၏ ကမ်းပါးတစ်လျှောက်၌ စတာလင် ဂရက်အတွက် နောက်ဆုံးနှင့် အပြီးသတ် တိုက်ပွဲသည်ဖြစ်၏။ ဂျာမန် တို့၏မြေပုံများတွင် ''မီးရထား အလုပ်သမားတို့၏တဲ''ဟု ခေါ်တွင်သည့် မထင်ရှားသော နေရာတစ်နေရာ၌ အင်အားပိုမိုကြီးမားသော တပ်နီများ သည် ဂျာမန်စစ်ကူတပ်မကြီးကို ညှပ်ပူးညှပ်ပိတ် ထုနှက်ခြင်း၊ ခွဲဖြာ ချေဖျက်ခြင်း ပြုလေတော့သည်။

ဤသို့ ဝင့်ကြွားလှသော ဂျာမန်အမှတ် ၆ တပ်တော်သည် စတေးခံရသော စစ်သည်များ၏ တပ်ဖွဲ့အဖြစ်သို့ ပြောင်းလေတော့၏။ စစ်သည်များကား မျှော်လင့်မြဲ မျှော်လင့်နေကြသေး၏။ သူတို့အား ဘာကိုမျှ မသိရလေအောင် သတင်းမှောင်ချထား၏။ နောင်ကျရောက် မည့် သူတို့၏အဖြစ်သည် ခါးသီးသော အဖြစ်မှန်ကို နောက်ကျစွာတွေ့ရှိ လာကြခြင်း၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ ဝေဒနာများကို ထွန့်ထွန့်လူးအောင် ခံစားကြရခြင်း၊ သိမ်နုပ်မှု၊ လက်လျှော့မှု၊ သေဆုံးမှုတို့ကို တဖြည်းဖြည်း ချီတက်ကာ အကြီးအကျယ် ဒုက္ခရောက်ကြရခြင်း စသည်များကို

တွေ့ကြုံခံစားရလေသည်။

၁၉၄၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ရုရှားတို့သည် ပေါလပ်ကို ဖမ်းဆီးမိကြလေသည်။ ထင်ရှားကျော်စောခဲ့သော တပ်တော် အမှတ် ၆ ၏ လက်ကျန်တပ်များသည် ဇော်မွတ်ခေါင်းပါး၍ အညှံ့ခံကာ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် လက်နက်ချကြလေသည်။ စစ်သည်တော် တချို့သည် စစ်သုံ့ပန်းအဖြစ် နှစ်ပေါင်းများစွာ နေခဲ့ကြရပြီးမှ အိမ်ပြန် ရောက်ကြ၏။ မြောက်မြားလှစွာသော စစ်သည်တို့မှာမူ သေကျေပျက်စီး ခဲ့၏။ ဟစ်တလာက "ငါကိုယ်တိုင် အနာဆုံးခံရသော အချက်သည် ပေါလပ်အား စစ်သေနာပတိတစ်ယောက်အဖြစ် ခန့်ထားမိခဲ့ခြင်း ဖြစ် သည်။ ပေါလပ်ကဲ့သို့သော လူတစ်ဦးသည် အခြားသော လူပေါင်း အမြောက်အမြား၏ ရဲစွမ်းသတ္တိကို နောက်ဆုံးတွင် ညစ်ပေညှိုးနွမ်းအောင် လုပ်လိုက်သည်ဟု ပြောခဲ့၏။

စစ်သမိုင်းတစ်လျှောက်လုံးတွင် တပ်မတော်တစ်ခု၏ မကြုံစဖူး ရှက်စရာအကောင်းဆုံးဖြစ်သော၊ ရယ်စရာအကောင်းဆုံးလည်း ဖြစ်သော စစ်မြေပြင်တစ်ခုအကြောင်းကို ဖော်ပြခဲ့ပေပြီ။ ထို့ကြောင့် မိမိကိုယ်တိုင် သစ္စာအဖောက်ခံရသည်ဟု သိရှိကြသော စစ်သည်များ၏ တွေးပုံခေါ်ပုံ စိတ်ကူးပုံများဘက်ဆီသို့ ယခု ဦးလှည့်ကြပါဦးစို့။

စစ်သည်တို့၏ နောက်ဆုံးရေး ဤစာများသည် ဖြစ်တောင့် ဖြစ်ခဲ ဖော်ထုတ်မှုကြီးတစ်ခုဖြစ်၏။ ဤစာများသည် ကျွန်ုပ်တို့အဖို့ စစ်မြေပြင်ရောက် စစ်သည်တို့တွင် ယင်းတို့၏ အဆိုးရွားဆုံးအချိန်၌ မည်ကဲ့သို့သော စိတ်နေစိတ်ထားမျိုးရှိသည်ကို ဖွင့်လှစ်ပြ၏။ ပတ်ဝန်း ကျင်တစ်ခုလုံး ပိတ်ဖုံးနေသော မှောင်အတွင်းတွင် အထူးနူးညံ့သိမ်မွေ့ သော စိတ်ထားကလေးမျိုးလည်း ရှိသေး၏။ စာရေးသူများသည်

ဂျာမန်လူမျိုးများဖြစ်၍ ထိုစဉ်အခါက ကျွန်ုပ်တို့၏ ရန်သူများ ဖြစ်၏။ သို့သော်လည်း အဘယ်သူသည် ဤစာများကို ဖတ်၍ ဖတ်၍ ထိုသူများ အတွက် မငိုဘဲ နေနိုင်ပါအံ့နည်း။ ။

အက်စ်၊ အယ်လ်၊ အေမာရှယ်
ဗိုလ်မှူးချုပ် (အငြိမ်းစား)
အမေရိကန်ပြည်ထောင်စု အရန်ကြည်းတပ်

# မှတ်ချက်

ရှေ့တွင် ဆက်လက်ဖတ်ရှုရမည့် စာတိုစာစများကို ၁၉၅၇ ခုနှစ်တွင် ဂျာမနီပြည်၌ ပုံနှိပ်ထုတ်ဝေသည်။ ထိုထုတ်ဝေသော စာအုပ်တွင် မှတ်ချက်အနေဖြင့် အောက်ပါစာပိုဒ်များ ပါရှိသည်။

ဤစာများ၏ ကံကြမ္မာအကြောင်းကို စုံစုံလင်လင်ရေးရလျှင် စိတ်ကူးယဉ်ပုံပြင်တစ်ခုပမာ ဆန်းကြယ်လှသည့် နာဇီဂျာမန်တို့၏ ဖွဲ့စည်းရေး၊ စည်းရုံးရေးအကြောင်းကို ရေးပြောနေသကဲ့သို့ ဖြစ်လိမ့်မည်။ ဆင်ဆာလုပ်ခြင်း၊ အရာရာကို လိုက်လံထောက်လှမ်းခြင်း စိစစ်ခြင်း၊ စာရွက်စာတမ်း အထောက်အထားများတွင် စိတ်အားထက်သန်ခြင်းတို့ကို အရှုံးအမှုး အလွန်အကျွံ လုပ်လေ့လုပ်ထရှိသော စစ်ဗျူရိုကရေစီနှင့် ပါတီဗျူရိုကရေစီတို့အကြောင်း ဖြစ်နေဖေလိမ့်မည်။ ဤစာများသည် စတာလင်ဂရက်ထောင်ချောက်ထဲမှ လေကြောင်းဖြင့် အပြင်သို့ သယ်ယူသွားခြင်းခံရသောနေ့မှစ၍ ရုံးဌာနအမြောက်အများကို တစ်ရုံးပြီးတစ်ရုံး၊

တစ်ဌာနပြီးတစ်ဌာန အဆင့်ဆင့်ဖြတ်သန်းခဲ့ရ၏။ စစ်သည်များ၏ စိတ်ဓာတ်အခြေအနေကို ခန့်မှန်းချင့်ချိန်နိုင်ရန်အတွက် ဤစာများကို အသုံးချရပေမည်။

ဤစာများကို သိမ်းယူထားရမည်ဟု ဟစ်တလာ၏ ဌာနချုပ်မှ အမိန့်တစ်ရပ် ဆင့်ဆိုလေသည်။ ဤအမိန့်သည် ဂျာမန်ကြည်းတပ်ဌာနချုပ်သို့ ရောက်ရှိပြီးလျှင် ထိုမှတစ်ဖန် ကြည်းတပ်စာပို့ဌာန ဗဟိုဆင်ဆာရုံးသို့ ရောက်လေသည်။ ၁၉၄၃ ခုနှစ်၊ ဇန်နဝါရီလထဲတွင် စတာလင်ဂရက်မှ နောက်ဆုံးထွက်သော လေယာဉ်သည် နိုဗိုချာကပ်သို့ ရောက်ရှိလာသောအခါ အာဏာပိုင်များသည် စစ်သည်များ၏ စာခုနစ်အိတ်ကို ဆီး၍သိမ်းယူကြသည်။ စာအိတ်များကိုဖွင့်၍ ရေးပို့သူများ၏ အမည်နှင့် လိပ်စာများကို ဖျက်ဆီးပြီးလျှင် စာသားများနှင့် ခံစားမှုကို ဖော်ကျူးရေးသားသည့် အဖွဲ့အနွဲ့များအလိုက် အမျိုးမျိုးအစားစားခွဲလျက် အထုပ်များအဖြစ် ချည်နှောင်ကာ ကြည်းတပ်ဌာနချုပ်သို့ ပို့၏။ ကြည်းတပ်ပြန်ကြားရေးဌာနက ထိုစာအုပ်များကို စိစစ်ကာ စစ်သည်တို့၏စိတ်ဓာတ်အခြေအနေနှင့် ပတ်သက်၍ အောက်ပါအတိုင်း ခွဲခြားဖော်ပြထားပေသည်။

(က) ခေါင်းဆောင်ပိုင်းကို ယုံကြည်ထောက်ခံသော သဘောရှိသောသူ ၂ ဒသမ ၁ ရာခိုင်နှုန်း

(ခ) ခေါင်းဆောင်ပိုင်းကို သံသယရှိသော သဘောရှိသူ ၄ ဒသမ ၄ ရာခိုင်နှုန်း

(ဂ) ခေါင်းဆောင်ပိုင်းကို မယုံကြည် မထောက်ခံသော သဘောရှိသူ ၅၇ ဒသမ ၄ ရာခိုင်နှုန်း

ရှမ်းတောင်စာပေ

(ဃ) ကိုယ်ထိလက်ရောက် ထထကြွကြွ ဆန့်ကျင်သူ
၃ ဒသမ ၁ ရာခိုင်နှုန်း

(င) စိတ်မဝင်စားသူ ၃၃ ဒသမ ၁ ရာခိုင်နှုန်း

ဤစာများသည် ဤသို့အစစ်အဆေး အမှတ်အသားခံရပြီး နောက် ဟစ်တလာ၏ အမိန့်များ၊ စစ်မြေပြင်အမိန့်များ စစ်ဆင်ရေး သတင်းပို့ချက်များ၊ ရေဒီယိုသတင်းပို့ချက်များစသည့် စတာလင်ဂရက်မှ ရောက်ရှိလာသော အခြားစာရွက်စာတမ်းများ (စက္ကူ အလေးချိန် စုစုပေါင်း ပေါင် ၁၁၀၀)နှင့်အတူ ကြည်းတပ်စစ်သတင်းဆိုင်ရာ ဌာန လက်ထဲသို့ ရောက်ရပြန်၏။ ထိုဌာနက စာရွက်စာတမ်း အထောက် အထားများနှင့် စတာလင်ဂရက်တိုက်ပွဲသမိုင်းကို ပြုစုရန်ဖြစ်သည်။ ဂျာမန်စစ်အာဏာပိုင်တို့သည် ယင်းသမိုင်း၌ မိမိတို့မှာ အပြစ်တင်ခံရခြင်း မှ ကင်းလွတ်နေကြလိမ့်မည်ဟု မျှော်လင့်နေကြသည်။ သို့သော် ထွက်လာ သော သမိုင်းစာအုပ်၏ အရေးအသား၊ အသုံးအနှုန်းမှာမူ အများမရှိနိုင် လောက်အောင် ရှင်းရှင်းနှင့်ဘွင်းဘွင်း ကျလွန်းနေသည်။ ထို့ကြောင့်ပင် ထိုသမိုင်းစာအုပ်သည် အပိတ်ခံရလေ၏။

ဤစာအုပ်သည် ''ဂျာမန်လူမျိုးအဖို့ လက်မခံနိုင်''သော စာအုပ် ဖြစ်သည်ဟု ရိုးဘဲလ်က ဆုံးဖြတ်၏။ (''လက်မခံနိုင်''ဟူသော စကား လုံး၏ တိုက်ရိုက်အဓိပ္ပာယ်မှာ ''မခံမရပ်နိုင်''ဟူသော အဓိပ္ပာယ်ကို ဆောင်နေပေ၏။ နာဇီတို့၏ တွေးပုံ၊ ရေးပုံ၊ ပြောပုံအရ ''လက်စတုံး ချောက်ဖျက်အပ်သော''ဟု အနက်သဘောရှိသည်။ ဂျူးလူမျိုးများလည်း ဂျာမန်တို့ ''မခံမရပ်နိုင်သော''လူမျိုးဖြစ်၏။)

ဤစာများ၏ မိတ္တူမှန်များသည် ပို့စ်ဒမ်မြို့ရှိ ကြည်းတပ် စစ်မော်

ဘွန်းတိုက်သို့ နောက်ဆုံးရောက်ရှိလာကြ၏။ ထိုမှတစ်ဖန် ဘာလင်မြို့တော်မကျမီ ရက်အနည်းငယ်ခန့်က နောင်လာနောက်သားတို့အတွက် လုံခြုံရာသို့ ရွှေ့ပြောင်းထားခြင်း ခံရလေသည်။

သင်သည် စစ်မြေပြင်ရောက် နာဇီစစ်သားတစ်ယောက် အနေဖြင့် -

- မုချမသွေ စစ်အောင်ရပေမည်ဟူသော ရည်ရွယ်လျက် စစ်မက်ရေးရာ ပြင်ဆင်မှု ပြည့်စုံစွာ ပြင်ဆင်စီမံထားသော်လည်း ဝက်ဝက်ကွဲမျှသော အရှုံးနှင့် ရင်ဆိုင်ပြီး မိမိကိုယ်ကို အစတေးခံရပြားအံ့၊
- စစ်ကူလည်း မရောက်နိုင်အောင် ပတ်ပတ်လည်တွင် ရန်သူတို့၏ အဝိုင်းခံနေရသော ၁၉၄၃ခုနှစ် စောစောပိုင်းတွင် စတာလင်ဂရက်အတွင်း၌ သင့်အား စွန့်ပစ်ထားခဲ့ပြားအံ့။
- ထိုသို့ စွန့်ပစ်ခံနေရသော အချိန်၌ ရေခဲပြင်တွင် အစာငတ်လျက် သေခြင်းနှင့် မုချရင်ဆိုင်ရတော့မည့် အချိန်အခါ၊ အခြေအနေ၌ ဖြစ်နေပြားအံ့။

ထိုထိုသော နောက်ဆုံးအခြေအနေတွင် သင့်အား အိမ်သို့ နောက်ဆုံးအနေနှင့် စာရေးခွင့်ပြုခဲ့လျှင်-

- သင် ဘယ်သူ့ထံ ရေးမည်နည်း။
- သင် ဘာတွေရေးမည်နည်း။

- သင် သေရတော့မည်ကို သိလာသောအခါ သင့်စိတ်ထဲတွင် ဘာတွေကို တွေးတောစိတ်ကူးမည်နည်း။

ဤစာအုပ်ပါ ပေးစာများကိုဖတ်ပြီး သင်မငိုဘဲ နေနိုင်ပါမည်လား။ ဤစာအုပ်သည် စတာလင်ဂရက်တွင် ပိတ်မိနေသော ဂျာမန်တပ်တော်အမှတ် ၆ မှ စစ်သည်တော် သုံးဆယ့်ကိုးယောက်တို့ထံမှ နောက်ဆုံးရေးသားသည့် စာများပင်ဖြစ်ပေသည်။ ထိုစာများကို စတာလင်ဂရက်မှ နောက်ဆုံး လေယာဉ်ဖြင့် သယ်ယူခဲ့ရလေသည်။ ထိုစာများကို ဖတ်ခြင်းဖြင့် ဘဝ၏သဘောအဓိပ္ပာယ်၊ သေခြင်းတရား၏ သဘောအဓိပ္ပာယ်၊ စစ်၏သဘော အဓိပ္ပာယ်တို့ကို ကြက်သီး တဖြန်းဖြန်းဖြင့် တွေ့မြင်သိရှိလာနိုင်ပေသည်။

**ချီကာဂိုသမာဓိ သတင်းစာမှ**

ဤစာအုပ်တွင် တန်ဆာမဆင်ယင်ဘဲ ဘဝ၏ ရက်စက်သော အခြေခံတရား၊ ဒုက္ခ၊ ဒေါမနဿ၊ မရဏဆိုသည်တို့ကို ပကတိရိုးသားစွာ မှတ်တမ်း တင်ထားလေသည်။ ဤမှတ်တမ်းများသည် လူသားတို့အဖို့ ဆင်းရဲခြင်းအမှန်တရားဟူသော ဒုက္ခသစ္စာ မဏ္ဍိုင်ကြီးတစ်ခု အဖြစ်တွင်ကျန်ရစ်နေမည်သာ ဖြစ်သည်။

ရှုမ်းတောင်စာပေ

မေ့ပျောက်ခြင်းငှာ မစွမ်းနိုင်သော စာအုပ်တစ်အုပ် ဖြစ်ပေသည်။

တူလ်စ်ကမ္ဘာ့စာစောင်မှ

ဘဝ၏ သဘောအဓိပ္ပာယ်ကို အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် ရိုးသားမှု အခြေခံကာ ပီပီပြင်ပြင် ဖော်ပြထားသော စာအုပ်တစ်အုပ်ဖြစ်သည့်အလျောက် ဖတ်လျှင် ရင်ကွဲစေမည့် စာအုပ်တစ်အုပ် ဖြစ်သည်။

နယူး ယောကား သတင်းစာမှ

ရွှေသဂေါင်စာပေ

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | အချီး | |
| | မှတ်ချက် | |
| ၁။ | သူငယ်ချင်းသို့ | ၂၃ |
| ၂။ | ချစ်သူထံပေးစာ | ၂၇ |
| ၃။ | ချစ်ဇနီးမာဂရက်သို့ | ၃၀ |
| ၄။ | သူငယ်ချင်း နိုင်ငံရေးသမားသို့ | ၃၇ |
| ၅။ | အသေခံမည့်သူထံမှ ချစ်ဇနီးသို့ | ၄၁ |
| ၆။ | သူငယ်ချင်းသို့ | ၄၅ |
| ၇။ | မိမိကိုယ်ကို သတ်သေမည့်သူထံမှ ချစ်ဇနီးသို့ | ၄၉ |
| ၈။ | ဘွားဘွား၏ မွေးနေ့အကြောင်း | ၅၃ |
| ၉။ | ချစ်ဇနီးသို့ | ၅၇ |
| ၁၀။ | မိမိကိုယ်ကို သတ်သေမည်ဟု ဆုံးဖြတ်ထားသူထံမှ ချစ်ဇနီးသို့ | ၆၁ |
| ၁၁။ | စစ်ရေး စစ်ရာကို ဝေဖန်ခြင်း | ၆၅ |
| ၁၂။ | ချစ်ဇနီးဂရိတာသို့ | ၆၉ |
| ၁၃။ | ခရစ္စမတ်နှင့် ပတ်သက်၍ ချစ်ဇနီးသို့ | ၇၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄။ | ဇနီးနှင့် သားသမီးများသို့ | ၇၅ |
| ၁၅။ | ဘာသာရေးနှင့် ပတ်သက်၍ ချစ်သူသို့ ပေးစာ | ၇၉ |
| ၁၆။ | သား ... သင်းအုပ်ဆရာမှ မိဘများထံ ပေးစာ | ၈၃ |
| ၁၇။ | ဖခင်သင်းအုပ်ဆရာသို့ ဝစ်မြေဝခန်းမှ သား၏ပေးစာ | ၈၉ |
| ၁၈။ | ရှေ့တန်းစစ်မျက်နှာမှ သူငယ်ချင်းအရာရှိသို့ ပေးစာ | ၉၃ |
| ၁၉။ | ချစ်ဇနီးသို့ | ၉၉ |
| ၂၀။ | အိမ်၌ ကျန်ရစ်ခဲ့သည့် သားသမီးနှစ်ယောက်နှင့် ဇနီးအား နောက်အိမ်ထောင်ပြုရန် ပေးစာ | ၁၀၀ |
| ၂၁။ | ချစ်ဇနီးသို့ | ၁၀၇ |
| ၂၂။ | ချစ်ဇနီးသို့ | ၁၀၉ |
| ၂၃။ | သူငယ်ချင်းသို့ | ၁၁၀ |
| ၂၄။ | သစ္စာမဲ့သော ဇနီးသို့ | ၁၁၅ |
| ၂၅။ | ချစ်သမီးသို့ | ၁၁၉ |
| ၂၆။ | ချစ်သောမာရီယာသို့ | ၁၂၃ |
| ၂၇။ | ချစ်ဇနီးသို့ | ၁၂၅ |

| အခန်း | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၂၈။ | ကိုယ်အင်္ဂါချို့ယွင်းသွားပြီဖြစ်သော<br>ရဲဘော်ထံမှ ချစ်ဇနီးသို့ | ၁၂၇ |
| ၂၉။ | ဥယျာဉ်လုပ်ခဲ့ဖူးသည့်<br>ရဲဘော်ထံမှပေးစာ | ၁၃၁ |
| ၃၀။ | ချစ်သားရဲဘော်ထံမှ<br>ဖခင်ဗိုလ်ချုပ်ကြီးသို့ | ၁၃၅ |
| ၃၁။ | တမိတ်ဆွေသို့ | ၁၃၉ |
| ၃၂။ | မိသားစုတစ်စုမှ တစ်ဦးတည်းသော<br>အသက်ရှင်နေသူထံမှ ဦးလေးသို့ | ၁၄၃ |
| ၃၃။ | လေးစားအပ်သော မိတ်ဆွေကြီး<br>ဂေဟိမ်ရုတ်သို့ | ၁၄၇ |
| ၃၄။ | နှစ်လမျှသာ မယားအဖြစ်<br>ပေါင်းသင်းခဲ့ရသေးသည့် ချစ်ဇနီးသို့ | ၁၅၃ |
| ၃၅။ | သူငယ်ချင်းသို့ | ၁၅၅ |
| ၃၆။ | အညတရစစ်သည်တော်ထံ<br>တရေးလေ့ရှိသူ မဂ္ဂအောဒီသို့ | ၁၆၁ |
| ၃၇။ | မယားနှစ်ယောက်နှင့် ဗျာများနေသူထံမှ<br>မယားကြီးထံသို့ | ၁၆၅ |
| ၃၈။ | ချစ်ဇနီးသို့ | ၁၇၁ |
| ၃၉။ | ချစ်သားရဲဘော်ထံမှ<br>ဖခင်ဗိုလ်မှူးကြီးသို့ | ၁၇၅ |



[၁]

**သူငယ်ချင်းသို့—**

ကိုယ့်ဘဝဟာ ဘယ်လိုမှ ပြောင်းလဲခြင်းမရှိဘူး။ အခုလည်း အရင်ဆယ်နှစ်တုန်းက အတိုင်းပဲ။ ကြယ်တွေက ကိုယ့်ကို ချီးကျူးသြဘာ ပေးလာပြုကြပါတယ်။ လူတွေကတော့ ကွင်းကြရှောင်ကြတယ်။ ကိုယ့်မှာ မိတ်ရယ်ဆွေရယ်လို့ မရှိတော့ဘူး။ အဲလေ… မင်းလည်း သိသားပဲဟာ။ သူတို့တစ်တွေဟာ ဘယ်လိုမှ အကြောင်းအကျိုး၊ အကောင်းအဆိုး ဆက်သက်စရာ မရှိတော့ဘူး မဟုတ်လား။

ကိုယ့်မှာတော့ မှန်ပြောင်းအနားမှာထိုင်ပြီး ကောင်းကင်ကြီးနဲ့ ကြယ်တာရာနက္ခတ် လောကဓာတ်ကြီးကို ကြည့်နေရတဲ့အခါ စိတ်ချမ်းသာတယ်။ ကြယ်တွေနဲ့ ထင်သလို ကစားခွင့်ရတဲ့ကလေးလို ပျော်တယ်။

မောင်ရီကာရေ… မင်းဟာ ကိုယ်ရဲ့အချစ်ဆုံး၊ ကိုယ့်အပေါ်မှာ အကောင်းဆုံး သူငယ်ချင်းပဲ။ တကယ်ပါပဲကွာ… မင်းစာကို စိတ်ရင်း အမှန်အတိုင်း ဖတ်ရတာပါ။ ခုအချိန်အခါမျိုးဟာ ပြောင်နောက်ရေးဖို့ အချိန်မဟုတ်ပါဘူး။ မင့်ထံကို ဒီစာရောက်ဖို့ဟာ နှစ်ပတ်ကြာဦးမယ်။ အဲဒီအခါ ဒီမှာ ဘာတွေဖြစ်ကုန်ပြီဆိုတာ သတင်းစာတွေထဲမှာ မင်း ဖတ်ပြီးသား ဖြစ်နေရောပေါ့။ ဒါတွေကိုလည်း သိပ်ပြီးစဉ်းစားမနေလေနဲ့။ လက်တွေ့ကျတော့ အခြေအနေဟာ တစ်မျိုးတစ်မည် ဖြစ်လာမှာကြောင့် ပါ။

ဖြူးဖြူးဖြောင့်ဖြောင့်၊ အခြေအနေ နေသားတကျဖြစ်ဖို့ကတော့ တခြားလူတွေရဲ့ အပူအပင်လို့ပဲ သဘောထားလိုက် ကိုယ်တို့အတွက် တော့ သူတို့တစ်တွေဟာ ဘာတွေလဲ…။

ကိုယ်တော့ စဉ်းစားတဲ့အခါ အလင်းရောင်နှစ်များနဲ့ ချိပြီးတော့ စဉ်းစားလေ့ရှိတယ်။ အဲ… ခံစားရတဲ့ ဝေဒနာကတော့ စက္ကန့်အလိုက် ခံစားရတယ်။

ဒီမှာ နေနေရသမျှလည်း ရာသီဉတုနဲ့ နပန်းလုံးပြီး အလုပ် လုပ်နေရတယ်။ ကိုယ်နဲ့အတူ လုပ်ဖော်ကိုင်ဖက်ကတော့ သုံးယောက် ရှိတယ်။ အခု အခြေအနေအတိုင်းသာ ရှေ့ဆက်နေမယ်ဆိုရင် ကိုယ်တို့ အဖို့ ဖြစ်သလိုနေနိုင်ပါတယ်။ ကိုယ်တို့လုပ်ရတဲ့ အလုပ်ကတော့ ခပ် လွယ်လွယ်ပါပဲ။ အပူချိန်၊ အအေးချိန်နဲ့ ရေငွေ့ ဘယ်လွှေဘယ်လောက် ရှိတယ်ဆိုတာ တိုင်းရတဲ့အလုပ်ရယ်၊ တိမ်ခိုးတိမ်တိုက် ဘယ်လိုဖုံးပြီး ဘယ်လောက်မြင်ကွင်းရှိတယ်၊ မြင်နိုင်တယ်ဆိုတဲ့အကြောင်း အစီရင်ခံ ရတဲ့ အလုပ်ပါပဲ။

ကိုယ် အခုရေးလိုက်တာကို တချို့ဗျူရိုကရက်အရာရှိဆိုးတွေ ဖတ်လိုက်ရရင် တက်သွားကြလိမ့်မယ် ထင်တယ်။ စစ်သတင်းလုံခြုံမှုကို ဖောက်ဖျက်တဲ့အပြစ်လို့ ဆိုကြမှာပေါ့။

မော်နီကာရေ… နှစ်ပေါင်းသန်းချီပြီးတည်နေတဲ့ ကြယ် နက္ခတ်တွေနဲ့ ကိုယ်တို့ဘဝ ယှဉ်ကြည့်လိုက်ရင် ကိုယ်တို့ဘဝဟာ ဘာမျှမပြောပလောက်ပါကလား …

အခုလို အင်မတန် သာယာလှတဲ့ ညအချိန်မှာ အင်ဒရိုမီဒါနဲ့ ပေဂဆပ်နက္ခတ်တာရာတွေဟာ ကိုယ့်ခေါင်းပေါ် တည့်တည့် ရောက်နေတယ်။ ကိုယ်လေ… ဒီကြယ်နက္ခတ်တွေကို အကြာကြီး ကြည့်နေမိတယ်။ မကြာမီပဲ သူတို့နဲ့ကိုယ်ဟာ နီးရတော့မယ် ထင်ပါရဲ့။

ကိုယ့်ရဲ့ စိတ်နှလုံးငြိမ်းအေးမှုနဲ့ ကျေနပ်ရောင့်ရဲမှုတို့ဟာ ကြယ်တွေကြောင့်ပဲ ဆိုရမယ်။ အဲဒီကြယ်တွေထဲမှာ မော်နီကာရေ မင်းကတော့ အလှဆုံး ကြယ်တစ်ပွင့်ပဲပေါ့။

ကြယ်တွေရဲ့သက်တမ်းဟာ အဆုံးအစမရှိသလို လူတွေရဲ့ ဘဝကတော့ အနန္တလောကဓာတ် စကြဝဠာကြီးအတွင်းမှာ မြူမှုန် ဖုန်တစ်မှုန်စာ ဆိုသလောက်ပဲရှိတယ်။

ကိုယ့်ရဲ့ ပတ်ပတ်လည်ဝိုင်း အရာရာတိုင်းဟာလည်း ကျဆင်းဆုံးရှုံးနေတယ်။ တပ်မတော်တစ်ခုလုံးဟာ လဲကျလိုက်၊ သေလိုက်ပဲ။ နေ့ရောညပါ တစ်ရံမစဲ တစ်ပစ်တည်း ပစ်ခတ်နေကြရတယ်။ ကိုယ်တို့လေးယောက်ကတော့ အပူအအေးချိန်အကြောင်း တိမ်တိုက်တွေရဲ့ အနေအထားအကြောင်းတွေ အစီရင်ခံရတာနဲ့ အလုပ်များနေကြတာပဲ။

ကိုယ်ဟာလေ စစ်ဆိုတဲ့အကြောင်း ထူးထူးထွေထွေ မသိပါဘူး။ ဘယ်သူ တစ်ဦးတစ်ယောက်တလေမှလည်း ကိုယ့်လက်ချက်နဲ့ သေရ

တယ်လို့ မရှိခဲ့ပါဘူး။ ကိုယ့်ရဲ့ ပစ္စတိုသေနတ်နဲ့တောင် ကျည်ဆန်ထိပ်ဖူး ပါတဲ့ ယမ်းတောင့်ကို ဘယ်တုန်းကမှ ထည့်မပစ်ဖူးပါဘူး။

ဒါထက်… ဟိုတစ်ဖက်မှာ အထက်ပိုင်းက သူတို့ လက်အောက်ငယ်သားတွေကို တို့ဆီမှာလို ပစ်စလက်ခတ်မထားဘူး ဆိုတာတော့ ကိုယ်တို့ သေသေချာချာသိရတယ်။

ကိုယ်လေ… ဒီကြယ်နက္ခတ်တွေကို နှစ်ပေါင်းများစွာ ရေတွက်ပြီးနေချင်သေးတယ်။ ဒါပေမဲ့ အခု အခြေအနေအတိုင်းဆိုရင် ဖြစ်နိုင်တော့မှာ မဟုတ်ပါဘူးလေ…။ ။

ရှုပ်ကောင်စာပေ

[၂]

## ချစ်သူထံ ပေးစာ

ကိုယ်လေ… အချစ်ရဲ့ဓာတ်ပုံကို ထုတ်ထုတ်ပြီး ကြည့်နေမိတယ်။

ငြိမ်းချမ်းတဲ့ကာလ၊ မနှစ်တုန်းက အင်မတန်ကြည်နူးဖွယ်ကောင်းတဲ့ နွေရာသီ တစ်ညနေခင်းမှာ ကိုယ်တို့အိမ်ဘက်ကို ပန်းပေါင်းစုံဝေဝေဆာဆာဖူးပွင့်တဲ့ လျှိုတစ်လျှောက် ဖြတ်ပြီးအလာမှာ အချစ်နဲ့ကိုယ် ခံစားခဲ့ရတဲ့ ကြည်နူးနှစ်သိမ့်မှု အတွေ့အကြုံကို ပြန်ပြီးသတိရမိတယ်။ ကိုယ်တို့ဟာ တစ်ယောက်နဲ့တစ်ယောက် ပထမဦးဆုံး တွေ့ရတုန်းက အသည်းနှလုံးကလာတဲ့ အသံနဲ့ စကားပြောခဲ့ကြတယ်။ နောက်တော့ အချစ်ရည်လျှမ်း ပီတိလွှမ်းတဲ့အသံတွေနဲ့ ပြောကြတယ်။

တခြားအကြောင်းတွေ ဘာမှမပါဘဲ ကိုယ်တို့ရဲ့အကြောင်းကို ကိုယ်တို့ ပြောမဆုံးဖြစ်ခဲ့ကြတယ်။ ကိုယ်တို့ရှေ့မှာ ရောင်စုံကော်ဇော

ကြီးခင်းထားသည့်အလား… ပန်းခင်းများကို ပုံပမာပြုပြီး ကိုယ်တို့ အနာဂတ်အရေးကို ဆွေးနွေးတိုင်ပင်ခဲ့ကြတယ်။

အခုတော့… ဒီမှာ ပြိုးပြိုးပြက်ပြက် ရောင်စုံယှက်နေတဲ့ ကောဇောကြီးလည်း မရှိတော့ဘူး။ နွေရာသီ ညနေခင်းလည်း မရှိတော့ဘူး။ ဖူးပွင့်ဝေဆာ မာလာပန်းစုံ ပန်းရဂုံတော လျှိုတစ်ကြောလည်း မရှိတော့ဘူး။ ကိုယ်တို့လည်းပဲ အတူတူ မရှိကြတော့ဘူး။

အခုတော့… အချစ်ရေ ရောင်စုံယှက်သန်း ပန်းကမ္ဘလာကြီး အစား ဆီးနှင်းတွေနဲ့ဖွေးပြီး မျှော်မဆုံးနိုင်တဲ့ ရေခဲပြင်ကြီးတွေသာ ရှိနေတော့တယ်။ နွေရာသီလည်းမရှိ၊ ဆောင်းရာသီပဲ ရှိတော့တယ်။ ရှေ့ရေး အနာဂတ်ကာလဆိုတာလည်း မရှိ။ ကိုယ့်အတွက် အနာဂတ်ဆိုတာများတော့ ဘာဆိုဘာမှ မရှိတော့ဘူး။ ကိုယ့်အတွက် မရှိတော့ဘူးဆိုရင် အချစ်အတွက်လည်း မရှိတော့ဘူးပေါ့။ ။

ရှင်မတောင်စာပေ



[၃]

## ချစ်ဝနီး မာဂရက်သို့

မာဂရက်ရေ… စိတ်ဆင်းရဲစရာတွေကို မတွေးပါနဲ့လားကွယ်။ အချစ် စိတ်အေးချမ်းအောင်သာနေပါ။ အချစ်ရေးလိုက်တဲ့ စာတိုင်းမှာ ကိုယ့်ကို မကြာမီ အိမ်ပြန်ရောက်စေလိုတဲ့ဆန္ဒ ပြင်းပြနေတာကို ကိုယ် ခံစားရပါတယ်…။ အချစ်၊ တကယ်တော့ မိမိ ချစ်လင်သား တစ်ယောက် ကို မျှော်ကိုးစောင့်စားနေတယ်ဆိုတာဟာ ချစ်ဇနီးအဖို့တော့ ဆန်းပါဘူး။ ဒီလိုပဲ ဖြစ်ရမှာပေါ့ကွယ်။ ကိုယ်လည်းပဲ အချစ်ရဲ့ဆန္ဒကို ဖော်ပြရေးသား လိုက်လို့ ကိုယ့်မှာ အနှောင့်အယှက် မဖြစ်ပါဘူးကွယ်။ ဒါပေမဲ့ အချစ်ရေးလိုက်တဲ့ စာကြောင်းတွေထဲမှာ အချစ် ထုတ်ဖော်မပြ ထားတဲ့ ဆန္ဒတွေကို ကိုယ်သိရတော့ အဲဒီဆန္ဒကို ကိုယ်မဖြည့်နိုင်တဲ့ အတွက် စိတ်တော့ အနှောင့်အယှက်ဖြစ်မိတယ် မာဂရက်။

အချစ်ရေ… အချစ်ဟာ ကိုယ့်ကို ချစ်သူလင်သား တစ်ယောက်အနေနဲ့သာ မျှော်လင့်နေတာ မဟုတ်ဘဲ ကိုယ့်ရဲ့စန္ဒရား တီးသံလေးလည်း ကြားနေချင်တယ် မဟုတ်လား။ ကိုယ်သိပါတယ် အချစ်ရယ်။

စိတ်အဆင်းရဲဆုံးဖြစ်နေတဲ့ ကိုယ်ကတော့ ကံကြမ္မာဖန်တီးသမျှကို လက်ခံနိုင်ပါတယ်။ ကိုယ် အသက်ရှင်နေတာကို ကျေးဇူးတင်တဲ့ချစ်ဇနီးလေး… မာဂရက်ကတော့ မပျော်နိုင်သေးပဲ ကိုယ်တို့ တွေ့ဆုံနိုင်ရေးအတွက် ကံကြမ္မာရဲ့လှည့်စားမှုကို ခံနေရသေးတာကတော့ မဆန်းပေဘူးလား မာဂရက်ရယ်။

မာဂရက်ရေ…ဖြစ်ရပ်ကလေးတွေကတော့ သိပ်ဆန်းကြယ်လှတာပဲ။ ကိုယ်ဟာလေ စန္ဒရား မတီးနိုင်တော့ဘူး သိလား။ ဒါကြောင့်လည်း ကိုယ့်ဟာကိုယ် အပြစ်တင်နေမိတယ်။ အချစ်ကလည်း ကိုယ့်ရဲ့စန္ဒရားတီးသံကို ကြားနေချင်တယ် မဟုတ်လား။ တကယ်တော့ ဒါကိုကိုယ်မပြောလိုပါဘူး။ အချစ်က မေးလွန်းလို့သာ ပြောရတာပါ။

ကိုယ်တို့ရဲ့ အခြေအနေဟာ ထွက်ပေါက်တော့ မရှိဘူး။ အပြစ်လွတ်ဖို့ ဘာအကြောင်းပြချက်မှလည်းမရှိတဲ့ အခြေအနေမှာပဲ ဒီတော့ကံကြမ္မာ ဖန်တီးသမျှပဲပေါ့ကွယ်။ အချစ်နဲ့ကိုယ်တို့ တွေ့ဆုံကြရမယ့်အခွင့်အရေးကိုတော့ ကိုယ်ဟာ မမျှော်ဝံ့ဝံ့၊ မျှော်ဝံ့ဝံ့ပဲ။ ဒါကြောင့်ဒီစာကို အချစ်ရဲ့လက်ထဲ ရောက်စေချင်လှပါပြီ။

ကိုယ့်ရဲ့လက်ချောင်းတွေကတော့ ဒီဇင်ဘာလ အစလောက်ကတည်းက အအေးရဲ့ဒဏ်ကြောင့် ပျက်စီးကုန်ခဲ့ပြီ။ ကိုယ့်ရဲ့ ဘယ်ဘက်လက်သန်းလေးလည်း ပုတ်ကြွေခဲ့ပြီ၊ ဒါ့ထက်ဆိုးတာကတော့ ကိုယ့်ရဲ့ညာလက်ခလယ် သုံးချောင်းစလုံး မရှိတော့ဘူးလေ။ ဒါကြောင့်လည်းသောက်ရေခွက်ကိုတောင် လက်မနဲ့လက်သန်းကိုပဲ အားကိုးပြုပြီး ကိုင်နေ

ရတယ်။ ကိုယ်တော့ အားကိုးရာမဲ့ ဖြစ်နေပြီပေါ့။ လက်ချောင်းလေးတွေ ရှိတော့မှဘဲ လက်ချောင်းလေးတွေရဲ့ အသုံးဝင်ပုံလေးတွေ သူတို့ရဲ့ တန်ဖိုးတွေကို သိရတယ်။ ကိုယ့်မှာ ကျန်ရှိနေတဲ့ လက်သန်းလေးဟာ လည်း တခြားဘာမှမလုပ်နိုင်ဘဲ သေနတ်ပစ်ဖို့သာ အသုံးကျနေလေတော့ ကျန်တဲ့ သက်တမ်းတစ်လျှောက်မှာ သေနတ်ပဲ ပစ်နေရတော့မယ်ဆိုရင် လည်း မဟုတ်သေးဘူး။ တောစောင့်တော့ ဖြစ်နိုင်သေးရဲ့လို့ ကိုယ့်ဟာ ကိုယ် အားတင်းမျှော်လင့်မိတာပဲ။ ဒါဟာလည်း သေခါနီးပြောတဲ့ စကားလုံးလို ဖြစ်နေတယ်။ ကိုယ်ကတော့ ကိုယ့်စိတ် သက်သာငြိမ်းအေး အောင် တွေးပြီးရေးလိုက်တာပဲ။ နောင် ကိုယ်တို့ ပြန်လည်တွေ့ဆုံကြတဲ့ အခါမှာ အခုလို ကိုယ်တို့ရဲ့ ပျက်စီးဆုံးရှုံးနေတဲ့ ဖြစ်ရပ်တွေကို အချစ် မြင်တွေ့ရရင် မအံ့ဩရလေအောင် ခုကတည်းက အချစ်သိနှင့် ပြီးသား ဖြစ်သင့်တယ်ထင်လို့ ခုလိုရေးလိုက်ရတာပဲ။

မာဂရက်ရေ… ကပ်ပတန်ကေကို မှတ်မိသေးရဲ့လား။

လွန်ခဲ့တဲ့ တစ္စပတ်လောက်တုန်းက သူဟာ လမ်းလယ်မှာရှိ တဲ့ စန္ဒရားတစ်ခုကို တီးပြတယ်။ ဒီစန္ဒရားကြီးဟာလည်း သူ့ပိုင်ရှင်ရဲ့ အိမ်ကို ဗုံးဒဏ်မသင့်မီမှာ ဒီစန္ဒရားကြီးကို နေရာပြောင်းလွှန်းလို့ လမ်းလယ်မှာ ထုတ်ထားတာနဲ့ တူပါရဲ့။ အိမ်ကြီးကတော့ဖြင့် မရှိတော့ဘူးပေါ့။ ဒီလမ်း ကိုဖြတ်သွားသမျှ ရဲဘော်တိုင်းဟာ ဒီစန္ဒရားကြီးကို ဝင်ခေါက်ခေါက် သွားကြတယ်။ ဒါနဲ့ပဲ ဇန်နဝါရီလ ၄ရက်နေ့တုန်းက ကပ်ပတန်ကေဟာ ဒီစန္ဒရားကို တီးလိုက်တာ တီးကွက်တီးလုံးတော့ဖြင့် မပြောနိုင်အောင်ဘဲ ကောင်းလှတယ်ကွယ်။ သူတော့ မကြာမီ ရှေ့တန်းရောက်မှာပဲ။

စစ်အသုံးအနှုန်းဖြစ်တဲ့ "ရှေ့တန်း" ဆိုတာကို သုံးမိတာကိုတော့ ခွင့်လွှတ်နော်။ ကိုယ်တို့ဟာ စစ်ရဲ့အနှောင်အဖွဲ့၊ အရိပ်အငွေ့ထဲမှာ

ရွှေမင်းတောင်စာပေ

နေရ တော့လည်း စစ်အသုံးအနှုန်းကိုပဲ သုံးမိတာပေါ့ကွယ်။

တကယ်တော့ သူဟာ အနုပညာဂီတရဲ့ ရှေ့တန်းကိုရောက်မယ်လို့ ဆိုလိုတာပါ။ သူ အိမ်ပြန်ရောက်ပြီး မကြာခင် သူ့အကြောင်းကို ကိုယ်တို့ကြားရမှာပါပဲ။ သူ စန္ဒရားတီးနေတုန်းက ကိုယ်တွေ့မြင့်ရတဲ့ ပတ်ဝန်းကျင်ကိုတော့ဖြင့် မမေ့နိုင်တော့ဘူး မာဂရက်။ စစ်သည်တစ်ရာလောက်ဟာ ကုတ်အင်္ကျီရှည်ကိုဝတ်ပြီး ခေါင်းမှာ စောင်တွေအုပ်လို့ စန္ဒရားကြီးပတ်လည်မှာ ဝိုင်းပြီး ထိုင်နားထောင်နေကြတယ်။ ပတ်ဝန်းကျင်တစ်ခုလုံးကိုလည်း စန္ဒရားသံတစ်ခုတည်းက မင်းမူနေလေတယ်။

သို့သော် တခြားနေရာ ပတ်ဝန်းကျင်တွေမှာတော့ဖြင့် တိုက်ပွဲသံ၊ ပစ်ခတ်သံတွေကတော့ တညံညံပေါ့။ ဒါပေမဲ့ ကိုယ်တို့ ပတ်ဝန်းကျင်မှာတော့ မတုန်လှုပ်ဘဲ ကပ်ပဟန်ကေရဲ့ သာယာတဲ့ စန္ဒရားသံကိုပဲ နားထောင်နေကြတယ်။ သူတို့တစ်တွေဟာ ဗီသိုဗင်ရဲ့ဂီတကို အသေအချာ အရသာခံနားမလည်သည့်တိုင်အောင် စတာလင်ဂရက်မှာ နားထောင်နေကြတယ်။ ဒါတွေကို သေသေချာချာ ရေးနိုင်အောင် ကိုယ် စာရေးဆရာဖြစ်ချင်စမ်းပါဘိ အချစ်ရယ်။

ကဲ… အချစ်ရေ၊ ကိုယ်တို့ရဲ့ ဖြစ်ရပ်လေးတွေကို သိရလို့ အချစ်တော့ဖြင့် စိတ်သက်သာရာရကောင်းရဲ့လို့ ကိုယ်မျှော်လင့်တယ် ကွယ်။ ။



[၄]

## သူငယ်ချင်း နိုင်ငံစာရေးသမားသို့

**သူငယ်ချင်း ...**

မင်း စေတနာကောင်းနဲ့ အကြံဉာဏ် ပေးမနေပါနဲ့တော့ကွာ။ တို့တစ်တွေဟာ ဘယ်လိုအခြေအနေရောက်အောင် မင်းလုပ်နေတယ်ဆိုတာ သိဖို့ကောင်းတယ်။ ခုလို အခြေအနေမျိုးရောက်အောင်တော့ မလုပ်သင့်တော့ဘူး ထင်တယ်။ သူငယ်ချင်း ခုလိုကိစ္စတွေမှာ သူငယ်ချင်း ဘာလုပ်သင့်တယ်ဆိုတာ သူငယ်ချင်း အသိဆုံးပါ။ ကိုယ်နဲ့သူငယ်ချင်းဟာ သဘောထားအတူတူပဲဆိုတာလည်း သူငယ်ချင်း သိသားပဲ။ ကိုယ်တို့ဟာ ဘေးရန်မကင်းတာတွေတောင် ပြောဆိုခဲ့ကြသေးတယ်လေ။ ဒါပေမဲ့ ဒါတွေကို သူငယ်ချင်း ဘယ်တုန်းကမှ ရေးသားခြင်း မရှိခဲ့ဘူး။ သူငယ်ချင်းဟာ လူတွေကို အရူးလို့များ ထင်နေသလား သူငယ်ချင်း။

အခု ဒီစာကို ရေးခြင်းအားဖြင့်လည်း ကိုယ့်ကို ဘယ်လိုဘေး အန္တရာယ်မှ မပြုနိုင်ဘူးဆိုတာ ကိုယ်သိပါတယ်။ အကာအကွယ်ယူတဲ့ အနေနဲ့ ကိုယ့်ရဲ့လိပ်စာနဲ့ နာမည်ကိုလည်း မရေးဘဲထားခဲ့တယ်။ ဒီစာ ကိုလည်း ဆင်ဆာလုပ်ပြီးမှသာ သူငယ်ချင်းရမှာပါ။ ဒီစာကို ဘယ်သူ ဘယ်ဝါရေးတယ်ဆိုတာကို တစ်ယောက်တလေကများ သိတောင်မှ ကိုယ့်မှာ ဘာမှမဖြစ်နိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ စတာလင်ဂရက် ထက် လုံခြုံစိတ်ချရတဲ့နေရာ မရှိလို့ပါဘဲ။

မတိုက်ပါနဲ့၊ လက်နက်ချလိုက်ပါလို့ ပြောရတာ လွယ်ပါတယ်။ ကိုယ်တို့က လက်နက်ချတဲ့တိုင်အောင် ရုရှားတွေက ကိုယ်တို့ကို ချမ်းသာ ပေးမယ်လို့များ သူငယ်ချင်း ထင်သလား။ သူငယ်ချင်းဟာ အသိတရား ရှိသူ တစ်ယောက်ပါ။ ဒါကြောင့် ခဲယမ်းမီးကျောက်တွေ၊ စစ်ပစ္စည်းတွေ ထုတ်လုပ်ဖို့ ငြင်းဆန်ကြတာကို သူငယ်ချင်း တောင်းဆိုသင့်တယ်။ အခုတော့ မင်း ဘာကြောင့် မတောင်းဆိုသလဲ··· သူငယ်ချင်း။

အကြံကောင်း၊ ဉာဏ်ကောင်း ပေးဖို့ဆိုတာ လွယ်ပါတယ်။ ဒါပေမဲ့ သူငယ်ချင်းဖြစ်စေချင်သလို ဖြစ်ဖို့ဆိုတာတော့ဖြင့် မဖြစ်နိုင်ဘူး လေ။ တိုင်းပြည်တွေ၊ လူမျိုးတွေကို ကယ်တင်ဖို့၊ လွတ်လပ်ရေး ရစေဖို့ ဆိုတာတွေဟာ အဓိပ္ပာယ်မရှိတဲ့ စကားတွေပါ။ တိုင်းပြည်တွေ လူမျိုး တွေဟာ အရင်အတိုင်းရှိနေတာပဲ။ ဒီတိုင်းပြည်နဲ့လူမျိုးကို စိုးမိုးအုပ်ချုပ်သူ တွေသာ ပြောင်းပြောင်းသွားကြတာပါ။ ဘေးက ထိုင်ကြည့်နေသူတွေက သာ တိုင်းပြည်နဲ့လူမျိုးကို သူတို့ရဲ့ အုပ်ချုပ်သူ တွေလက်ထဲက ကယ်တင်ရမယ် ဆိုတာတွေကိုသာ ငြင်းခုံနေကြ တာပါ။

ပြုလုပ်သင့်တာကတော့ဖြင့် ၁၉၃၂ ခုနှစ်ကတည်းက လုပ်သင့် တာပဲ။ ဒါကို သူငယ်ချင်း အသိဆုံးပါ။ သို့သော် အချိန်ကတော့

လွန်ခဲ့ပြီပေါ့။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက မဲနဲ့ ဖြစ်နိုင်ခဲ့တာပါ။

သူငယ်ချင်း၊ တို့တစ်တွေ လုပ်သင့်တာမလုပ်ခဲ့လို့ အခုတော့ သူငယ်ချင်း၊ ပေးရမယ့်တန်ဖိုးဟာ သူငယ်ချင်း အသက်ပါပဲ။ ။

ရှင်မတောင်စာပေ

(၅)

## အသေခံမည့်သူ့ထံမှ
## ချစ်ဇနီးသို့

အချစ်ရေ…

ဒီမနက် တပ်မရဲ့ တပ်မှူးစခန်းမှာ ဟန်နက်စ်က အချစ်ဆီကို စာရေးဖို့ ကိုယ့်ကို တိုက်တွန်းတယ်။ လွန်ခဲ့တဲ့ တစ်ပတ်လုံး အချစ်ဆီကို စာရေးဖို့ ကိုယ့်အနေနဲ့ လက်တွန့်နေခဲ့ရတယ် အချစ်ရဲ့။

ကိုယ်တို့အဖို့ အခြေအနေဟာ မရေရာ၊ မသေချာဖြစ်ပြီး အင်မတန် ခံပြင်းစရာကောင်းနေပေမယ့် မျှော်လင့်ချက် ရောင်ခြည်လေးတော့ဖြင့် ရှိသေးရဲ့လို့ ကိုယ် ထင်မြင်ယူဆထားတယ် အချစ်။ ကိုယ့်ရဲ့ကံကြမ္မာဟာလည်း ဒီအတိုင်းပဲပေါ့ကွယ်။ ကိုယ်တို့ဟာ စစ်အကူ ရလေမလား၊ သို့မဟုတ် ချေမှုန်းခြင်းပဲ ခံရလေမလားဆိုတာ အသေအချာ မသိသေးဘူးလေ။ ညအိပ်ရာဝင်တိုင်း ဒါကို မစဉ်းစားဝံ့ဘူးကွယ်။ ဒါကြောင့်

လည်း စိတ်ထဲမှာဖြစ်ပေါ်လာတဲ့ သံသယတွေ ပျောက်သွားအောင် ကိုယ်မကြိုးစားတော့ဘူး။

သူ့ရဲဘောကြောင်မှုကြောင့် ထင်ပါရဲ့ကွယ်။ ကိုယ်ဟာ သေလောက်အောင် သုံးကြိမ်တိုင်တိုင် ကြုံခဲ့ရတယ်။ သေရင်လည်း မမျှော်လင့်ဘဲ သေမယ်ထင်ပါရဲ့။ အခြေအနေတွေကတော့ အမျိုးမျိုးပဲပေါ့။ ဒီနေ့ မနက်ပဲ အခြေအနေပုံမှန်ကိုသိရလို့ မတင်မကျဖြစ်နေတဲ့ ကိုယ့်ရဲ့စိတ် လွတ်လပ်သလိုပဲ။ အချစ်လည်း စိုးရိမ်နေတာလေးတွေ၊ မတင်မကျဖြစ်ရတာလေးတွေက လွတ်မြောက်ပြီး စိတ်ရော၊ ကိုယ်ပါ သက်သက်သာသာ ဖြစ်စေချင်လှပါတယ်ကွယ်။

ကိုယ်လည်း မြေပုံကိုကြည့်တော့မှ ကိုယ်တို့ဟာ ပြင်ပစစ်ကူဆိုလို့ ဘာမှမရနိုင်ဘဲ ကိုယ်တို့ချင်း ထီးထီးရှိနေတာကို သိရတယ်။ အံ့ဩမိတယ်၊ ချောက်ချားမိတယ် အချစ်ရယ်။ ခုလို အကျပ်အတည်းနဲ့ ကြုံတော့မှ ဟစ်တလာက ကိုယ်တို့ကို စွန့်သွားပြီလေ⋯အချစ်။ ကိုယ်တို့ လက်ထဲမှာ လေယာဉ်ကွင်း ရှိနေသေးရင်တော့ ဒီစာဟာ အချစ်လက်ထဲ ရောက်မှာပါပဲ။ ကိုယ်တို့ရဲ့နေရာကတော့ မြို့ရဲ့မြောက်ဘက်ကျတယ်။ ကိုယ်တို့တပ်ခွဲက လက်အောက်ငယ်သား ရဲဘော်တွေကတော့ အခြေအနေကို ရိပ်မိတန်သလောက်ရိပ်မိတယ်။ ဒါပေမဲ့ ကိုယ်သိသလောက်ကိုတော့ တိတိကျကျ မသိရှာဘူးပေါ့။ ကိုယ်တို့အဖြစ်ဟာ ဘယ်လို အဆုံးသတ်မယ်ဆိုတာတော့ အချစ်ပဲ စဉ်းစားကြည့်ပေါ့ကွယ်။

မနေ့တုန်းက နေရာတစ်ခုကို ကိုယ်တို့ သိမ်းပိုက်တဲ့အခါမှာ ကိုယ်တို့ ရဲဘော်လေးယောက်ကို ရုရှားတွေက စစ်သုံ့ပန်းအဖြစ် ခေါ်သွားတာကို ကိုယ် မြင်တွေ့လိုက်ရတယ်လေ။ ကိုယ်နဲ့ဟန်နက်စ်ကတော့

သက်နက်မချ၊ အရှုံးမပေးဘူး… အချစ်ရဲ့။ သူတို့ရဲ့ အချုပ်အနှောင်ကိုလည်း မခံဘူးလေ။ ဒါကြောင့် စတာလင်ဂရက်သာကျသွားရင် ကျသွားကြောင်းကိုတော့ အချစ်ကြားရမှာပဲ သိရမှာပဲ။ အဲဒီအခါမှာ ကိုယ်တစ်ယောက်တော့ မပြန်လမ်းကို သွားရှာပြီဆိုတာ အချစ် သိရမှာပေါ့ကွယ်။ ။

ရှင်တောင်စာပေ

[၆]

## သူငယ်ချင်းသို့

**သူငယ်ချင်း...**

ဖြစ်ပေါ်လာတဲ့ အခြေအနေကို ပယ်လှန်ငြင်းဆန်နေဖို့ကတော့ လုံးဝအချည်းနှီးပါပဲ။ ဒီအကျပ်အတည်းက ထွက်ပေါက်ရှိသေးရင် တော့ ကျွန်တော် ဒီထွက်ပေါက်ကို အသေအချာ ရှာမှာပါ။ ဒီ ထောင်ချောက် အကျပ်အတည်းက လွတ်အောင်လည်း လုပ်သင့် လုပ်ထိုက်တာမှန်သမျှ ကျွန်တော် ကြိုးစားလုပ်ခဲ့ပြီးပါပြီ။ သို့သော် လမ်းနှစ်လမ်းတော့ဖြင့် ကျန်ပါသေးတယ်။ တစ်လမ်းက ရန်သူကို အရှုံးမပေးဘဲ မိမိကိုယ်ကို သတ်သေမလား...၊ သို့တည်းမဟုတ် သုံ့ပန်းစခန်းဖြစ်တဲ့ ဆိုက်ဗေးရီး ယားကိုပဲ သွားမလားဆိုတာပါပဲ။ အဲဒီတော့ ကံကြမ္မာဖန်လာတာကို စောင့်နေတာဟာ အကောင်းဆုံးပဲ။ ကံတရားအတိုင်းပဲပေါ့။

ကျွန်တော်တို့ တိုင်းပြည်မှာ တချို့သော အရာရှိကြီးတွေဟာ အမြဲ ရာထူးဂုဏ်သိန် တည်မြဲနေလိမ့်မယ်လို့ ထင်နေကြတယ်။ တချို့သော

ငွေရှင်ကြေးရှင်တွေကလည်း မိမိတို့ ဥစ္စာစည်းစိမ် မပျောက်မပျက်ဘဲ တည်မြဲနေလိမ့်မယ်လို့ ထင်နေကြတယ်။ သတင်းစာတွေထဲမှာလည်း အရာရှိကြီးတွေ၊ ငွေရှင်ကြေးရှင်ဖြစ်တဲ့ သူဌေးသူကြွယ်တွေကို စကားလှ၊ စကားယဉ်၊ စကားကြီး၊ စကားကျယ်တွေနဲ့ ရေးသားမြှောက်ပင့်ကြတယ်။ ကျွန်တော်တို့ကိုလည်း ထိုက်သင့်သလိုတော့ ဂုဏ်ပြုနေကြပါတယ်။ ဒါတွေကို အဟုတ်ထင်ပြီး ဘဝင်မမြင့်လိုက်ကြပါနဲ့ဗျာ။ တစ်ခါတစ်ခါတော့လည်း ကျွန်တော်ဟာ မြင်မြင်သမျှတွေကို ရိုက်ချိုးဖျက်ဆီးပစ်ချင်လောက်အောင် ဒေါသထွက်မိတယ်။ ကျွန်တော့်ဘဝတစ်လျှောက်လုံးမှာ ဘယ်သောအခါတုန်းကမျှ အခုလို အားကိုးရာမဲ့ မဖြစ်ဖူးခဲ့ပါဘူး။

သို့သော် ကျွန်တော်ဟာ မိမိကိုယ်ကို အမြဲအားပေးလျက်ပါ။ ကျန်းမာအောင်နေ၊ ကျန်းမာရင် အခက်ခဲဆုံးအချိန်ကို ကျော်လွှားနိုင်မှာပဲလို့ ကိုယ့်ကိုယ်ကို သတိပေးနေပါတယ်။ ကျွန်တော် အိမ်ပြန်ရောက်ဖို့ဆိုတာလည်း ကျန်းမာနေမှသာ ပြန်ရောက်နိုင်မှာမို့ ကျန်းမာရေးသာ ကျွန်တော့်အတွက် အဓိကပါ။

ကျွန်တော့်အိမ်၊ ကျွန်တော့်သားမယား အပါအဝင်ဖြစ်တဲ့ ကျွန်တော့်တိုင်းပြည်ကိုတော့ ကျွန်တော် ဘယ်သောအခါမျှ မစွန့်ပါဘူး။ ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဖက် ရောင်းရင်းများကိုတွေ့ရင်လည်း ကျွန်တော်ရေးလိုက်တဲ့အတိုင်း တစ်သဝေမတိမ်း ပြောပြလိုက်ပါဗျာ။ တစ်ခုတော့ သတိပေးချင်ပါတယ်။ ကုလားထိုင်မြင့်လေလေ၊ အကျနာလေလေပဲ သူငယ်ချင်း။ ။

ရှင်မတော်စာပေ



[၇]

## ဒိပိကိုယ်ကို သတ်သေမည့်သူထံမှ ချစ်ဝနီးသို့

ချစ်သော အော်ဂတ်စတာ…

အချစ်ဟာ ဂျာမန်အရာရှိတစ်ဦးရဲ့ ဇနီးပီပီ ကိုယ် အခုရေးပြောတာတွေကို မတွန့်မရွံ့ ခိုင်ခိုင်မတ်မတ် လက်ခံနိုင်ရမယ်နော်။

ကိုယ်အရှေ့ပိုင်းကို ထွက်လာရတုန်းက မီးရထားဘူတာရုံ လိုက်ပို့တဲ့ ဝလက်ဖောင်းပေါ်မှာ အချစ်… ခိုင်ခိုင်မတ်မတ်ကြီး ရပ်နေခဲ့ဖူးသလိုပေါ့ကွယ်။ ကိုယ်ဟာ စာရေးကောင်းသူတစ်ယောက် မဟုတ်လေတော့ စာကိုလည်း ရှည်ရှည်ဝေးဝေး မရေးတတ်ပါဘူး။ ကိုယ်ရေးခဲ့သမျှစာတွေဟာ တစ်မျက်နှာထက် ဘယ်တုန်းကမှ မပိုခဲ့ဘူး မဟုတ်လား။ ဒီနေ့တော့ ပြောစရာတွေ တော်တော်များများ ရှိနေတယ်။ ဒါပေမဲ့ မပြောဘဲ ထားလိုက်ဦးမယ်လေ။ နောင်သောအခါမှပဲ ပြောတော့မယ်ကွယ်၊

နှောင်သောအခါ ဆိုတာဟာလည်း အခြေအနေ ချောချော မောမောရှိရင်တော့ ရက်သတ္တပတ် ခြောက်ပတ်ကြာဦးမယ်လေ။ အခြေအနေ မကောင်းသေးရင်တော့လည်း အနှစ်တစ်ရာ ဆိုပါတော့ကွယ်။ အနှစ်တစ်ရာဆိုတာကို ဖြစ်တန်ရာကောင်းရဲ့လို့… အချစ် စဉ်းစားထားစေချင်တယ်။ အခြေအနေ ချောချောမောမောဆိုရင်တော့ ကိုယ်တို့နှစ်ယောက်ဟာလည်း စကားတွေ မမောနိုင်မပန်းနိုင်အောင် ပြောနိုင်ခွင့်ရလာမှာမို့ အခု စာရှည်ရှည်ရေးနေတော့လည်း အပိုပဲ မဟုတ်လား… အချစ်ရယ်။ စာရေးရတာကလည်း ကိုယ့်အတွက် မလွယ်ပေဘူး။ အခြေအနေ မကောင်းခဲ့ပြန်ရင်လည်း ကိုယ်ရေးလိုက်တဲ့ စကားလုံးတွေဟာ ဘာများ အကျိုးရှိဦးမှာလဲကွယ်။

အော်ဂတ်စတာရေ… အချစ်ပေါ် ကိုယ်ဘယ်လိုသဘောထားတယ်ဆိုတာ အချစ် သိပြီးသားပါ။ ဟိုတုန်းက ကိုယ်တို့ဟာ ကိုယ်တို့ရဲ့ချစ်ခြင်းမေတ္တာကို ပွင့်ပွင့်လင်းလင်းပြောဆို နှီးနှောခြင်း မပြုခဲ့ကြဘူး။ ဒါပေမဲ့ အခုမှ ထပ်ပြီးပြောရဦးမယ်။ ကိုယ်ဟာ အချစ်ကို သိပ်ချစ်တယ်ကွယ်။ အချစ်ကလည်း ကိုယ့်ကိုချစ်တာပဲ မဟုတ်လား။ ဒါကြောင့်မို့ အချစ်ဟာ အမှန်ကို သိထားသင့်တယ်လေ။

အမှန်ကို ပြောမယ်ဆိုရင် အခု ကိုယ်တို့ ဆင်နွှဲနေကြတဲ့ တိုက်ပွဲဟာ မျှော်လင့်ချက်ကင်းမဲ့တဲ့ အခြေအနေမျိုးမှာ လုပ်နေရတဲ့ အဆိုးရွားဆုံး တိုက်ပွဲတစ်ခုဆိုတာ သိလာရတယ်။ အဲဒီလို အခြေအနေဆိုးရွားတဲ့ တိုက်ပွဲဆိုတာဟာလည်း ဆင်းရဲငတ်ပြတ်တာတွေ၊ အေးချမ်းတဲ့ ရာသီဥတုရဲ့ဒဏ်တွေ၊ သံသယတွေ၊ အရှုံးပေးလက် လျှော့လိုတဲ့စိတ်တွေ၊ စွန့်လွှတ်ရတာတွေ၊ သေခြင်းဆိုးနဲ့ သေရတာတွေနဲ့ ရင်ဆိုင်နေရတာပဲပေါ့။ အို… ဒါတွေသာ ရေးပြရင် ကုန်နိုင်မှာလည်း မဟုတ်ပါဘူး။

ရှင်မတောင်စာပေ

ဒီအကြောင်းကို ကိုယ် ထပ်မပြောပါရစေနဲ့ကွယ်။ ကိုယ် ခွင့်နဲ့ ပြန်လာ
တုန်းကလည်း ဒီအကြောင်းတွေ မပြောပြခဲ့ဘူး။ အရင်စာတွေထဲမှာလည်း
ထည့်မရေးခဲ့ဖူးပါဘူး။ ကိုယ်တို့ရဲ့ ဖြစ်ရပ်တွေကတော့ အခု ကိုယ်ရေးပြ
လိုက်တဲ့အတိုင်းပဲ ပေါ့ကွယ်။

ကိုယ်တို့ဟာ လင်မယားဖြစ်ပြီး စစ်နဲ့ ဘယ်လိုမှ မပတ်သက်နေ
သေတယ်လို့ ကိုယ်တို့ရဲ့ လင်မယားဘဝမှာ "စစ်"ဟာ ကိုယ်တို့ရဲ့ဘဝနဲ့
ယှဉ်ပြီးပါလာတဲ့ အနိဋ္ဌာရုံတစ်ခုပါပဲ… အချစ်ရဲ့။ အခုလို ကိုယ်ရေးပြော
နေတာလည်း၊ မကျေနပ်လို့ တိုင်တန်းနေတာလည်း မဟုတ်ပါဘူး။
ဝမ်းနည်းလို့ ညည်းညူမြည်တမ်းနေတာလည်း မဟုတ်ပါဘူး။ အချစ်
သိထားစေချင်လို့ ဖြစ်ရပ်ကို ယထာဘူတကျကျ ပြောဆိုနေတာပါ။

အခု ဖြစ်နေတဲ့စစ်ရဲ့ ဒုစရိုက်ပြစ်မှုအတွက် ကိုယ့်အပေါ်တင်ရှိ
လာမယ့် ပြစ်ဒဏ်ကိုတော့ ကိုယ်ငြင်းလို့မရဘူး။ မငြင်းနိုင်ပါဘူး။
ဒါပေမဲ့ ကျရောက်မယ့် ပြစ်ဒဏ်ဟာလည်း အပုံပေါင်း သန်းခုနစ်ဆယ်
ပုံမှ တစ်ပုံလောက်သာ တင်ရှိလာမှာပါ။ ကိုယ့်အနေနဲ့တော့ မမှုပါဘူး။
ကိုယ့်တာဝန်ကိုလည်း တိမ်းရှောင်မယ်လို့ ကိုယ် စိတ်တောင်မကူးပါဘူး။
ကိုယ့်ရဲ့အသက်ကို စွန့်လွှတ်ခြင်းဖြင့် ကိုယ့်အပေါ်တင်ရှိနေတဲ့ တာဝန်နဲ့
ဝတ္တရားကို ဆပ်လိုက်ခြင်းပဲလို့ ကိုယ့်ဟာကိုယ် ယူဆထားပြီးသားပါ။
ဒါနဲ့ပတ်သက်ပြီး ဂုဏ်တက်တယ်၊ ဂုဏ်နိမ့်တယ်လို့လည်း အငြင်းပွား
နေစရာ မဟုတ်ပါဘူး။

အော်ဂတ်စတာ… အချစ်လည်း စိတ်ဓာတ်အခိုင်ဆုံး အချိန်မှာ
ဆိုရင် ဒီလိုစိတ်ထားမျိုး ဖြစ်မှာပဲမဟုတ်လား။ ခါးသီးတဲ့ စိတ်ထားမျိုး
လည်း မထားနဲ့နော်။ ကိုယ်မရှိတဲ့အတွက် စိတ်မကောင်းလည်း မဖြစ်နဲ့၊
စိတ်အားလည်း မငယ်နဲ့နော် အချစ်။

ကိုယ်ဟာ သူရဲဘောမကြောင်ပါဘူး။ ရာဇဝတ်ကြောင်း သင့်တယ်လို့ မဆိုနိုင်သော်လည်း အချည်းနှီးအကျိုးမဲ့တဲ့ ဒီစစ်ပွဲမျိုးမှာ အသက်စွန့်ဖို့ အသင့်ဖြစ်နေတဲ့ ကိုယ့်ရဲ့ ရဲစွမ်းသတ္တိလေးကို ပြနိုင်ပြီး အကျိုးရှိတဲ့ စစ်ပွဲမျိုးမှာ ကိုယ့်ရဲ့သတ္တိ ကိုယ့်ရဲ့အစွမ်းကို အသက်စွန့်ခြင်းဖြင့် ပြခွင့်မရတဲ့အတွက်တော့ ကိုယ်ဝမ်းနည်းမိတယ်။

"ပြစ်မှုကို သိရှိလက်ခံခြင်းသည် ပြစ်မှုကို အကျယ်ချဲ့၍ မြင်ခြင်းမည်၏" ဆိုတဲ့ ဆောင်ပုဒ်ကိုလည်း အချစ်သိသားပဲ မဟုတ်လား။

ကဲ… စာတော့ ရှည်သွားပြီ ထင်ပါရဲ့။ အချစ်ရေ… ကိုယ့်ကို အမေ့ မမြန်နဲ့… နော်။ ။

ရွှေသဘောင်စာပေ

[၈]

## ဘွားဘွား၏မွေးနေ့အကြောင်း

အချစ်ရေ…

မနေ့ကပဲ အချစ်ဆီကို စာတစ်စောင်၊ ဟန်မူလာဆီကိုလည်း စာတစ်စောင် ရေးလိုက်သေးတယ်။ ဒါပေမဲ့ အချစ်ဆီကို ခု ဒီစာတို ကလေးတစ်စောင်ကို ထပ်ရေးလိုက်ရပြန်တယ်။ စာအရောက်နည်းတယ် လို့ အချစ်ဘယ်နည်းနဲ့မှ မညည်းနိုင်တော့ဘူးပေါ့။

ဘွားဘွားရဲ့ ၇၄ ကြိမ်မြောက်မွေးနေ့မှာ ဘွားဘွားကျန်းမာ ချမ်းသာပါစေလို့ မောင် ဆုတောင်းလိုက်ပါတယ်။ ဘွားဘွားရဲ့ မွေးနေ့ ကိတ်မုန့်တစ်ချပ်ကို မောင် မစားရတာ ဝမ်းနည်းလှတယ်ကွယ်။ မောင်တို့ အတွက်တော့ ဘာကိတ်မုန့်မှ မရှိဘူး။ ဒါပေမဲ့ ဒီ နေရာကအမြင်ကို မောင်တို့ရောက်တဲ့ တစ်နေ့မှာတော့ အစစအရာရာ ပြည့်စုံမှာပါပဲ။ အဲဒီနေ့ မတိုင်မီတော့ မောင်တို့ဟာ သတ္တိရှိရှိ၊ ခွဲရှိရှိနဲ့ စောင့်နေရမှာပေါ့။

ဘွားဘွားအတွက် ငွေတိုက်မှာ ငွေငါးဆယ်ထုတ်ယူပြီး လက်ဆောင် တစ်ခုခုဝယ်ပါနော်… အချစ်။ ဘွားဘွား ပျော်ရွှင်အောင်ပြုစုပါ။ ဘွားဘွားဟာ ပျော်ထိုက်ပါတယ်။

ဘားဂါးတို့မှာ သူ့ခင်ပွန်းက ဆိပ်ကမ်းအုပ်ချုပ်ရေးမှာ လုပ်နေ တာဆိုတော့ ကော်ဖီအနည်းငယ် ရှိချင်ရှိနေမှာပဲ။ သူတို့ဆီမှာ ရှိရင်တော့ အချစ်ကိုနည်းနည်းမျှပါလိမ့်မယ်။ မွေးနေ့ပါတီပွဲလုပ်ဖို့လို့ ပြောပြပေါ့။ မောင်တတ်နိုင်တုန်းက မောင့်ကျေးဇူးတွေ သူတို့အပေါ် အများကြီးတင် ရှိအောင် သူတို့ကို မောင် မစဖူးခဲ့တယ်။

မောင်လည်း အဓိပ္ပာယ်မရှိတာတွေချည်း ရေးနေမိပါပကော လား… အချစ်ရယ်။ ဒါပေမဲ့ စာ လုံးလုံးမရတာထက်တော့ အဓိပ္ပာယ် မရှိတာတွေ ဖတ်ရတာဟာ တော်သေးတာပေါ့။

နောက်ပြီး ရန်သူဘက်က နောက်တစ်ချက် ထွက်လာမယ့် ကျည်ဆန်ပေါ်မှာ မောင့်နာမည် ပါမလာဘူးလို့လည်း မပြောနိုင်ဘူး။ ဒါပေမဲ့ မောင်တို့အတွက် မစိုးရိမ်ပါနဲ့၊ မကြောက်ပါနဲ့နော်… အချစ်။ မောင်တို့ ဒီနေရာက အပြင်ရောက်အောင် ထွက်နိုင်ပြီးတဲ့ နောက်မှာတော့ မောင်တို့ ခွင့်လေးပတ်ရလို့ အိမ်ကိုပြန်လာနိုင်မယ်လို့ မောင် သေသေ ချာချာ မျှော်လင့်ထားတယ်… အချစ်။

ဒီမှာ အခု သိပ်အေးတာပဲ။ အချစ်တို့ဆီမှာရော ဆီးနှင်းတွေ ကျပြီလား…။ ဒီမှာ မောင်တို့ဟာ သဲမဖျန်းရတော့ လူတိုင်းလူတိုင်းဟာ ချော်မလဲအောင် အမြဲသတိထားပြီး သွားလာနေရတယ်။ ။

ရွှေမောင်စာပေ



[၉]

## ချစ်ဝနီးသို့

**အချစ်ဆုံးအယ်နီရေ...**

ကိုယ့်ဘေးပတ်ပတ်လည်မှာ အစစအရာရာဟာ ရှုပ်ထွေးနေလို့ ဒီစာကို ဘယ်လိုစရမှန်းတောင် မသိဘူး။ အဆုံးကစပြီး ရေးရင်မကောင်းပေဘူးလား... ဟင်။

အယ်နီရေ... တခြားစာတွေနဲ့ ယှဉ်လိုက်ရင် ဒီစာဟာ နောက်တီး နောက်တောက် ရေးလိုက်တဲ့စာပဲလို့ အယ်နီ ထင်ကောင်းထင်ပေလိမ့်မယ်။ ဒါပေမဲ့ ဒီစာကို အယ်နီ ဂရုစိုက်ပြီးဖတ်ရင် နောက်တီးနောက်တောက်ရေးလိုက်တဲ့စာ မဟုတ်ကြောင်း အယ်နီတွေ့ပါလိမ့်မယ်။ အယ်နီဟာ အမြဲတမ်း မောင့်ကို ရောင့်ရဲနေတတ်တဲ့ လူပိန်းလူအတစ်ယောက်ရယ်လို့ သဘောထားလေ့ရှိတယ်။ အယ်နီ ဒီလိုသဘောထားတာ တစ်နေရာမှာတော့ မှန်နေတယ်လို့ မောင် ဝန်ခံရမှာပေါ့။

ဥပမာ… မောင့်လက်ဆွဲအိတ်ထဲ နေ့လယ်စာ ထည့်တာလေ၊ ကိုယ်ပြောပြမယ် နော်… ညာဘက်မှာ အသားသွတ် ထောပတ်သုပ် ပေါင်မုန့်တစ်ချပ်၊ ဘယ်ဘက်မှ နောက်တစ်ချပ်၊ ဒီအပေါ်မှ ပန်းသီးတွေတင်ပြီး အပေါ်ဆုံးကျမှ ခတ်ဘူးကို ထားလေ့ရှိတယ်။ ခတ်ဘူးကို ပန်းသီးတွေပေါ်ထားရတာက ပေါင်မုန့်ထဲပါတဲ့ ထောပတ် အရည်မပျော်အောင်လို့ပေါ့။

အဲဒီလို လုပ်နေနိုင်တဲ့ အချိန်ဟာ… ဦးလေးဟားဗတ်က ဒါကို အမြဲဘယ်လိုပြောလေ့ရှိတယ်တဲ့၊ ဦးလေးဟားဗတ်က အင်မတန်မှ အေးချမ်းတဲ့အချိန်တဲ့။ အခုတော့ မောင်ဟာ ရောင့်ရဲတင်းတိမ်ပြီးနေတတ်တဲ့ လူရိုးလူအတစ်ယောက် မဟုတ်တော့ဘူး… သိလား။ မောင် အလုပ်သွားပုံကို အယ်နီမြင်စေချင်တယ်။ မောင်တို့နေရတဲ့ ကတုတ်ဟာ နွေးပြီး ဇိမ်ရှိတယ်။ လော်ရီကား ဘော်ဒီတချို့ကိုဖြုတ်ပြီး မောင်တို့မီးဖိုမှာ အသုံးချကြတယ်။ စည်းကမ်းနဲ့တော့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်တာပေါ့ကွယ်။ ဒါပေမဲ့ မောင်တို့တော့ ဂရုမစိုက်နိုင်ဘူးလေ။

မောင် အလုပ်တက်ရတဲ့နေရာကတော့ မောင်တို့ကတုတ်နဲ့ ကပ်ရက်ရှိတဲ့ တခြားကတုတ်တစ်ခုပေါ့။ အရင်စာတစ်စောင်မှာ မောင်ရေးထည့်လိုက်သလိုပါပဲ။ အဲဒီကတုတ်ထဲမှာ အရင်တုန်းက ဗိုလ်ကြီးတစ်ဦးနေတယ်။

အခုလည်းပဲ မောင်ဟာ မောင်တို့ မြင်တွေ့နေရတဲ့ ပတ်ဝန်းကျင်အကြောင်းကို ရေးနေမိပြန်ပြီ။ တကယ်တော့ မောင်မရေးချင်ပါဘူး။ တခြားအကြောင်းကိုသာ ရေးချင်ပါတယ်… အယ်နီ။ ဒါပေမဲ့ ရေးမှကောင်းမယ်လို့လည်း ထင်တယ်… အယ်နီ သိသင့်တယ်လို့လည်းထင်တယ်။ ဒါကြောင့် မရေးချင်ပေမယ့်လည်း ခုတော့ ရေးရတော့မှာပဲ

ပေါ့။ ခုလို ရေးမိလို့လည်း အယ်နီ့ကို မောင့်အတွက် စိုးရိမ်သောက မရောက်စေချင်ဘူး။ ဒီမှာ အခြေအနေဟာ တော်တော်လေး ဆိုးရွားနေတယ်… အယ်နီ။

မောင်တို့ စခန်းချတဲ့နေရာဟာ ရှေ့တန်းစစ်မျက်နှာနဲ့ တော်တော်လေး ဝေးတယ်။ တစ်ခါတလေမှသာ သေနတ်သံတစ်ချက်တလေကြားရတယ်။ ဒီလိုသာမကြားရရင် မောင်တို့ဟာ စစ်ဖြစ်နေမှန်းတောင် သတိရကြမှာ မဟုတ်ဘူး။ ခုနေရသလိုသာ နေရမယ်ဆိုရင် နောက်အနှစ်တစ်ရာပဲ နေရနေရ မောင်နေနိုင်ပါတယ်။ ဒါပေမဲ့ မောင့်အချစ်ဆုံး အယ်နီနဲ့တော့ ဖြင့် ခွဲမနေနိုင်ဘူးကွယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒါလောက်တော့ ကြာမှာ မဟုတ်ပါဘူး။ ဒီနေရာမှနေပြီး အပြင်ကိုတစ်နေ့နေ့တော့ ထွက်နိုင်မှာပဲလို့ မောင် မျှော်လင့်နေပါတယ်။ ဒါပေမဲ့ ဒီမျှော်လင့်ချက်ဟာ ဖြစ်နေတဲ့ ကောလာဟလသတင်းတွေနဲ့တော့ မကိုက်ဘူးပေါ့။

မောင်တို့တပ်ဟာ ရန်သူအဝိုင်းခံနေရတာ ခုနစ်ပတ်ရှိသွားပြီ။ နောက်ထပ် ခုနစ်ပတ်တော့ ဆက်ခံနိုင်မှာမဟုတ်ဘူး။ မောင်ခွင့်ရဖို့ လွန်ခဲ့တဲ့ စက်တင်ဘာလကတည်းက စေ့ပေမယ့်လည်း ခုထိမရခဲ့ဘူး။ မောင့်လိုပဲ ခွင့်ရချိန်တန်ပါရက်နဲ့ မရတဲ့လူတွေ အများကြီး ရှိနေသေးတာပဲလို့ မောင့်စိတ်ကို ဖြေနေရတယ်။ မနေ့မနက်ကတော့ မောင်တို့ထဲက သုံးပုံတစ်ပုံလောက်တော့ ဇန်နဝါရီလကုန်လောက်မှာ ခွင့်နဲ့ အိမ်ပြန်ကြရလိမ့်မယ်လို့ ကြားရတယ်။ မောင်တို့ဌာနချုပ် တပ်ခွဲက တပ်ကြပ်ကြီး ကိုယ်တိုင် ကြားခဲ့ရသတဲ့။ ဇန်နဝါရီလကုန်လောက်မှ မဟုတ်ရင် နောက်ထပ် ရက်အနည်းငယ်တော့ စောင့်ရမှာပဲတဲ့။

ဒီမှာ ဘာတွေဖြစ်နေတယ်ဆိုတာ ဘယ်သူမှ အမှန်အတိုင်း မသိဘူး။ ခုဆိုရင် မောင်ဟာ အယ်နီနဲ့ခွဲနေတာ ရှစ်လရှိသွားပြီ အယ်နီ။

နောက်ထပ် ရက်ပိုင်းလောက် ကြာတာလောက်တော့ မထူးတော့ပါ ဘူးလေ။ အယ်နီ့အတွက် ဒီတစ်ခါတော့ လက်ဆောင်များများ ယူလာ နိုင်မယ် မထင်ဘူး။ ဒါပေမဲ့ လမ်းဗတ်ရောက်ရင် မောင် ကြိုးစားကြည့် မယ်… နော်။ ခွင့်ရမယ့်ရက်ကိုပဲ မောင် မျှော်နေတယ်။ အယ်နီနဲ့ မမေ့ကို တွေ့ရဖို့ပဲ မောင် အမြဲတမ်းမျှော်နေတယ်။ မောင်ခွင့်ရလို့ အိမ်ပြန်လာပြီဆိုတာကို သံကြိုးရတဲ့အခါ ဦးလေး ဟားဗတ်ဆီကိုလည်း အကြောင်းကြားလိုက်နော်… အယ်နီ။

တစ်ခုခုကို မျှော်နေရတာဟာ ကောင်းသားပဲ… အယ်နီရဲ့။ မောင်တော့ဖြင့် ခွင့်ရမယ့်ရက်ကို တမျှော်မျှော်နဲ့ပဲ အထူးသဖြင့် မနေ့ မနက်ကစပြီးတော့ မျှော်နေတာပေါ့။ တစ်နေ့တာ ကုန်သွားတိုင်း မောင် တော့ ပြက္ခဒိန်မှာ မှတ်ထားလိုက်တယ်လေ။ တစ်ခါမှတ်ပြီးတိုင်း အယ်နီနဲ့ မောင်တွေ့ဖို့ တစ်ရက်တော့ဖြင့် ပိုနီးလာပြီလို့ အောက်မေ့ပြီး နှစ်သိမ့်နေရ တယ်… အယ်နီရယ်။ ။

ရွှေပေတောင်စာပေ

(၁၀)

## မိမိကိုယ်ကို သတ်သေမည်ဟု ဆုံးဖြတ်ထားသူထံမှ ချစ်ဝနီးသို့

**အချစ်ရေ…**

ကိုယ် စစ်ထဲ ဘယ်တော့မှ မလိုက်ချင်ဘူးဆိုတာ… အချစ်ဟာ မောင့် အသိသက်သေပါပဲ။ အရှေ့ဥရောပကို မောင် ကြောက်လို့ စင်စစ်တော့ စစ်ကို ယေဘုယျအားဖြင့် မောင် ကြောက်လို့ပါပဲ။ မောင်ဟာ စစ်သားတစ်ယောက် ဘယ်တော့မှမဖြစ်ဘူး။ စစ်ဝတ်စုံ ဝတ်ထားတဲ့ တစ်ယောက်သာဖြစ်တယ်။ ဒီစစ်ထဲက ဘာအကျိုး ကျေးဇူးများရလို့လဲ။ စစ်ကို မကြောက်တဲ့လူတွေ၊ စစ်ထဲလိုက်ချင်လို့ လိုက်ခဲ့တဲ့ လူတွေ အတွက်ရော ဒီစစ်ထဲက ဘာအကျိုးကျေးဇူးများရသလဲ။ သူတို့တွေမို့လို့ မကြောက်ဘဲ လိုက်ခဲ့ကြတယ်။

မောင်တို့တစ်တွေဟာ အရူးဇာတ် ရုပ်လုံးဖော်ရာမှာ ကပြနေရတဲ့ သဘင်သည်တွေလိုပါပဲကွယ်။ ဒီသဘင်သည်တွေအတွက် ဒီစစ်ကြီးက ဘာများ အကျိုးပေးမှာတဲ့လဲ…။ အာဇာနည်တစ်ယောက်အနေနဲ့ သေဆုံးသွားတော့ရော ဘာများထူးမှာတဲ့လဲ။ မောင်ဟာ ဒီအရူးဇာတ် ရုပ်လုံးဖော်နေတဲ့ ဇာတ်ခုံပေါ်မှာ သေရတဲ့အခန်းကို အကြိမ်ပေါင်းဒါဇင်နဲ့ချီပြီး လုပ်ဆောင်ခဲ့ဖူးတယ်။ ဒါပေမဲ့ ဇာတ်ထဲကအသေ၊ မောင်တို့ ပါဝင်သရုပ်ဆောင်နေတဲ့ ဇာတ်ကိုအချစ်သာ ရှေ့တန်းထိုင်ခုံက ထိုင်ကြည့်နေရင် မောင့်ရဲ့သရုပ်ဆောင်ပုံကို အချစ်တော့ ဟုတ်လှချီလားလို့ အောက်မေ့ပြီး အထင်ကြီးကောင်း ကြီးနေလိမ့်မယ်။ တကယ်တော့ သရုပ်ဆောင်သေရတာကို တကယ်သေရတာနဲ့ ယှဉ်လိုက်ရင် ကြောက်ခမန်းလိလိပါပဲလား… အချစ်ရယ်။

ခံယူချက်၊ ယုံကြည်ချက်အပြည့်နဲ့ မြင့်မြတ်တဲ့ ရည်ရွယ်ချက်ကြီးတစ်ခုအတွက် ရဲရဲဝံ့ဝံ့သေခြင်းမျိုး၊ ကျွန်ရစ်ခဲ့တဲ့ ရဲဘော်တွေရဲ့ စိတ်ဓာတ်ကို လှုံ့ဆော်နိုင်တဲ့သေခြင်းမျိုး၊ ကြေကွယ်ဖွယ်ဖြစ်တဲ့ သေခြင်းမျိုး… ဒီလို သေခြင်းမျိုးတွေနဲ့ သေကြလိမ့်မယ်လို့ မောင်တို့ကို မျှော်လင့်ထားကြတယ်။ ဒါပေမဲ့ ဒီမှာ ဘယ်လိုအသေမျိုးနဲ့ သေကြတယ်ဆိုတာတော့ မသိကြဘူး။ ဒီမှာ လူတွေဟာ ငတ်ပြီးသေကြတယ်၊ အအေးဒဏ်မခံနိုင်လို့ သေကြရတယ်၊ တီရှဉ္စာန်လိုအော်ပြီး သေကြရတယ်။

တကယ်တော့ သေခြင်းတရားဟာလည်း စားမှုသောက်မှုလိုပဲ သတ္တဗေဒဆိုင်ရာ ကိစ္စတစ်ရပ်သာ ဖြစ်တယ်။

လူတွေဟာ ယင်ကောင်တွေလိုပဲ ကျဆုံးကြရတယ်။ အလောင်းတွေကို ဘယ်သူကမှလည်း ဂရုမစိုက်ကြဘူး။ မြှုပ်နှံသင်္ဂြိုဟ်ခြင်းလည်း မပြုကြဘူး။ လက်မရှိ၊ ခြေမရှိ၊ မျက်စိမပါ၊ ရင်တွေဗိုက်တွေပေါက်ပြီး

ယောင်းလောင်းနဲ့ ပတ်ဝန်းကျင်နေရာတိုင်းမှာ တွေ့နေရတယ်။ ကမ္ဘာပေါ်မှာ တင့်တင့်တယ်တယ်သေခြင်းမျိုးဆိုတာ မရှိနိုင်ပါကလားလို့ လူတွေမျက်ဝါးထင်ထင် တွေ့မြင်လာအောင် ဒါတွေကို ရုပ်ရှင်ရိုက်ကူးထားဖို့ကောင်းတယ်။ သေကြရတာတော့ တိရစ္ဆာန်တွေ စားသောက်ကြဖို့ သေကြရတာပဲ။

နောင်အခါ "သေကြရတဲ့ စစ်သည်တော်များ" ဆိုပြီး ခေါင်းတွေ၊ လက်တွေ၊ ပတ်တီးတွေစီးထားတဲ့ ကျောက်ဆစ်ပန်းပုရုပ်ထုပြီး သူကောင်းပြုကြပေလိမ့်ဦးမယ်။ ကဗျာတွေ၊ ဝတ္ထုတွေ၊ သီချင်းတွေ ဖွဲ့နွဲ့ရေးသားပြီး သီဆိုကျူးရင့်ကြပေလိမ့်ဦးမယ်။ ဘုရားရှိခိုးကျောင်းမှာ ဆုမွန်ကောင်းတောင်းကြပေလိမ့်ဦးမယ်။

အစုလိုက်၊ အပြုံလိုက်သေကြရတဲ့ ဒီသေတွင်းကြီးထဲမှာ မောင့်ကိုယ်မောင် အပုပ်မခံလိုတဲ့အတွက် ဒီသေပွဲကြီးထဲမှာတော့ မောင်မပါဝင်ချင်ဘူး။ ပါမောက္ခကြီးထံကိုလည်း မောင် ဒီအတိုင်း စာရေးလိုက်တယ်။ သူနဲ့အချစ်ဟာ မောင့်ထံက နောက်ထပ် စာရကြဦးမှာပါ။ နည်းနည်းကြာရင်တော့လည်း အံ့သြမနေကြနဲ့။ ဘာကြောင့်လဲဆိုတော့ မောင့်ကြမ္မာကို မောင်ကိုယ်တိုင် ဖန်တီးတော့မယ်လို့ မောင် စိတ်ဆုံးဖြတ်ပြီးလို့ပါပဲ။ ။

ရှင်ယောင်စာပေ

( ၁၁ )

## စစ်ရေးစစ်ရာကို စေပန်ခြင်း

အချစ်ရေ ...

ဒီနေ့ညနေဟာ သာယာအေးချမ်းလှတဲ့ ညနေခင်းလေးပါပဲ။ ဒါကြောင့် ကိုယ်တို့ သိပ်ကြည်နူးကြတယ်။ ခါတိုင်းလို မိမိတို့ နေရာထိုင်ခင်းမှာ မရှိကြဘဲ လမ်းပေါ်မှာ ထွက်ထိုင်နေကြတယ်။ ရှုရှားတွေကလည်း တော်တော်ပဲ ငြိမ်ချက်သားကောင်းနေတယ်။ ကိုယ်တို့လည်း ဆိုင်ကို စောစောလာခဲ့ကြတာပေါ့။ ကော်ဒန်ရှိဆိုတဲ့ အရက်ကောင်းတစ်ပုလင်းကို ခုလို အေးမြသာယာတဲ့ ညနေခင်းမှာ သောက်ရတာဟာ အင်မတန်ကောင်းလှတယ် အချစ်ရဲ့။

ဗိုင်းဒင်းရဲ့ စစ်မှတ်တမ်းနဲ့ တခြားစာအုပ်တချို့ကို ကိုယ် ဖတ်ပြီးပြီ။ ဒီစာရေးဆရာဟာ ကိုယ်တို့ ဒီမှာ ဘာတွေလုပ်နေတယ်၊ ဘယ်လိုဖြစ်နေတယ်ဆိုတာကို ကြိုတင်သိပြီးများ ရေးထားသလားလို့ အောက်မေ့

လောက်အောင်ပဲ တော်လှတယ်။ သူ ရေးသားဖော်ပြထားတာတွေဟာ ကိုယ်တို့ဖြစ်ပျက်နေတာကို ပုံတင်ထပ်မျှ ဖော်ပြထားတာကတော့ဖြင့် မယုံနိုင်လောက်အောင်ပါဘဲ။ ဒီစာရေးဆရာဟာ မဖြစ်နိုင်တာတွေ၊ ရှေ့နောက်မညီတဲ့ အတွေ့အကြုံတွေကို သုတ်သင်ဖယ်ရှားပြီး တကယ့်အရေးကြီးတာတွေ သူ့စိတ်ထဲက ထွက်လာတာကို သူ့စကားလုံးတွေနဲ့ ဖော်ထုတ်ထားတယ်။ အင်မတန်တော်တဲ့ စာရေးဆရာပါပဲ။

အထက်ပိုင်းမှာရှိတဲ့လူတွေ ချမှတ်ကြမယ့် အဆုံးအဖြတ်ကြီးတွေနဲ့ ပတ်သက်လို့ ကိုယ်တို့တော့ ဘယ်လိုမှလဲ စိတ်မဝင်စားဘူး။ ဘာမှလဲ မျှော်လင့်မထားဘူး။ ဒီဆုံးဖြတ်ချက်ကြီးတွေဟာလည်း မိုးကုန်မှ ထွန်ချတာမျိုး မဖြစ်ဘူးလို့လည်း ဘယ်သူမှ မပြောနိုင်ဘူး။ ဒါပေမဲ့ ကိုယ်တို့အတွက် တခြားမျှော်လင့်စရာလည်း မရှိဘူး။ အခုအထိ လုပ်နိုင်ခဲ့တာ တစ်ခုတည်းပဲရှိတယ်။ ဒါကတော့ တောင်ကုန်းတစ်ခုအတွက် မြို့တွင်းနဲ့မြို့ပြင်မှာ အကြီးအကျယ် ကြောက်ခမန်းလိလိ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြတာပဲ။ ဗိုလ်ချုပ်တွေနဲ့ ဗိုလ်မှူးကြီးတွေကတော့ မြေနေရာအားလုံးအနက် ဒီတောင်ကုန်းဟာ ကမ္ဘာ့သမိုင်းကို တစ်မျိုးတစ်မည်ဖြစ်စေကောင်း ဖြစ်စေလိမ့်မယ်လို့ တွက်နေကြတယ်။ ဗိုလ်ချုပ်တွေသာ ဒီလိုတွက်နေတာတော့ မဟုတ်သေးဘူး… ဟော့။

မြေနေရာတချို့ကို နေ့စဉ်နေ့တိုင်း သိမ်းပိုက်လိုက်ကြ၊ စွန့်လွှတ်လိုက်ကြနဲ့ ကိုယ်တို့ရဲ့ ရန်သူတွေဟာ ဘတစ်ပြန်၊ ကျားတစ်ပြန် ဖြစ်နေကြတယ်။ ကိုယ်တို့ရော၊ ရန်သူပါ မိုက်နေကြတုန်းပဲ။ တိုက်ယူပြီး မိမိလက်ထဲသိမ်းထားနိုင်တဲ့ မြေနေရာကိုသာတိုက်ဖို့ စိတ်မကူးမိနိုင်အောင် ဉာဏ်တုံးနေကြတုန်းပါပဲ။

အကျိုးသက်ရောက်မှု မရှိတာကို အမြဲတမ်းလှုပ်ရှားနေရမယ်ဆိုရင် ကြာတော့ငြီးငွေ့စရာ ဖြစ်လာမယ်။ ဒါမှမဟုတ်ရင် အင်မတန်ရှိနိုင်ခဲ့ကြတဲ့ ခံနိုင်ရည်မျိုး၊ ဖွဲ့မျိုးလိုတယ်။ ခုလို အချိန်ဆွဲပြီး လုပ်နေရတာမျိုးဟာ လူတွေကိုလည်း တဖြည်းဖြည်း နွမ်းပါးစေတယ်။ ဒါကတော့ ကိစ္စကြီးတွေမှာရော၊ ကိစ္စအသေးအဖွဲ့လေးတွေမှာပါ ဒီအတိုင်းဆိုရင် မမှားနိုင်ဘူးပေါ့။

မကြာမီပဲ ဆယ်နာရီထိုးတော့မယ်… အချစ်။ ကိုယ်လည်း အချိန်ရသမျှတော့ အိပ်ထားချင်သေးတယ်ကွယ်။ ပိုပြီးအိပ်နိုင်လေလေ၊ အဆာရေ့လေလေပဲ။ ဆာလောင်မွတ်သိပ်ခြင်းဆိုတာဟာ ခံစားလို့ကောင်းတာမျိုး မဟုတ်ဘူး။ အင်မတန် လူကို နှိပ်စက်တယ်။

ကဲ… အချစ်အတွက်…

မောင့်အချစ်များစွာဖြင့်…။ ။

ရွှေမဟော်စာပေ

(၁၂)

## ချစ်ဇနီး ဂရိတ္တာသို့

ချစ်ဇနီးလေး ဂရိတာ…

မောင်တော့ မပြန်လမ်းကို မြန်းနေရပြီဆိုတာ အခု ဂရိတာ သိပြီနော်။ မောင့်ရဲ့မိဘတွေကိုလည်း တဖြည်းဖြည်းမှပဲ သွယ်ဝိုက်ပြီး ဒီသတင်းကို ပြောပြလိုက်ပါ။ မောင်ဟာလေ သိပ်ပြီး စိတ်တုန်လှုပ်ချောက်ချားတာပဲ။ ဒါကြောင့်လည်း အရာရာအပေါ်မှာ သံသယစိတ်တွေ ဖြစ်ပေါ်လာတယ်။

တစ်ချိန်တုန်းက မောင်ဟာ အင်မတန် စိတ်ဓာတ်ပြင်းထန်ပြီး ယုံကြည်ချက် အပြည့်အဝရှိခဲ့တယ်။ ခုတော့ စိတ်အားငယ်ပြီး သံသယစိတ်တွေ ဝင်လာတော့ ယုံကြည်ချက်တွေဟာလည်း ပျောက်လွင့်ကုန်ပြီ။ ဒီကအဖြစ်အပျက် မြောက်မြားစွာကိုတော့ မောင် ဘယ်တော့မှ သိမှာမဟုတ်ဘူး။ ဒါပေမဲ့ မောင်ပါဝင်ရတဲ့ အဖြစ်အပျက် အနည်းအကျဉ်း

ကလေးဟာလည်း မချိမဆံ့နိုင်အောင်ဖြစ်လို့ မောင့်လည်ပင်းမှာ တစ်ဆို့ကြီး ဖြစ်နေတယ်။

တို့ အဖနိုင်ငံ "ဟေး… ဟစ်တလာ"လို့ လူတွေဟာ သေခါနီး ပါးစပ်များက ရွတ်ဆိုကြတယ်ဆိုကြပေမယ့် ခုတော့ ဘယ်သူမှာဖြင့် ဒီလိုရွတ်ဆိုပြီး သေသွားတယ်လို့ ဘယ်သူမှ မပြောနိုင်တော့ဘူး။ လူတွေ အမြောက်အမြား သေကျေပျက်စီးတယ် ဆိုတာကိုတော့ ဘယ်သူမှ မငြင်းနိုင်ဘူးလေ။

ဒီသေသွားတဲ့ လူတွေထဲမှာ တချို့က "အမေရေ"လို့ ရွတ်ဆိုတမ်းတပြီး သေသွားကြတယ်။ တချို့ကလည်း ကိုယ့်ချစ်သူရဲ့ နာမည်လေး ထုတ်ဖော်ရွတ်ဆိုပြီး သေသွားကြတယ်။ တချို့ကတော့ "ကယ်ကြပါ"လို့ အော်ပြီး သေသွားတယ်ပေါ့။ ဒီလိုလူတွေ ရာနဲ့ချီပြီး သေတာကိုလည်း မောင်ကိုယ်တိုင် မြင်တွေ့ဖူးပါတယ်။ များသောအားဖြင့် သူတို့တစ်တွေဟာ မောင့်လိုပဲ ဟစ်တလာရဲ့ လူငယ်အဖွဲ့ဝင်တွေပဲ ဖြစ်ကြတယ်။ ဒါပေမဲ့ သူတို့အားလုံးဟာ သေခါနီး အသံထွက်နိုင်သေးရင် ကယ်ကြပါလို့ အော်ရင်အော်ကြတယ်။ ဒါမှမဟုတ်ရင် သူတို့ကို ဘယ်လိုမှ မကယ်နိုင်တဲ့ လူတစ်ယောက်ယောက်ရဲ့ နာမည်ကိုအော်ရွတ်ပြီး သေသွားကြတာပဲ။

ဒီနေရာက အပြင်ရောက်အောင် မောင်တို့ကို လေကြောင်းကနေပြီး သယ်ထုတ်ယူမယ်လို့ ဟစ်တလာက အတိအလင်း ကတိပြုခဲ့တယ်။ ဒီကတိကို မောင်တို့ အယုံကြီးယုံခဲ့တာပေါ့။ ခုထိအောင် မောင်တော့ ယုံနေသေးတယ်လေ။ ဘာကြောင့်လဲဆိုတော့ မောင့်မှာ ယုံကြည်စရာလေးတစ်ခုတော့ ရှိထားဦးမှ ဖြစ်မယ်မဟုတ်လား။ ဒီကတိအတိုင်းသာ မလုပ်နိုင်ခဲ့ရင် မောင့်မှာ ဘာများယုံကြည်စရာ ရှိတော့မှာလဲ…။

ပျော်ရွှင်စရာ၊ ကြည်နူးစရာဆိုတာတွေဟာ မောင့်အတွက် ဘာအဓိပ္ပာယ်မှ မရှိတော့ဘူး။ ဒါကြောင့် ပျော်ရွှင်စရာ၊ ကြည်နူးစရာ ကောင်းလှတဲ့ သာယာတဲ့ နွေဦးရာသီနဲ့ နွေရာသီဟာ မောင့် အတွက် တော့ မလိုတော့သလို ဖြစ်နေပြီ ဂရီတာ။

မောင့်အချစ် ဂရီတာရေ… မောင်တော့ ယုံကြည်ချက်ကိုဖက်ပြီး သေရတော့မှာပဲ။ မောင်ဟာ ရှစ်နှစ်လုံးလုံးဆိုတော့ တစ်သက်လုံးလိုလို ဟစ်တလာနဲ့ ဟစ်တလာရဲ့စကားတွေကို ယုံကြည်ခဲ့တယ်။ ခုတော့ သံသယတွေ ဝင်လာတယ်။ ဝင်လာပုံကလည်း ကြောက်ခမန်းလိလိပါပဲ။ တကယ့်ဖြစ်ရပ်အမှန်ဟာ အကိုးအကား၊ အထောက်အထားအနေနဲ့ သူတို့ ဘက်မှာရှိနေလေတော့ သူတို့ပြောတာဆိုတာတွေကို ပြန်ပြီး ချေပပြောဆို ခြင်း မပြုနိုင်တာကတော့ဖြင့် အင်မတန် ရှက်စရာကောင်းလှပါတယ်။

မောင်တို့ကို ပေးထားတဲ့ကတိအတိုင်းသာ ဖြစ်မလာရင်တော့ ဂျာမနီပြည်ကြီးတော့ သူတစ်ပါး လက်အောက်ရောက်ပြီး ကွယ်ပျောက် သွားရတော့မှာပဲ။ ဘာကြောင့်လဲဆိုတော့ ဒီကတိမျိုးကိုသာ မတည်ရင် နောက် ဘယ်ကတိကိုမှ တည်နိုင်မှာ မဟုတ်တော့ဘူးပေါ့။

အို… ဒီကြောက်စရာကောင်းလှတဲ့ သံသယတွေ မကြာမီ ရှင်းသွားပါစေလို့ပဲ ဆုတောင်းပါတယ်… ဂရီတာ။ ။

[၁၃]

## ခရစ္စမတ်နှင့် ပတ်သက်၍ ချစ်ဇနီးထံသို့

ကံမကောင်း အကြောင်းမလှတော့ မောင်တို့ရဲ့ခရစ္စမတ်ပွဲတော်ကို လှလှပပ မပြင်ဆင်မကျင်းပနိုင်ကြဘူး။ ရာသီဥတုကတော့ သိပ်မအေးလှဘူး။ နေသာထိုင်သာရှိအောင် နွေးပါတယ်။

အခု မောင်တို့နေရတဲ့နေရာဟာ ဗော်လဂါမြစ်ကမ်းပေါ်မှာပေါ့။ ရမ်အရက် အနည်းအကျဉ်းရလို့ ခပ်ကျဲကျဲပဲ သောက်ရတယ်။ ဒါပေမဲ့ သိပ်အရသာရှိတာပဲ။ မောင့်သူငယ်ချင်းကလည်း တပ်မဌာနချုပ်ကဝက်သားနဲ့ အသားကျောက်ကျောကို ယူလာတယ်။ သူလည်း မီးဖိုချောင်က အလစ်သုတ်လာဟန် တူပါရဲ့။ ဒါပေမဲ့ အရသာကတော့ အံ့သြလောက်စရာပဲ။ ဟိုမှာ တော်တော်များလို့သာ သူ လစ်ခဲ့နိုင်တာဖြစ်မှာပဲ။ မောင်တို့ဆီမှာ ပေါင်မုန့်တော့ တော်တော်ရှားတယ်။ ဒါကြောင့်မို့ ကိတ်မုန့်

ဖုတ်စားကြရတယ်လေ။ ဂျုံမှုန့်၊ ရေ၊ ဆား အဲဒီအောက်မှာ ဝက်သားထည့်ပြီး ဒယ်နဲ့ ဖုတ်ကြရတယ်။ ဂျုံမှုန့်ကတော့ အမှန်ပြောရရင် ခိုးယူထားရတဲ့ ဂျုံပါ။

ဒီခရစ္စမတ်ဟာ စစ်စဖြစ်ကတည်းကဆိုရင် စတုတ္ထမြောက်ခရစ္စမတ်ပေါ့။ မောင်တို့ကြုံခဲ့ရတဲ့ ခရစ္စမတ်ပွဲတွေထဲမှာ ဒီနှစ် ခရစ္စမတ်ပွဲကတော့ ဝမ်းနည်းစရာ အကောင်းဆုံးပါပဲ။ စစ်ကြီးပြီးတဲ့အခါကျမှပဲ ခရစ္စမတ်ပွဲကို စိတ်ကြိုက်အတိုးချပြီး ကျင်းပလိုက်ဦးမယ်။ နောင်နှစ်မှာတော့ ခရစ္စမတ်ပွဲကို မောင်တို့အိမ်မှာပဲ ကျင်းပပြုလုပ်နိုင်လိမ့်မယ်လို့မျှော်လင့်ထားတယ်လေ။

မောင်တို့လည်း စတာလင်ဂရက်မှာ သုံးလရှိသွားပြီ။ ဒါပေမဲ့ဘာမှထူးခြားမှု မရှိသေးပါဘူး။ ဒီမှာတော့ အေးချမ်းပါတယ်။ တခြားဘက် လွင်ပြင်တွေထဲမှာတော့ တိုက်နေခိုက်နေကြတယ်။ ဟိုမှာရှိတဲ့လူတွေဟာ မောင်တို့လို ကောင်းကောင်း စားရသောက်ရတာ မဟုတ်ဘူး။ သူတို့ ကံအတိုင်းပဲပေါ့ကွယ်။ မကြာခင် မောင်တို့အလှည့် မရောက်ဖူးမပြောနိုင်ဘူးလေ။ ဘာကြောင့်လဲဆိုတော့ သူတို့တစ်တွေ သိပ်ပြီး အကျအဆုံးများတာပဲ။ ဒီအကြောင်း မစဉ်းစားတာ အကောင်းဆုံးပါပဲကွယ်။

ဒါပေမဲ့ မစဉ်းစားဘဲလည်း မနေနိုင်ဘူး။ ၂၄ နာရီလုံးလုံးဘာမှလုပ်စရာမရှိတော့ စိတ်ကူးယဉ်ပြီး စိတ်တွေဟာ အိမ်ဆီရောက်ရောက်သွားတယ်။ ခရစ္စမတ်အကြိုနေ့တုန်းက အိမ်သားအားလုံး မောင့်ကိုသတိရကြရဲ့လားကွယ်။ အဲဒီတုန်းက မောင့်စိတ်ထဲမှာ တစ်မျိုးတစ်မည်ဖြစ်မိတယ်။ တခြားတစ်ယောက်ယောက်က ကိုယ့်အကြောင်း သတိရစဉ်းစားနေရင် ဒီလိုပဲ တစ်ခါတလေ ဖြစ်တတ်သတဲ့။ ။

[၁၄]

## ဖနီးနှင့် သားသမီးများသို့

မင်းတို့ဆီကို နှုတ်ဆက်စာကလေးရေးဖို့ အချိန်ကျရောက် လာပြန်ပြီ။ အိမ်မှာကျန်ရစ်ခဲ့တဲ့ ချစ်လှစွာသော အိမ်သူအိမ်သား အားလုံးကို ငါ့ကိုယ်စား မင်းကပဲ နှုတ်ဆက်လိုက်ပါ။

ရုရှားတွေဟာ နေရာတိုင်းမှာ ဖောက်ထွင်းဝင်ရောက်နေကြပြီ။ တို့တပ်တွေလည်း တိုက်ပွဲစကတည်းက နေ့အားရယ်လို့မရှိဘဲ ဆက်တိုက်အပြင်းအထန်တိုက်လာရတော့ ခြေကုန်လက်ပန်းကျနေပြီလေ။ တစ်ခါတလေ ရက်တော်တော်များများ မစားရမသောက်ရလို့ အားအင်ချည့်နဲ့နေကြပေမယ့် တို့ရဲဘော် စစ်သည်တော်တွေဟာ ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်ကြတယ်။ တစ်ယောက်မှ လက်နက်မချကြဘူးပေါ့။ စားနပ်ရိက္ခာတွေ၊ ခဲယမ်းမီးကျောက်တွေ၊ ဓာတ်ဆီတွေ၊ လူအင်အားတွေ ကုန်သွားရင်တောင် ရန်သူမှာ တို့ကို ချေမှုန်းနိုင်တဲ့ အောင်ပွဲရှိနိုင်မယ် မဟုတ်ပေဘူး။ ဒါကိုတော့ ဘုရားသခင်မှပဲ သိပေလိမ့်မယ်။

တို့ဟာ ခေါင်းဆောင်ပိုင်းရဲ့၊ မဟာအမှားတွေရဲ့ သားကောင်တွေဖြစ်နေမှန်း တို့ကိုယ်တိုင် သိနေကြပါတယ်။ နောက်ပြီး စတာလင်ဂရက်ရဲ့ တဖြည်းဖြည်း ယိမ်းယိုင်ကျဆင်းနေမှုဟာ ဂျာမနီ တိုင်းပြည်နဲ့ ဂျာမန်လူမျိုးကို အကြီးအကျယ် ထိခိုက်နစ်နာစေမယ် ဆိုတာကိုလည်း တို့သိနေကြပါတယ်။ ဒီလို သိနေကြပေမယ့် တို့ လူမျိုးဟာ တစ်နေ့ကျရင် ပျော်ပျော်ရွှင်ရွှင်နဲ့ ပြန်လည်ထူထောင်နိုင် မယ်ဆိုတာကိုတော့ တို့ယုံကြည်လျက်ပဲ။ စိတ်ရင်းစေတနာကောင်း ရှိသူတိုင်းဟာ ဒီအတိုင်းပဲ ထင်မြင်ယုံကြည်ထားရမှာပဲပေါ့။ အရူးတွေ၊ လူ့အန္တတွေ၊ ရာဇဝတ်ကောင်တွေအားလုံးကို ဒီပြန်လည်ထူထောင်ရေးလုပ်ငန်းမှာ မသုံးမိကြဖို့ မင်းတို့ သေသေချာချာ ဂရုတစိုက် လုပ်ရလိမ့်မယ်။ စစ်ပြီးလို့ အိမ်ပြန်ရောက်မယ့် လူတွေကလည်း ဒီလိုလူမျိုးတွေကို သုတ်သင်ဖယ်ရှားပစ်ရမှာပဲ။ တို့ဟာ "ပရာရှန်အရာရှိ" တွေပဲ မဟုတ်လား။ အချိန်တန်ရင် တို့ ဘာတွေလုပ်ရမယ်ဆိုတာ တို့ သိပါတယ်။

ငါ့ရဲ့ ဘဝတစ်လျှောက်ကို ပြန်ကြည့်လိုက်ရင် အင်မတန်ကျေးဇူးတင်စရာတွေကို ပြန်လည်မြင်တွေ့ရတာပဲ။ ငါ့ဘဝဟာ သာယာဖြောင့်ဖြူးခဲ့တယ်။ အင်မတန်မှ သာယာဖြောင့်ဖြူးခဲ့တယ်။ လေ့ကားတစ်ခုကို တက်နေတာနဲ့ တူနေတယ်။ နောက်ဆုံးအထစ် ရောက်တဲ့အထိ သာယာဖြောင့်ဖြူးခဲ့တယ်။ လှေကားရဲ့ အထွတ်အထိပ်ကို ရောက်နေတယ်ပေါ့။ ပြေပြေပြစ်ပြစ် အနှောင့်အယှက်မရှိဘဲ နောက်ဆုံးဘဝစခန်းကို ရောက်နေတယ်လို့တောင် ငါ ပြောချင်ပါတယ်။

ငါ့ရဲ့မိဘတွေကို ဝမ်းမနည်းကြဖို့ မင်း ပြောပြနော်။ ငါ့ အတွက် သောကရောက်မပွားဘဲ စိတ်အေးအေးထားပါလို့ ပြောပြပါ။ ငါ့ကို သူတော်စင်၊ သူတော်မြတ် ကောင်းကင်တမန် တစ်ယောက်လို ဦးထက်

ပန်ဆင် မအောက်မေ့ကြဖို့လည်း ပြောပြပါ။ ငါဟာ သူတော်စင်၊ သူတော်မြတ် တစ်ယောက်လည်း မဟုတ်ခဲ့ဖူးပါဘူး။ ဘုရားသခင် ရှေ့တော်မှောက်ကိုလည်း ဒီလိုအဖြစ်နဲ့ ငါမသွားလိုဘူး။ စစ်သား တစ်ယောက်အနေနဲ့ လွတ်လပ်တဲ့စိတ်ထား၊ ဝင့်ကြွားတဲ့စိတ်ထားရှိတဲ့ တင့်ကားတပ်ဖွဲ့ဝင်တစ်ဦးအနေနဲ့၊ "သခင်"တစ်ယောက်အနေနဲ့သာ ဘုရားသခင်ရှေ့တော်မှောက်ကို ငါရောက်မှာပဲ။ သေဖို့လည်း ငါ မကြောက်။ ငါ့ယုံကြည်ချက်ဟာ ငါ့ရဲ့စိတ်ကို လွတ်လပ်စေတယ်၊ ဖြူစင်စေတယ်။ ဒါကြောင့် ငါ ကျေးဇူး အထူးတင်တာပါပဲ။

ငါ့ရဲ့ နောင်လာနောက်သားတွေကို ငါ့ရဲ့ စိတ်ထားအမွေကို ပေးအပ်လိုက်ပါ။ သူတို့ကို "သခင်များ" ဖြစ်လာအောင် မွေးမြူ ထိန်းသိမ်းပေးကြပါ။ ရိုးသားစွာကြံစည်ပြီး ရိုးသားစွာဆောင်ရွက် လုပ်ကိုင်ကြစမ်းပါ။ အင်အားတွေကို အလဟဿ မဖြုန်းတီးပစ်ကြ လေနဲ့…။

ငါ့မိဘတွေအပေါ်မှာ အထူးချစ်ခင် ရိုသေလေးစားပြီး မေတ္တာ ထားပါနော်။ ပူဆွေးသောကတွေကို သူတို့ ကျော်လွှန်နိုင်အောင် သူတို့ကို မေတ္တာစေတနာထားပြီး ကူညီပါ။ ဦးလေးရဲ့ ဂူသင်္ချိုင်းမှာလိုပဲ ငါ့ ဂူသင်္ချိုင်းမှာလည်း သစ်သားလက်ဝါးကပ်တိုင်တစ်ခုကို ရိုးရိုးနဲ့ ယဉ်ယဉ် လေး လုပ်ထားပါနော်။

ဦးလေးရဲ့ ဂူသင်္ချိုင်းရှိရာကို တို့မိသားစုရဲ့ ဘုမ္မိနက်သန်နေရာလို့ သာ မှတ်ထားစမ်းပါ။ ဒါဟာ ငါ့ရဲ့ဆန္ဒပါပဲ။ ခွင့်ရလို့ ငါနောက်ဆုံး တစ်ခေါက် ပြန်လာတုန်းက ငါ့ရဲ့ဆန္ဒတွေကို ရေးထားတဲ့ စာတစ်စောင် ဟာ စားပွဲအံဆွဲထဲမှာ ရှိတယ်။

ကဲလေ… ချစ်လှတဲ့ အိမ်သားအားလုံးကို နှုတ်ဆက်လိုက်ပါတယ်။ အားလုံးကို ကျေးဇူးလည်းတင်တယ်။ သတ္တိရှိကြစမ်းပါ။ စိတ်ဓာတ်မကျကြပါနဲ့။

မင်းတို့အားလုံးကို အမြဲမေတ္တာပို့ပါတယ်…။ ။

[၁၅]

## ဘာသာရေးနှင့် ပတ်သက်၍ ချစ်သူသို့ ပေးစာ

**ချစ်နှမလေး… ရေ**

တကယ်သာ ဘုရားသခင် ရှိရိုးမှန်ခဲ့ရင် ဘုရားသခင်ဟာ မောင့်ကို ကျန်းကျန်းမာမာနဲ့ အချစ်ဆီကို မကြာမီ ပြန်ရောက်အောင် ဆောင်ကြဉ်းပေးမှာပဲလို့ အချစ်ရဲ့ နောက်ဆုံးစာထဲမှာ ပါတယ်။ တိရစ္ဆာန်များနဲ့ ပန်းများကို ချစ်သူ၊ လူတစ်ဖက်သားကို ဘေးအန္တရာယ် မပြုတတ်သူ၊ မယားနဲ့သားကို ချစ်ခင်မြတ်နိုးသူ၊ မောင့်လို လူသား တစ်ယောက်ဟာ ဘုရားသခင်ရဲ့ ကာကွယ်စောင့်ရှောက်မှုကို အမြဲတမ်းရ နေမှာပဲလို့လည်း စာထဲမှာ အချစ်ရေးလိုက်သေးတယ်။

ဒီလို ရေးလိုက်တဲ့အတွက် အချစ်ကို ကျေးဇူးတင်ပါတယ်ကွယ်။ ဒီစာကို မောင့်လည်ပင်းမှာဆွဲထားတဲ့ သားရေအိတ်ကလေးထဲ မှာထည့် ပြီး သွားလေရာ အမြဲဆောင်ထားတယ်။

ဒါပေမဲ့ အချစ်ဆုံးနှမလေးရေ… ချစ်နှမရဲ့ စကားတွေကို လေးလေးနက်နက် ပြန်စဉ်းစားရင် ဘုရားသခင်ရှိတယ်ဆိုတဲ့အချက်ဟာ ချစ်နှမရဲ့စကားအပေါ်မှာ တည်နေသလို ဖြစ်နေတယ်။ ဒီလိုဆိုရင်တော့ အချစ်ဟာ ကြီးကျယ်ခက်ခဲတဲ့ ဆုံးဖြတ်ချက်တစ်ခုကိုတော့ ချမှတ်ရပေလိမ့်မယ်။ မောင်ဟာ ဘာသာရေးကိုင်းရှိုင်းသူ တစ်ယောက်ဖြစ်တယ်။ အချစ်ကလည်း သဒ္ဓါတရားနဲ့ ပြည့်စုံသူတစ်ယောက် ဖြစ်တယ်။ ဒါပေမဲ့ ဒီနေ့တိုင်အောင် မောင်တို့ ယုံကြည်ထားမှုရဲ့ အကျိုးသက်ရောက်ပုံကို မောင်တို့ လက်ခံကြမယ်ဆိုရင် မောင်တို့ရဲ့ ဘုရားသခင်ရှိတယ်လို့ ယုံကြည်နေတဲ့ သဒ္ဓါတရားဟာ ခုဆိုရင် တစ်မျိုးတစ်မည် ပြောင်းလဲရလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ မောင် တို့ယုံကြည်ထားတဲ့ အယူအဆတိုင်းကို ဖျက်ဆီးတွန်းလှန်လိုက်တဲ့ ကိစ္စကြီးတစ်ခု ပေါ်ပေါက်လာတဲ့ အတွက်ကြောင့်ပါပဲ။

အချစ်ကိုပြောပြဖို့ စကားလုံးလေးတွေကို မောင် ရှာနေတယ်လေ။ မောင် ဘာတွေပြောမယ်ဆိုတာ အချစ်ခန့်မှန်းပြီး သိများသိနေပြီလား… ဟင်။ ဒီဇင်ဘာလ ၈ ရက် နေ့စွဲနှင့် အချစ်ရေးလိုက်တဲ့ စာထဲမှာ ထူးဆန်းတဲ့ လေသံတစ်မျိုးကို မောင် တွေ့လိုက်ရတယ်။ အခုဆိုရင် ဖန်နဝါရီလဝက် ရှိလာပြီလေ။

အရင် စာရေးပြီးကတည်းက မောင်လည်း စာမရေးတာ တော်တော်ကြာခဲ့ပြီ။ မောင့်အဖို့တော့ ဒီစာဟာ အချစ်ဆီကို နောက်ဆုံးအကြိမ်ရေးတဲ့စာ ဖြစ်ကောင်းဖြစ်နေမှာပဲ။ ဒီစာကို လေယာဉ်ကွင်းကို သွားမယ့် သူငယ်ချင်းတစ်ယောက်က ယူသွားလိမ့်မယ်။ ခုတွေကြုံနေကြရတဲ့ အကျဉ်းအကျပ်ထဲက အပြင်ကိုထွက်မယ့် နောက်ဆုံးလေယာဉ်ပျံဟာ နက်ဖြန်ရှိသတဲ့…။

အခြေအနေကတော့ မခံမရပ်နိုင်အောင် ဖြစ်လာပြီ။ ရုရှားတွေဟာ မောင်တို့ လေယာဉ်ကွင်းနဲ့ သုံးလေးမိုင်သာ ကွာတယ်။ အဲဒီလေယာဉ်ကွင်း ကျသွားရင်တော့ မောင်တို့တစ်တွေလည်း ကြွက်ထောင်ချောက်မိသလို အားလုံးမိကြတော့မှာပဲ။ ရာနဲ့ထောင်နဲ့ ချီပြီးရှိနေတဲ့ မောင်တို့ရဲ့ စစ်သည်ရဲဘော်တွေလည်း ထွက်ပေါက်မရနိုင်တော့လို့ အားလုံးသေဆုံး ပျက်စီးရတော့မယ်။ အားလုံးဟာ အညီအမျှခံရတယ်ဆိုပေမယ့် မသက်သာလှဘူးကွယ်…။

ဘုရားသခင်ဆိုတာ တကယ်ရှိသလား… ဟင်။ တခြား နေရာဒေသတွေမှာလည်း ဒီမေးခွန်းကို မေးနေကြမှာပါ။ အင်္ဂလန်နဲ့ ပြင်သစ်မှာတော့ သန်းပေါင်းများစွာသော လူတွေဟာ ဒီမေးခွန်းကိုပဲ မေးနေကြတယ်လေ။ ဘုရားသခင်ဟာ ကောင်းမြတ်တယ်ဆိုတာကိုတော့ဖြင့် မောင် လုံးဝမယုံတော့ဘူး။ သူသာကောင်းရင် ဒီလိုဖြစ်နေတဲ့ မတရားမှုကြီးကို ဘယ်ခွင့်ပြုပါ့မလဲ။ မောင်တော့ မယုံတော့ဘူး။ ဘာကြောင့်လဲဆိုတော့ ဘုရားသခင်သာ ရှိရိုးမှန်ခဲ့ရင် ဒီစစ်ကြီးကို စတင်ခဲ့ကြတဲ့လူတွေ၊ ငြိမ်းချမ်းရေးနဲ့ အနန္တတန်ခိုးရှင်ကြီး အကြောင်းကို ဘာသာစကားသုံးမျိုးနဲ့ တဖွဖွပြောဆိုနေကြတဲ့ လူတွေရဲ့ စိတ်အမှောင်ကို ထွန်းလင်းစေပြီး အမှန်တရားကို ပေးနိုင်ရမှာပေါ့။ မောင်တော့ လုံးဝမယုံတော့ဘူးလေ။ ဘာကြောင့်လဲဆိုတော့ သူဟာ မောင့်တို့အပေါ်မှာ သစ္စာဖောက်ခဲ့လို့ပါပဲ။ အချစ်လည်း အချစ်ရဲ့ယုံကြည်မှု သဒ္ဓါတရားနဲ့ ကိုက်ညီ၊ မကိုက်ညီဆိုတာကို စဉ်းစားကြည့်ပေါ့…။ ။

[၁၆]

**သား . . . သင်းအုပ်ဆရာမှ**
**မိဘများထံပေးစာ**

**ချစ်သော ဖေဖေနဲ့မေမေ . . .**

. . . . . သန့်စင်တဲ့ နေ့ကြီးရက်ကြီးမတိုင်မီ တစ်ညက မပျက်မစီးဘဲရှိနေသေးတဲ့ တဲကလေးတစ်တဲမှာ စစ်သည်တော် ၁၁ ယောက်ဟာ ဆိတ်ဆိတ်ငြိမ်ငြိမ် ဘုရားဝတ်ပြုကြတယ်။ မျှော်လင့်ချက်ကင်းမဲ့ပြီး သံသယတွေရှိနေတဲ့၊ မကျေမနပ်ဖြစ်နေတဲ့ ဒီလူအုပ်ကြီးထဲမှာ ဒီလူတွေကို တွေ့အောင်ရှာရတော လွယ်တဲ့ကိစ္စတော့ မဟုတ်ဘူး။ တွေ့ရတဲ့ ဒီလူတွေဟာ ပျော်ပျော်ရွှင်ရွှင် လာကြတယ်။ ရွှင်လန်းပွင့်လင်းတဲ့ စိတ်ထားနဲ့ လာကြတယ်။ ခရစ်တော်ရဲ့ ဖွားတော်မူနေ့ အထိမ်းအမှတ် ပွဲသဘင်ကို ဆင်ယင်ဖို့ စုဝေးလာကြတဲ့ လူထူးလူဆန်းတစ်သိုက်ပေါ့ဗျာ။ ကမ္ဘာတစ်ဝန်းလုံးမှာ ဘုရားပလ္လင် အမြောက်အမြားရှိတဲ့အနက် ဒီမှာ ကျွန်တော်လုပ်ယူတဲ့ ဘုရားပလ္လင်ထက်တော့ ဘယ်ပလ္လင်ကမှ ပိုပြီးဆင်းရဲမှာ

မဟုတ်ပါဘူး။ ပလ္လင်လုပ်တဲ့သေတ္တာထဲမှာ မနေ့တုန်းကတောင် လေယာဉ် ပစ်အမြောက်ဆန်တွေ ရှိနေသေးတယ်။ အခုတော့ လွန်ခဲ့တဲ့သောကြာနေ့ ဒီအခန်းထဲမှာပဲ ကျွန်တော့်လက်ထဲမှာ ဆုံးသွားရှာတဲ့ ရဲဘော်တစ်ဦးရဲ့ စစ်မြေပြင် အင်္ကျီအပြာနဲ့ ဒီသေတ္တာကိုဖုံးလွှမ်းပြီး ပလ္လင်လုပ်လိုက်တယ်။ ဒီရဲဘော်ရဲ့ဇနီးထံကိုလည်း ကျွန်တော် နှစ်သိမ့်စာတစ်စောင် ရေးလိုက် သေးတယ်။

ဘုရားသခင်သည် သူ့အား ကာကွယ်စောင့်ရှောက်ပါစေ သတည်း။

ရှင်လုကာ ခရစ်ဝင် အခန်း ၂၊ အပိုဒ် ၁-၁၇ အတိုင်း ဘုရား သခင် ဖွားတော်မူခန်းကို စုဝေးလာတဲ့ လူငယ်လေးတွေကို ကျွန်တော် ဖတ်ပြတယ်။ ဘုရားသခင်ရဲ့ မြင့်မြတ်တဲ့ ရွှန်းကြဲခြင်းနဲ့ မြင့်မြတ်သော ပွဲတော် အထိမ်းအမှတ်အဖြစ်နဲ့ သူတို့ကို မာနေတဲ့ ပေါင်မုန့်မည်းမည်းကို ကျွန်တော် ပေးကမ်းလှူဒါန်းပါတယ်။ အရှင်သခင်ကိုလည်း သူတို့အပေါ် ကြင်နာဖို့၊ သူတို့အား ရန်အပေါင်းမှ ကင်းငြိမ်းအေးချမ်းတဲ့ အခြေအနေကို ပေးသနားဖို့လည်း ကျွန်တော် ဆုတောင်းပေးပါတယ်။ ပဉ္စမပညတ်တော် အကြောင်းကိုတော့ တစ်လုံးတစ်ပါဒမျှ ကျွန်တော် မပြောပါဘူး။ စုဝေး နေတဲ့လူတွေဟာ ခုံကလေးတွေပေါ်မှာ ထိုင်ပြီး အစာငတ်လို့ ပိန်ချုံး ညှိုးငယ်နေတဲ့ မျက်နှာလေးတွေ၊ မျက်ကွင်းဟောက်နေတဲ့ မျက်လုံးကြီး တွေနဲ့ ကျွန်တော့်ကို မျှော်ကြည့်နေကြတယ်။ အသက်အားဖြင့် ၅၁ နှစ်ခန့်ရှိတဲ့ လူတစ်ယောက်ကလွဲလို့ ကျန်တဲ့လူတွေ အားလုံးဟာ လူငယ် တွေချည်းပါပဲ။ သူတို့ရဲ့ ပူပင်သောကကို နှစ်သိမ့်ရတာ၊ သူတို့ရဲ့စိတ်ကို မြှင့်ပေးရတာတော့ ကျွန်တော် တော်တော်ပဲ ကျေနပ်အားရမိတယ်။ ဝမ်းလည်းသာတယ်။

ဘုရားဝတ်ပြုပြီးတဲ့အခါမှာ တစ်ယောက်လက် တစ်ယောက်ဆွဲနှုတ်ဆက်ကြပြီး အိမ်လိပ်စာများကို ရေးကြမှတ်ကြတယ်ဗျ။ ကျွန်တော်တို့အထဲက တစ်ယောက်ယောက်ဟာ အသက်မသေလို့ အိမ်ပြန်ရောက်တဲ့အခါ ၁၉၄၂ ခုနှစ်၊ ခရစ္စမတ်အကြိုပွဲ ကျွန်တော်တို့ ကျင်းပခဲ့ပုံကို ဆွေမျိုးတွေကို လိုက်လံရှာဖွေပြီး ပြောပြဖို့လည်း မှာကြတယ်။

ချစ်လှစွာသော မေမေနဲ့ဖေဖေတို့ခင်ဗျား။ မေမေတို့၊ ဖေဖေတို့အပေါ်မှာ ဘုရားသခင်ဟာ ကောင်းချီးသြဘာ ပေးသနားတော်မူပါစေ။ ယခုအခါသည် ညနေချိန်ဖြစ်၍ ဘုရားသခင် ကြွလာတော်မူနိုင်ရန် ကျွန်တော်တို့၏အိမ်များကို သန့်စင်ရှင်းလင်း ထားရပေလိမ့်မည်။ လောက၏အရှင်သခင် ကိုယ်တော်၏အလိုဆန္ဒ ရှိတော်မူသည့်အတိုင်း ကျွန်တော်တို့သည် ညနေခင်းနှင့် ညအတွင်းသို့ အေးချမ်းစွာ သွားကြရပါမည်။ ကျွန်တော်တို့၏ဘဝကို ဘုရားသခင်၏ လက်ထဲသို့ ပြန်လည်ပေးအပ်ပါ၏။ အချိန်အခါမလပ် ဘုရားသခင်ကိုယ်တော်မြတ်သည် ကြင်နာသနားခြင်းကို ပြတော်မူပါစေသတည်း။ ။



[၁၇]

## ပခင် သင်းအုပ်ဆရာသို့ ဝစ်မြေဝခန်းမှ သားၐ ပေးစာ

ဖေဖေ…

ဘုရားသခင်ရှိသလားဆိုတဲ့ မေးခွန်းဟာ စတာလင်ဂရက်မှာတော့ အဖြေရှိပြီးသား ဖြစ်နေတယ်။ အဖြေကတော့ ဘုရားသခင်ဟာ မရှိနိုင်ဘူးဆိုတဲ့ အဖြေပါပဲ။ ဖေဖေခင်ဗျား…၊ ဖေဖေကိုတော့ ဒါပြောပြရမှာပဲ။ ဒီလိုပြောပြရတဲ့အတွက် နှစ်ထပ်ကွမ်း ဝမ်းနည်းမိပါတယ် ဖေဖေ။ ကျွန်တော့်မှာ အမေမရှိလို့ ဖေဖေကပဲ ကျွန်တော့်ကို ကြီးပြင်းလာအောင် မွေးမြူလာရတယ်။ ဖေဖေဟာ ကျွန်တော့်ရှေ့နဲ့ ဝိညာဉ်ရှေ့မှာ ဘုရားသခင်ကို အမြဲတမ်း ထားလေ့ရှိတယ်။

ကျွန်တော် ဒီစကားတွေ ပြောရတဲ့အတွက် ဝမ်းနည်းကြေကွဲမိပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီစကားတွေဟာ ကျွန်တော့်ရဲ့

နောက်ဆုံးစကားတွေ ဖြစ်လို့ပါ။ နောင်အခါ ဖေဖေက ကျွန်တော့်အပေါ် စိတ်ကျေနပ်လာအောင်၊ ဒီစကားတွေရဲ့ ဒဏ်ရာဒဏ်ချက်လည်း ပြေပျောက်သွားအောင် တခြားစကားတွေကိုလည်း ကျွန်တော် ပြောနိုင်တော့မှာ မဟုတ်တော့ပါဘူး။

ဖေဖေ… ဖေဖေဟာ ခရစ်ယာန်သင်းအုပ်ဆရာ တစ်ယောက်ပါ။ လူတစ်ဦးဟာ သူ့ရဲ့ နောက်ဆုံးစာထဲမှာ မှန်တာကိုသာ၊ ဒါမှမဟုတ် သူကိုယ်တိုင် မှန်ကောင်းရဲ့လို့ ယုံကြည်တာကိုသာ ပြောတတ်တယ်ဆိုတာ ဖေဖေသိမှာပါ။ ဗုံးတွေကြောင့်ဖြစ်တဲ့ မြေချိုင့်တွေထဲမှာ၊ ဗုံးဒဏ်ကြောင့် ပျက်စီးသွားတဲ့အိမ်တွေမှာ၊ နေရာဌာနတိုင်းမှာ၊ ကျွန်တော့် မိတ်ဆွေတွေထဲမှာ၊ နောက်ဆုံးတော့ မိုးကောင်းကင်မှာလည်း ကျွန်တော် ဘုရားသခင်ကို ရှာပါတယ်။ ကျွန်တော့်စိတ်ထဲက ဘုရားသခင်ကို မျှော်မှန်းတမ်းတပေမယ်လို့ ဘုရားသခင်ဟာ ကိုယ်ယောင်တောင် မပြပါဘူး။ အိမ်တွေလည်း ပျက်စီးကုန်ပြီ။ ကျွန်တော့်ရဲ့ သတ္တိရှိတဲ့ ရဲဘော်စစ်သည်တော်တွေ၊ သတ္တိကြောင်တဲ့ လူတွေလည်း သေကျေပျက်စီးကုန်ပြီ ဖေဖေ။ ကမ္ဘာမြေတစ်ပြင်မှာလည်း ငတ်မွတ်ခေါင်းပါးမှု ဘေးတွေ၊ လူသတ်မှု ဒုစရိုက်တွေ ဖြစ်နေပြီး ကောင်းကင်ကလည်း ဗုံးတွေ၊ မီးလျှံတွေကျနေတယ်။ ဒီနေရာမှာလည်း ဘုရားသခင်ကို ရှာမတွေ့ပါဘူး။ ဒါကြောင့် ဖေဖေ ဘုရားသခင်ဆိုတာ မရှိပါဘူး။

ဒီလို ပြောဆိုရေးသားတာဟာ ကြောက်စရာကောင်းတယ်လို့လည်း ကျွန်တော်သိပါတယ်။ ဒါကိုတော့ ဘယ်တော့မှ ဖြေနိုင်မှာ မဟုတ်ဘူးလို့လည်း သိပါတယ်။ တကယ်လို့များ ဘုရားသခင်ဆိုတာသာ ရှိရင်လည်း ဒီဘုရားသခင်ဟာ ဓမ္မတေးသီချင်းတွေနဲ့ ဘုရားရှိခိုးခြင်း၊ ဆုတောင်းခြင်းတွေမှာပဲ ရှိမှာပဲ။ ဒါမှမဟုတ် ဘုန်းကြီးတွေနဲ့ သင်းအုပ်

ဆရာတွေ၊ ဟောပြောဆုံးမတဲ့ တရားဓမ္မတွေ၊ ခေါင်းလောင်းသံတွေနဲ့ အမွေးရနံ့တွေထဲမှာသာရှိမှာပါ။ စတာလင်ဂရက်မြို့ထဲမှာတော့ ဘုရား သခင်မရှိဘူး ဖေဖေ…။ ။

ရွှေသတောင်စာပေ

[ ၁၈ ]

## ရွှေတန်းစစ်မျက်နှာမှ
## သူငယ်ချင်းအရာရှိသို့ ပေးစာ

**သူငယ်ချင်း… ဟဲလ်မတ်**

သူငယ်ချင်းရေ… ငါတော့ ရူးချင်လာအောင် ဖြစ်နေတယ်။ ရတောင့်ရခဲလှတဲ့ စာရေးခွင့်ကိုရပြီး ဘယ်သူ့ဆီ ရေးရမှန်းမသိတာဘဲ။ ဒီလိုအခွင့်အရေးကို ရလိမ့်မယ်လို့ မထင်ကြတဲ့ ရွှေတန်းတွင်းကျဉ်းတွေထဲမှာ အကျဉ်းအကျပ်တွေ့နေကြတဲ့ မိတ်ဆွေရဲဘော်တွေကတော့ ငါ့ကို အားကျပြီး ငါ့လိုအခွင့်အရေးကို လခတစ်နှစ်စာ ပေးဝယ်ချင်ကြမှာပဲ။ လွန်ခဲ့တဲ့ ၁၁စ်နှစ်လောက်တုန်းကဆိုရင်တို့ဟာ ဂျူတာကောက်မှာ အတူတူထိုင်ရင်း စစ်ပညာကို ကျက်မှတ်နေတုန်းပေါ့။

ခုတော့ ငါဟာ မစင်ပုံ အလယ်တည့်တည့်ကြီးမှာထိုင်ပြီး ဒီအညစ်အကြေး၊ အမှိုက်သရိုက်တွေအားလုံးကို ဘယ်လိုအသုံးချရမယ်

ဆိုတာကိုမသိဘဲ ဖြစ်နေတယ်။ ဒီပတ်ပတ်လည်မှာရှိနေတဲ့ လူတိုင်း လူတိုင်းအဖို့လည်း ဒီအတိုင်းပဲ။ အခြေအနေကတော့ အရှုံးအနှမ်း အခြေအနေမျိုးပဲ။ လက်နက်ကိုင်တပ်များရဲ့ ဦးစီးချုပ် အစီရင်ခံစာ (တစ်နေ့သောအခါ… အမှန်ကို သူတို့ပြောလာခဲ့ရင်)မှာ "ဓာရိတ်ဇ"ဆိုတဲ့ နာမည်ကို သတိထား။ တွေ့မိရင် ငါ အခု ဘယ်ကိုရောက်နေသလဲဆိုတာ မင်း သိမှာပါ။ တို့ဟာ လကမ္ဘာကိုများ ရောက်နေသလား။ မင်းရော ဘယ်မှာလဲ…။ တို့ဟာ လူပေါင်းနှစ်သိန်းနဲ့အတူ ရွှံ့ထဲနွံထဲမှာ နေနေရတယ်။ တို့ပတ်ပတ်လည်မှာတော့ ရှုရှားတွေကလွဲလို့ ဘယ်သူမှမရှိဘူး။ ဒါတောင်တို့ဟာ ပတ်ပတ်လည်မှာ မျှော်လင့်ချက်မရှိအောင် အဝိုင်းခံနေရတယ်လို့ တို့ကို ပြောခွင့်မပြုဘူး။

မင်းဆီကစာကို တနင်္လာနေ့က ရတယ်။ ဒီနေ့ဟာ တနင်္ဂနွေနေ့။ တကယ့် ပျော်ပွဲလီးအေးပါပဲ။ ရှေ့တန်းစစ်မျက်နှာမှာ တာဝန်ပေးခံရလို့ မင်းက ငါ့ကို ချီးမွမ်းလိုက်ကြောင်းပြောတဲ့ မင်းစကားတွေနဲ့ ပတ်သက်လို့ ငါ မှတ်ချက်ချချင်သေးတယ် သူငယ်ချင်း။ "နီစီးနော"ရေးတဲ့ စာအုပ်ကို ငါဖတ်ပြီးတာ မကြာသေးဘူး။ (လူတိုင်းလည်း ဒီလိုစာဖတ်နိုင်ဖို့ အချိန်ရကြတာ မဟုတ်ဘူး) ကိုးလ်ဘတ် ခံတပ်အကြောင်း နီစီးနောထံက ဗီဝူလင်းထံကို ရေးလိုက်တဲ့စာကို ငါဖော်ပြမယ်လေ… သူငယ်ချင်း။

"ဒီသတင်းကို ဖတ်ရတော့ သူတို့ဟာ တို့ရဲ့အမြောက် မြည်ဟိန်း ထစ်ချုန်းသံကိုကြားရပြီး သူတို့လွတ်မြောက်ရာ လွတ်မြောက်ကြောင်းအတွက် ဆုမွန်ေ ◌ှင်းများ တောင်းကြလိမ့်မယ်လို့ ငါထင်မိတယ်။ မြေကြီးတုန်ခါလောက်အောင် ပစ်ခတ်ရတဲ့ နေ့တွေလည်း ရှိခဲ့ပါတယ်။ ကံအလှည့် ကောင်းလိုကောင်းငြားဆိုပြီး လက်ထဲကျန်တဲ့ ပိုက်ဆံကို ရဲရဲဝံ့ဝံ့ကြီး ချလောင်းလိုက်တဲ့ ကစားသမားလို ငါပြုမူခဲ့တယ်။ ဘာ



ကြောင့်လဲဆိုတော့ တစ်ချိန်တုန်းက ငါတို့လက်ထဲမှာ ခဲယမ်းမီးကျောက် ၁၄ ရက်စာသာ ရှိတော့တယ်။ တို့မှာ ခဲယမ်းမီးကျောက် နည်းပါးနေတာကို ရန်သူဘက်က သိသွားမှာစိုးလို့ တို့ဘက်က အပစ်အခတ်ကို မလျှော့ရဲဘူး။ ဒီခံတပ်ရဲ့ ထောက်ပံ့ရေး ညံ့ဖျင်းပုံကတော့ ပြောစရာကြီးဖြစ်နေပြီ…”

ဟော့… ကိုယ့်လူရေ… ဒါကတော့ လွန်ခဲ့တဲ့ အဖြစ်အပျက်တွေပါကွာ။ ဒီမှာ ပစ်ခတ်နေတဲ့ ရန်သူ့ဘက်က ဒုံးပျံ အစုလိုက်၊ အစုလိုက်တွေ တစ်ကီလိုမီတာတိုင်းမှာ အမြောက်နှစ်ရာစီဖြန့်ပြီး ပစ်တာတွေကို နှိုင်းနောသာ ကြားရရင် သူသာမဟုတ်ဘဲ မင်းပါကြားရရင် “ရှေ့တန်းစစ်မျက်နှာ”ကိုလာဖို့ မင်းတို့ ဒါလောက် အရင်စလိုဖြစ်နေမှာ မဟုတ်ဘူး။ ခုလို မင်းကိုပြောလို့ အထင်သေးလှတယ်ဆိုပြီး စိတ်ဆိုးမသွားနဲ့ သူငယ်ချင်း။ မင်းသတ္တိရှိကြောင်း မင်းယုံကြည်နေတာကို ငါ မဖျက်ဆီးလိုပါဘူး။ ဒါပေမဲ့ ဒီလို သတ္တိရှိတာဟာ ဒီမှာတော့ ဘာမှအကျိုးမရှိဘူး။ ဒီမှာ သတ္တိကောင်းတဲ့လူတွေရော သတ္တိနည်းတဲ့လူတွေပါ သူတို့ကိုယ်ကို သူတို့ ဘယ်လိုမှကာကွယ်ဖို့ အခွင့်အရေးမရရှာကြဘဲ ကျင်းတစ်ကျင်းထဲမှာပဲ သေဆုံးကြရတယ် သူငယ်ချင်း။ ခဲယမ်းမီးကျောက် ၁၄ ရက်စာသာ၊ နောက်ထပ် တစ်ချိန်ချိန်မှာသာတို့ ရရှိမယ်ဆိုရင်လေ…။ အို… သူငယ်ချင်းရေ မီးပန်းတွေရှို့ပြီး ကစားလို့ ပျော်လိုက်မယ့်ဖြစ်ခြင်း…။ ငါ့အမြောက်တပ်ခွဲမှာ ကျည်ဆန် ၂၆ တောင့်ပဲရှိတော့တယ်။ နောက်ထပ်လည်း မရတော့ဘူး။ မင်းဟာ (အမြောက်တပ်၏ ကိုးကွယ်ရာ ခရစ်ယာန်ရဟန္တာ) စိန့်ဘာဘရာဖ် အနွေဝါသီက တပည့်တစ်ယောက်ဖြစ်တာမို့ တို့ ဘယ်လိုအဆုံးသတ်မယ်ဆိုတာ မင်း ထင်ချင်သလိုထင်ပေတော့။

ငါလည်း ဒီမှာ ကိုယ်အင်္ဂါအစုံအလင်နဲ့ ရှိနေတုန်းပါပဲ။ ကျန်း

ကျွန်းမာမာပါပဲ။ စီးကရက်တစ်ဒါဇင်နဲ့ တမြန်နေ့က စွပ်ပြုတ် သောက်ရတယ်။ ဒီနေ့ ဝက်သားဘူးတစ်ဘူး ရတယ်။ (ရိက္ခာမှန်မှန် ထောက်ပံ့မှု မရှိတော့ လူတိုင်းဟာ ကိုယ်ရကိုယ်ယူပဲ။) မြေအောက် အိမ်ခန်းတစ်ခုမှာ ဆောင့်ကြောင့်ထိုင်ပြီး အိမ်ထောင်ပရိဘောဂတွေကို ထင်းမီးရှို့နေတယ်။ အသက် ၂၆ နှစ် ငယ်ရွယ်သေးပေမယ့် အရွးတော့ မဟုတ်ဘူး။ အရစ်တွေရဖို့ စိတ်အားထက်သန်ပြီး မင်းတို့ တစ်တွေနဲ့အတူ "ဟေး… ဟစ်တလာ"လို့ အော်ခဲ့ဖူးတဲ့ လူ အများကြီးထဲက တစ် ယောက်ပေါ့။

အခုတော့ ခွေးလိုပဲသေမလား…၊ ဆိုက်ဗေးရီးယားကိုပဲ သွားရလေမလားပဲ။ ဘာပဲဖြစ်ဖြစ် မဆိုးပါဘူး။ ဆိုးတာက လုံးဝအဓိပ္ပာယ် မရှိတဲ့ ရည်ရွယ်ချက်တစ်ခုခုအတွက် ဒီတိုက်ပွဲကို ဆင်နွှဲနေကြမှန်းသိလို့ ကြိတ်မနိုင်ခဲမရ ဖြစ်ရတာပါပဲ…။

ဒါပေမဲ့… ဒင်းတို့လာပါစေ…။ ငါ့တပ်ခွဲ ၃ က အမြောက် ကျည်ဆန် ၂၆ တောင့် ရှိသေးတယ်။ တပ်ခွဲမှူးမှာလည်း ခြောက်လုံးပြူး တစ်လက်နဲ့ တောက်ပြောင်နေတဲ့ ယမ်းတောင့် ခြောက်တောင့် ရှိသေးတယ်။

ကဲ… စာအဆုံးသတ်ဖို့ သင့်ပြီထင်တယ်။ ကျည်ဆန်တွေ တဝီဝီနဲ့ လာနေတယ်။ မြေကြီးထဲ ခပ်နက်နက်ကလေး တွားဝင်ဖို့ အချိန်ရောက်ပြီ။ ဟေ့သူငယ်ချင်း… မင်း ဒီစာကို ပြန်ဖို့မလိုပါဘူး။ ဒါပေမဲ့ တို့စစ်ကြောင်းမှာ နှစ်ပတ်အတွင်းဆိုပါတော့၊ ဘယ်လိုရှိမယ်ဆိုတာ စဉ်းစားကြည့်စမ်း။ အဆုံးသတ်ကို ကြိုတင်ပြီးသိရအောင် အကြားအမြင် ဉာဏ်တန်ခိုးရှိဖို့ မလိုပါဘူး။ တကယ် ဘယ်လိုအဆုံးသတ်မယ် ဆိုတာတော့ ဘယ်သိနိုင်ပါ့မလဲ…။ ။

[ ၁၉ ]

## ချစ်ဇနီးသို့

**အချစ်ရေ…**

စာပို့လေယာဉ်ထွက်လိမ့်မယ်လို့ ဌာနချုပ်စခန်းက မောင်အခုပဲကြားခဲ့တယ်။ မောင့်လက်ရေးကို အချစ် ဖတ်နိုင်လိမ့်မယ်လို့ မျှော်လင့်တယ်။ ဒါ့ထက်ကောင်းတဲ့ စက္ကူလည်း ဒီမှာမရနိုင်ဘူး။ ဒါပေမဲ့ စက္ကူပေါ်ရေးထားတဲ့ စာတွေသာ အရေးကြီးတာပါ အချစ်။

မှောင်လည်းမှောင်နေပြီ။ မောင့်အလုပ်ကတော့ မော်တော်ဆိုင်ကယ်နဲ့ စာလိုက်ပို့ရတဲ့ အလုပ်ဖြစ်လို့ နေရာအနှံ့အပြား သွားနေရတယ်။ ဒါကြောင့်လည်း မောင်တို့ စာရေးပို့နိုင်ခွင့်ရှိကြောင်း သိရှိတာပေါ့။ မောင်တော့ ကျန်းကျန်းမာမာပါပဲ။ အချစ်ရော နေကောင်းရဲ့လား။ နေကောင်းလိမ့်မယ်လို့ မောင် မျှော်လင့်တယ်ကွယ်။

ရေခဲတွေနဲ့ နှင်းခဲတွေအပေါ်မှာ မော်တော်ဆိုင်ကယ် လျှောက်စီးနေရတာကတော့ ပျော်ပွဲစားထွက်သလို မဟုတ်ဘူးပေါ့။ ဒီမှာ… မောင် ဘယ်သူ့ကိုလာတွေ့နေရတယ် ထင်သလဲ… အချစ်။ မှန်းကြည့်စမ်း။ ကုန်သည်ကြီးဂရွန်းဒီလ်ရဲ့ သားပေါ့။ သူကတော့ ရိက္ခာ ထောက်ပံ့ရေးဘက်မှာ လုပ်နေတယ်။ သူတို့တော်တော်နဲ့ နေရာရွှေ့ပြောင်းရဦးမှာ မဟုတ်ဘူး။ ဒါကြောင့်လည်း ဝက်သားတစ်ဘူးနဲ့ ပေါင်မုန့်နှစ်လုံးကို မောင် ရတယ်။

မောင်တို့ဟာ အိမ်ကို ပါဆယ်ပို့ခွင့် မရဘူး။ ပို့ခွင့်သာရရင် အချစ်အတွက် ဝက်သားဘူးကို မောင် ပို့လိုက်မှာပါ။ မောင်မစားရလို့လည်း မောင် ဂရုမစိုက်ပါဘူး။ မာရီလေးရော ဘယ်လိုလဲ နေကောင်းရဲ့လား။ ဆွေမျိုးအားလုံး နေကောင်းကြရဲ့လား။ မောင် စာမရတာ တော်တော်ကြာပြီ။ မောင် နောက်ဆုံးရတဲ့စာဟာ လွန်ခဲ့တဲ့ နှစ်ပတ်လောက်က ရစ်ချတ်ဆီကစာပါပဲ။ မှောင်နေပြီဖြစ်လို့ ဒီမှာပဲ စာအဆုံးသတ်လိုက်တော့မယ်နော်… အချစ်။ နောက်ပြီး ဆယ်ကီလိုမီတာလောက် သွားစရာရှိသေးတယ်… အချစ်ရဲ့။ ။

(၂၀)

## အိမ်ဦးကျန်ရစ်ခဲ့သည့် သားသမီးနှစ်ယောက်နှင့် ဇနီးအား နောက်အိမ်ထောင်ပြုရန် ပေးစာ

**ချစ်ဇနီးရေ ...**

ဒီ နှလုံးနာစရာကောင်းတဲ့ မြို့ကနေပြီး အချစ်ထံကို ကိုယ် စာရေးခဲ့တာ ၂၆ စောင်ရှိပြီ။ အချစ်ဆီက စာ ၁၇ စောင် ပြန်ရတယ်။ ဒီစာဟာတော့ ကိုယ့်အဖို့ နောက်ဆုံးရေးခြင်းပါပဲ။ နောင်ကိုတော့ ဘယ်တော့မှ ကိုယ် စာမရေးတော့ဘူး။ ကဲလေ... ကိုယ်ပြောစရာ ရှိတာကို ပြောလိုက်ရမှာပဲ။ အချစ်ကို ပြောစရာရှိတာတွေ အားလုံးပါအောင်၊ အချစ်အတွက် သိပ်ပြီးကြေကွဲဝမ်းနည်းစရာမျိုးလည်း မဖြစ်ရအောင် ဒီလောက်ပြည့်စုံတဲ့ ဝါကျလေးတွေကို ဘယ်လိုဖွဲ့ရပါ့မလဲဆိုတာ ကိုယ် တော်တော်ကြာအောင် စဉ်းစားနေခဲ့တယ်။

ဒီနေ့ နံနက်ပိုင်းကစပြီး ကိုယ်တို့ စစ်ရေးပြဿနာဟာ စင်းစင်းကြီးသိနေရလို့ ကိုယ်လည်း အချစ်ကို နောက်ဆုံး နှုတ်ဆက်ခြင်းအနေနဲ့ နှုတ်ဆက်လိုက်လိုက်ပါတယ်။ ကိုယ်ရဲ့ ဒီစာထဲမှာ စစ်ရေးအခြေအနေနဲ့ ပတ်သက်လို့ ဘယ်လိုမှ ဝေဖန်ပြောဆိုခြင်း မပြုတော့ပါဘူး။ ကိုယ်တို့ အခြေအနေဟာ ရှုရှားတွေအပေါ်မှာသာ လုံးဝတည်နေတယ်။ ကိုယ်တို့ ဘယ်လောက်ကြာကြာ ဒီမြို့မှာ နေနိုင်ဦးမှာလဲ··· ဆိုတဲ့ မေးခွန်းတစ်ခုကိုပဲ မေးစရာရှိတော့တယ်။ နောက်ထပ် ရက်အနည်းအကျဉ်း၊ ဒါမှမဟုတ် နာရီအနည်းငယ်သာ နေနိုင်စရာရှိတော့တယ်။

ကိုယ်တို့နှစ်ဦးရဲ့ ဘဝတစ်ခုလုံးကို ကိုယ်တို့ပြန်ကြည့်နိုင်ကြပြီလေ။ ကိုယ်တို့ဟာ တစ်ဦးရဲ့ဂုဏ်ကိုတစ်ဦးက စောင့်ထိန်းလို့ တစ်ဦးကိုတစ်ဦး အညီအမျှချစ်ခဲ့ကြတယ်။ နောက်ပြီး တစ်ဦးနဲ့တစ်ဦးပြန်တွေ့ကြဖို့ စောင့်ဆိုင်းခဲ့ကြတာဟာ ခုဆိုရင် နှစ်နှစ်ကြာသွားပြီ ဒီလောက်အချိန်ကြာသွားတာ ကောင်းတော့လည်းကောင်းသားပဲ။ ဒီလွန်ခဲ့တဲ့ နှစ်နှစ်ဟာ ကိုယ်တို့ရဲ့ မျှော်တလင့်လင့်ဖြစ်မှုကို ပိုသည်းအောင်လုပ်တာမှန်ပေမယ့်လည်း ကိုယ်တို့ကို သူစိမ်းတစ်ရံဆံများ ဖြစ်လာအောင်လည်း အများကြီးဖန်တီးပေးတယ်။ နောက်ပြီး ကိုယ်ပြန်မလာတော့လို့ အချစ်မှာ ခံစားရမယ့် ဒဏ်ရာဒဏ်ချက်တွေကိုလည်း အချိန်ကာလကသာ ကုစားသွားပါလိမ့်မယ်··· အချစ်။

ဇန်နဝါရီလကျရင် အချစ်ဟာ အသက် ၂၈ နှစ်ပြည့်ပြီ။ ဒီအသက်ဟာ အချစ်လို မိန်းမချောတစ်ယောက်အတွက် အရွယ်ကောင်းတုန်းပဲ။ အချစ်ရဲ့အလှကို ဒီလို ထပ်ခါတလဲလဲ ချီးမွမ်းနေနိုင်တာကို ကိုယ် ဝမ်းသာအားရဖြစ်မိတယ်။ အချစ်လည်း ကိုယ့်ကို သိပ်လွမ်းနေမှာပဲ။ ကိုယ့်ကို လွမ်းနေလို့လည်း လူတွေနဲ့ မရောမနှော၊ ကင်းကင်းကွာကွာ မနေနဲ့ပေါ့။

ရှင်းတောက်ပြန်စာလေ

ဂါထရှဒ်နဲ့ ကလော့စ်တို့နှစ်ယောက်ဟာ ဖခင်တစ်ယောက်တော့ ရှိဖို့လိုလိမ့်မယ်။ အချစ်ဟာ ကလေးတွေအတွက် ဘဝကို ရင်ဆိုင်ရမယ် ဆိုတာ မမေ့ပါနဲ့။ ကလေးတွေအဖေကို ရွေးချယ်တဲ့နေရာမှာလည်း သိပ်ပြီး ဇီဇာမကြောင်ပါနဲ့။ ကလေးတွေဟာ အထူးသဖြင့် ဒီလိုအရွယ်မှာ မေ့လွယ်ပျောက်လွယ်ပါ။ အချစ်ရွေးမယ့် လူကို သေသေချာချာ ဂရုစိုက် ရွေးပေါ့။ ကိုယ့်နဲ့အချစ် တစ်ဦးကိုတစ်ဦး ရွေးခဲ့တုန်းကလိုသာ ရွေးခဲ့ရင် အချစ်မှာ မှားစရာမရှိဘူး။ ဒါ့ထက် အရေးကြီးတာကတော့ ကလေးတွေကို လူတော်လူကောင်း ကလေးတွေ၊ ကိုယ့်ထူးကိုချွန်နိုင်တဲ့ ကလေးတွေ၊ လောကကို အမြင်မှန်နဲ့ ကြည့်နိုင်မြင်နိုင်တဲ့ သူလေးတွေ ဖြစ်လာအောင် မွေးမြူစောင့်ရှောက် မြေတောင်မြှောက်ပေးဖို့ပါပဲ။ ဒါဟာ အရေးအကြီး ဆုံးပါ… အချစ်။

ကိုယ်ဟာ ဒီစာကြောင်းတွေကို ရင်နင့်အောင်ခံစားရင်း ရေးနေရ တာပါ။ ကိုယ့်စိတ်ထဲမှာ ဘာမှမဖြစ်ဘဲ ဒီစာကို လွယ်လွယ်ပဲ ရေးလိုက် တယ်ဆိုရင် အချစ်လည်း ယုံမှာမဟုတ်ပါဘူး။ ဒါပေမဲ့ စိတ်မပူပါနဲ့… အချစ်ရယ်။ လာမယ့်ဘေးကို ကိုယ်မကြောက်ပါဘူး။ အချစ်ကိုအချစ် ထပ်ခါထပ်ခါ ပြောနေစေချင်တဲ့စကား၊ ကလေးတွေ ကြီးပြင်းလာတဲ့အခါ သူတို့ကိုလည်း ထပ်ခါထပ်ခါ ပြောစေချင်တဲ့စကားတွေကို ကိုယ် နောက် ဆုံးရေးခဲ့ပါရစေ အချစ်။

အဲဒီစကားကတော့ သူတို့အဖေဟာ ဘယ်တုန်းကမှ လူကြောက် လူရွံ့ မဟုတ်ခဲ့ဘူး၊ မဖြစ်ခဲ့ဘူး။ သူတို့လည်းပဲ ဘယ်တော့မှ လူကြောက် လူရွံ့တွေ မဖြစ်ရဘူး… ဆိုတာပါပဲ။ ။

ရှမ်းတောင်စာပေ



[၂၁]

## ချစ်ဝနီးသို့

**အချစ်ရေ…**

ဒီ ရှုပ်ရှုပ်ထွေးထွေး အခြေအနေဟာ ခုဆို ၁၁ နှစ်ရှိသွားပြီ။ နောက်ဆုံးရေးတဲ့အနေနဲ့ ဒီနေ့ စာတိုတိုပဲ ရေးလိုက်ပါတယ်။ တခြားစာတွေကိုလည်း အချစ် ကောင်းမွန်စွာ ရရှိလိမ့်မယ်လို့ မောင် မျှော်လင့်တယ်။ မောင့်အတွေ့အကြုံကတော့ အကောင်းရောအဆိုးပါ ဒွန်တွဲလျက်ပါပဲ။ ဒါပေမဲ့ မောင့်ဘဝကို အားလုံး ခြုံကြည့်လိုက်တဲ့အခါ တစ်ချိန်တုန်းက ဘဝဟာ ချောချောမောမော၊ ပြေပြေပြစ်ပြစ်၊ တင့်တင့်တယ်တယ်ပါပဲ။ ဒါ ဘာကြောင့်လဲ။ ခုလို မချောမော မပြေပြစ်တဲ့ နေ့ရက်တွေကို စိတ်အေးအေးနဲ့ သည်းညည်းခံနေရတော့မှာပဲပေါ့…။

ရုရှားတွေက ဖိလွှန်းလို့ မောင်တို့ဟာ မြို့တွင်းကို လုံးဝဆုတ်ပေးလိုက်ရတယ်။ ဒီစိတ်နာစရာကောင်းတဲ့ မြို့ကို ဆုတ်ပေးလိုက်ရတော့

ဒီတိုက်ပွဲ အမြန်ဆုံးပြီးဆုံးပါစေလို့ တောင့်တနေရတာပါပဲကွယ်…။

ဒီလိုပြီးဆုံးတဲ့အခါ မောင် ရေးခဲ့ဖူးသလို "ကျွန်ုပ်သည် ဘုရားသခင်၏ အလိုတော်အရ ကျွန်ုပ်လမ်းအတိုင်းသာ ရောင့်ရဲတင်းတိမ်စွာ သွားပါရစေသတည်း…"။

သာယာဖြောင့်ဖြူးကြပါစေ…။ ။

ရှင်းတောင်စာပေ

## [၂၂]
## ချစ်ဝနီးသို့

**မောင့်အချစ်ရေ…**

အချစ်ကို မောင်ဟာ အမြဲသတိရ အောက်မေ့နေတယ်ကွယ်။ ဒီနေ့မောင်တို့ ရာရှင်အတွက် တန်းစီနေရတုန်းကလည်း အချစ်ကို သတိရနေပြန်တယ်။ အချစ် ချက်ကျွေးလေ့ရှိတဲ့ စားကောင်း သောက်ဖွယ်တွေ အကြောင်းကို ပြန်ပြောင်းစဉ်းစားမိလို့ပါပဲ…

မောင့်ခြေအိတ်တွေလည်း ဖွာနေအောင် စုတ်ပြဲနေတယ်။ နောက်ပြီး မောင့်ချောင်းဆိုးရောဂါကလည်း မပျောက်နိုင်သေးဘူး။ ဒီချောင်းဆိုးအတွက် ဆေးလည်းမရနိုင်ဘူး အချစ်ရဲ့။ ဖြစ်နိုင်ရင် အချစ်ဆီက ချောင်းဆိုးပျောက်ဆေးရည် ပို့ပေးပါလား… နော်။ ဖန်ပုလင်းနဲ့ ထည့်ပြီးတော့ မပို့ပါနဲ့။ အချစ်ရော အအေးမိသေးသလား၊ အနွေးထည် ဝတ်ထားနော်။ မီးလှုံဖို့ မီးသွေးရော အိမ်မှာ လုံလုံလောက်လောက် ရှိရဲ့လား။

တစ်ခါတုန်းက ပရိဘောဂလုပ်ဖို့ ဟိုလူကို သစ်တွေပေးဖူးတယ်။ အဲဒီသစ်တွေအတွက် သူ့ဆီက မီးသွေးတောင်းယူပေါ့။

ဒီမှာ ခရစ္စမတ်ပွဲ မလုပ်နိုင်ဘူး။ ခရစ္စမတ်နေ့တုန်းက မောင်ခရီးထွက်နေရတယ်။ အရေးထဲမှာ လမ်းမှားသွားမိလို့ ဆီးနှင်းတွေထဲ နှစ်နေသေးတယ်။ ဒါပေမဲ့ ခဏကလေးပါ။ နောင်နှစ်မှာတော့ ခရစ္စမတ်ပွဲကြီးကို လုပ်ဖြစ်အောင်လုပ်မယ်လို့ ဆုံးဖြတ်ထားတယ်။ အချစ်ဆီကိုလည်း လက်ဆောင်လှလှပေးဖို့ စိတ်ကူးထားတယ်။

အခု... အချစ်ဆီ လက်ဆောင်မပို့နိုင်တာဟာလည်း မောင့်အပြစ် မဟုတ်ပါဘူး။ မောင်တို့ ပတ်ပတ်လည်မှာ ရုရှားတွေချည်းပါပဲ။ ဟစ်တလာက မောင်တို့ကို ထုတ်မယူမချင်း မောင်တို့တော့ ဒီက ထွက်နိုင်မှာမဟုတ်ဘူး။ ဒါပေမဲ့... အချစ်... ဒီစကားကို ဘယ်သူ့ကိုမှ မပြောရဘူးနော်။ ရန်သူအငိုက်ကို အလစ်ဖမ်းပြီး လုပ်ရမယ့်အလုပ်လို့ ပြောကြတယ်...။ ။

ရှမ်းကောင်းစာပေ

[၂၇]

## သူငယ်ချင်းသို့

သူငယ်ချင်း…

ငါတို့လည်း ပြောချင်တာမပြောရဘဲ မျိုသိပ်အောင့်အည်းထားရတာ များလှပြီပေါ့။ ဒီတစ်ခါလည်း မျိုသိပ်ထားရပေဦးမယ်လေ။ ဒီအရှုံးအနှမ်း အဓိပ္ပာယ်မရှိတဲ့ အခြေအနေကိုတော့ မျိုသိပ်ထားရဦးမယ်။ ဒီလိုမျိုသိပ် အောင့်အည်းထားရတာဟာ အခက်ဆုံးပဲလို့ ဆိုရမှာပဲ။ ဒီကတို့ ဘယ်လိုထွက်မလဲဆိုတာ ငါတော့စဉ်းစားလို့ မရပါဘူး။ ဒါပေမဲ့ ဒါဟာ ငါ့အလုပ် မဟုတ်ပါဘူး။ တို့ဟာ အမြဲအတိုင်း ဒီအထဲကို ချီတက် ဝင်ရောက်ခဲ့ရတယ်။ အမြဲအတိုင်း ပစ်ခတ်ကြရတယ်။ အမြဲအတိုင်း အစာငတ်ခံကြရတယ်။ အမြဲအတိုင်း သေကြရတယ်။ နောက်ပြီး အမြဲအတိုင်း ဒီထဲက ချီတက်ထွက်ခွာကြရဦးမယ်။ အကုန်လုံး အမြဲအတိုင်းချည်းပါပဲ။

တို့ ထွက်မယ်ဆိုရင် ထွက်နိုင်ခဲ့တာ ကြာလှပြီ။ မဟာသေနင်္ဂ ဆရာကြီးတွေက သဘောချင်းတိုက်ဆိုင်မှု မရသေးလို့သာ မထွက်ရတာပါ။ သူတို့ သဘောတိုက်ဆိုင်မှုဟာ ခုတောင်ပဲ အချိန်လွန်ကောင်းလွန်နေပြီ။ ခုမလွန်သေးရင် မကြာခင်လွန်မှာပါပဲ။ အမိန့်အတိုင်း နောက်ထပ်တစ်ခါ ချီတက်ရဦးမယ်ဆိုတော့ သေချာနေပြီ သူငယ်ချင်း။ ဒီတစ်ခါတော့ မူလက ကြံရွယ်စီစဉ်ထားတဲ့ အရပ်မျက်နှာအတိုင်း ဖြစ်မှာပဲ။ ဖြစ်ဖို့လည်း များပါတယ်။ ဒါပေမဲ့ လက်နက်တွေမပါဘဲ ချီတက်လိမ့်မယ်။ တပ်တော်ရဲ့ ဗိုလ်ချုပ်ရာထူး အပြောင်းအလဲလည်း ရှိလိမ့်မယ်။

တို့ရဲ့ ဘေးချင်းကပ်နေတဲ့ အမြောက်ကြီးတပ်က ကင်မနာဆိုတဲ့ လူဟာ ဟင်လင်မ်ဆိုတဲ့လူနဲ့ အန်စာပစ်ပြီး အလောင်းအစား လုပ်နေတယ်။ လစာလည်းပြုတ်၊ လက်ပတ်နာရီလည်းပြုတ်၊ လက်စွပ်လည်း ပြုတ် ငွေချေးလက်မှတ်တစ်ခုနဲ့ သူ့အိပ်မှာ ကျန်ရစ်တဲ့ စန္ဒရားတောင် မနေရဘူး ပြုတ်တာပဲ။ ဒီမှာ လူတွေဟာ တအံ့တသြ၊ ထူးထူးဆန်းဆန်း၊ အရူးအနှမ်း စိတ်ကူးစိတ်သန်းတွေ ရကြတယ်။ ဒီအလောင်းအစားလုပ်လိုက်တဲ့ စန္ဒရားကို တရားရုံးက ဘယ်သူပိုင်စေလို့ဆိုမလဲ။ ငါ သိချင်လိုက်တာကွာ။ ဖက်ဆိုလို့ခေါ်တဲ့ ကောင်ကလေးကတော့ သူ့လက်ပတ်နာရီနဲ့ လက်စွပ်ကို ပြန်ရနိုင်တယ်။ အလောင်းအစားကြောင့် ရှုံးသွားတဲ့ သူပိုင် နွေရာသီအိမ်ကိုတော့ သူ နက်ဖြန်ပြန်ရကောင်းပါရဲ့။ ဒါပေမဲ့ သူတို့နှစ်ယောက်စလုံး ကျဆုံးလို့သေကြရင် ဒီခြံမြေအိမ်ရာတွေနဲ့ ပတ်သက်တဲ့ သေတမ်းစာတွေကို တရားဝင်ဖြစ်အောင် ဘယ်သူတွေက ဘယ်ရုံးတင်ပြကြမလဲ။ ဒါတွေကို ငါသိချင်လိုက်တာ... သူငယ်ချင်း။ အချိန်တော့ရှိတော့မှာ မဟုတ်ဘူး။

ရွှေပေထောင်စာပေ

ငါမသိတာတွေ အများကြီးရှိသေးတာပဲ။ ဒါတွေကိုလည်း ငါကျော်လွှန်နိုင်မယ်လို့ ထင်တယ်။ အစက ငါပြောခဲ့သလို၊ ငါတို့ မျိုးသိပ်အောင့်အည်း ထားခဲ့ရတာတွေဟာ များလှပြီ။ အီဂွန်ကို ပြောပြလိုက်ပါ။ ''စတာလင်ဂရက်အတွင်းရှိ ဒုဗိုလ်တစ်ယောက်ရဲ့ ဒုက္ခများ'' ဆိုတာကို ပြောလိုက်စမ်းပါ။ အလျှော်အစားလုပ်တဲ့အခါ မကြာတော့ဘူး ထင်ပါရဲ့။ တို့ဟာ ပစ်ရတော့မယ်။ တို့ရဲ့ သေနတ်အပစ်ဟာ အန်စာအပစ်ထက် ကောင်းတယ်… သူငယ်ချင်း။ ။

ရွှေမတောင်စာပေ


(၂၄)

## သစ္စာမဲ့သော နေ့သို့

မင်းနဲ့ပတ်သက်လို့ ငါ ဘယ်အခြေအနေ ဆိုက်သလဲဆိုတာ အခုငါသိရပြီမို့ မင်း ခံယူထားခဲ့တဲ့ ကတိသစ္စာက မင်းကို ငါ လွတ်လပ်ခွင့် ပေးလိုက်တယ်။ ဒီလို လုပ်လိုက်ရတာဟာ ငါ့အတွက်တော့ လွယ်တဲ့ကိစ္စ မဟုတ်ဘူး။ ဒါပေမဲ့ တို့ရဲ့ ကွဲလွဲခြားနားပုံတွေဟာ ကြီးမားလွန်းပါတယ်။

ရက်ရောတဲ့ အသည်းနှလုံးပိုင်ရှင် သဘောထားကြီးတဲ့ မယားကို ငါ ရှာယူခဲ့တယ်။ ခုတော့ အဲဒီအသည်းနှလုံးဟာ ငါမျှော်လင့်ထားသလို မရက်ရောဘူး။ သဘောထားမကြီးကြောင်းလည်း သိမြင်လာရတယ်။ ငါ အမေ့ဆီကို စာရေးပြီး သူ သိသင့်သိထိုက်တာတွေ ပြောလိုက်ပြီးပြီ။ မင်း ဖောက်လွဲဖောက်ပြန် လုပ်ခဲ့တယ်ဆိုတာကို ငါ ယုံကြည်လာအောင် ဖြစ်နေတဲ့အခြေအနေတွေ အကြောင်းနဲ့ အသိသက်သေတွေရဲ့ နာမည်

တွေကို ဖော်ထုတ်ပြောစမ်းပါလို့ ပြန်မေးပြီး ငါ့ကို ဒုက္ခမပေးပါနဲ့တော့။ ငါတောင်းပန်ပါတယ်။ မင်းကို မုန်းတဲ့စိတ်လည်း ငါ့မှာမရှိပါဘူး။ တို့လင်မယားပြတ်စဲဖို့ ခိုင်လုံတဲ့ အကြောင်းပြချက်ကိုသာ ရှာထားစမ်းပါ။ လုပ်စရာရှိတာကို မြန်မြန်ပြီးပြတ်အောင် လုပ်ဖို့သာ ငါ မင်းကို အကြံပေးလိုက်ပါတယ်။ ပြတ်စဲဖို့ ငါ သဘောတူကြောင်းကိုလည်း ဒေါက်တာ အက်ဖ်ဆီ ငါ စာရေးပြီးပြီ။ နောက်ပြီး မင်းလုပ်စရာရှိတာကိုသာ မြန်မြန်ပြီးအောင်လုပ်ထားပါ။ နောက်ခြောက်လလောက်မှာ ငါ အိမ်ပြန်ရောက်လာရင် မင်းအကြောင်းကို ငါ ဘာမှမသိချင်တော့ဘူး။ သတိလည်း မရချင်ဘူး။ ဖေဖော်ဝါရီ သို့မဟုတ် မတ်လမှာ ငါရသင့်ရထိုက်တဲ့ ခွင့်ကိုလည်း ငါ မယူတော့ဘူး ပြန်အပ်လိုက်မယ်…။



[၂၅]

## ချစ်သမီးသို့

သမီးချစ် မာရီယာ...

ခုတင်ကလေးကပဲ ဖေဖေတို့ တပ်ကြပ်ကြီးက ဖေဖေ့ကို ခရစ္စမတ်ပွဲအတွက် အိမ်မပြန်နိုင်တော့ဘူးလို့ ပြောတယ်။ သူပေးထားတဲ့ ကတိအတိုင်းတည်ဖို့ သူ့ကို ဖေဖေပြောတော့ သူက ဖေဖေ့ကို ဗိုလ်ကြီးထံ လွှတ်တယ်။ ဗိုလ်ကြီးက တခြားလူတွေလည်း ဒီလိုပဲ ခရစ္စမတ် အတွက် ခွင့်သွားချင်ကြတာပဲ။ သူတို့လည်း ခွင့်နဲ့အိမ် ပြန်လာကြမယ်လို့ သူတို့ ဆွေမျိုးတွေထံ ပေးခဲ့တဲ့ကတိတွေလည်းပဲ ပျက်ကြရတာပဲလို့ ပြောတယ်။ ဖေဖေတို့ ခွင့်မသွားနိုင်တာဟာ သူ့အပြစ် မဟုတ်ဘူးတဲ့။ နောက်ပြီး ဖေဖေတို့ ခုလို အသက်ရှင် နေနိုင်သေးတဲ့အတွက် ဝမ်းမြောက်နေသင့် ကြောင်း၊ အေးတဲ့ဆောင်းရာသီအတွင်း ခရီးရှည်သွားဖို့ ကောင်းကြောင်း လည်း ဗိုလ်ကြီးက ပြောသေးတယ်... သမီး။

ချစ်သမီး မာရီယာရေ… ဖေဖေ ခွင့်နဲ့ မလာနိုင်တဲ့အတွက် သမီး စိတ်မဆိုးရဘူးနော်။ ဖေဖေဟာ အိမ်နဲ့လူစီကလေးကို ခဏခဏ သတိရအောက်မေ့တယ်။ လူစီကလေးက အခု ရယ်ပြနိုင်ပြီလား မသိဘူး။ ခရစ္စမတ်သစ်ပင်ကို သမီး လှလှပပပြင်ဆင်နိုင်ရဲ့လား။ ဖေဖေတို့လည်း တခြားနေရာမပြောင်းရရင် ခရစ္စမတ်သစ်ပင် လုပ်ကြဖို့ပါပဲ။ ဒါပေမဲ့ ဒီကအကြောင်းတွေ ဖေဖေ သိပ်မရေးချင်ဘူး။ ရေးရင် သမီး ငိုမိမယ်။ ဖေဖေရဲ့ ဓာတ်ပုံတစ်ပုံ ထည့်ပေးလိုက်မယ်။ မှတ်ဆိတ်နဲ့ပေါ့။ လွန်ခဲ့တဲ့ သုံးလလောက်က ကာကော့ပ်ဆိုတဲ့ နေရာမှာ ဖေဖေ့သူငယ်ချင်းတစ်ယောက်က ရိုက်ပေးတဲ့ပုံပါပဲ သမီး။

ဒီမှာ ကောလာဟလ သတင်းတွေ အများကြီးဖြစ်နေတယ်။ ဖေဖေတော့ ဘာဖြစ်မယ်ဆိုတာကို မမှန်းတတ်အောင်ဘဲ။ တစ်ခါတလေ ဖေဖေတို့ အချင်းချင်း တွေ့မှတွေ့ဆုံနိုင်ကြပါ့မလားလို့ ဖေဖေတော့ စိုးရိမ်မိတယ် သမီးရယ်။ ကရယ်ဖယ်ဒ်မြို့က ဟိန်းနားဆိုတဲ့လူတွေက စာထဲမှာ ဒါတွေမရေးရဘူးလို့ ဖေဖေ့ကို ပြောတယ်။ ဆွေမျိုးတွေ ကြောက်ကုန်လိမ့်မယ်လို့ ဆိုတယ်။ ဒါပေမဲ့ ဒီအတိုင်း မှန်ခဲ့ရင်ရော ဘာဖြစ်သွားမှာလဲ…။

သမီးလေး မာရီယာ၊ ဖေဖေဟာ သမီးကို ဝေ့လည်ကြောင်ပတ် လုပ်နေမိပြီ။ ဒီစာပို့အခေါက်ဟာ နောက်ဆုံးအခေါက်ပဲလို့ တပ်ကြပ်ကြီးက ဖေဖေ့ကိုပြောတယ်။ နောက်ထပ်လည်း ဘယ်လေယာဉ်ပျံမှ မထွက်တော့ဘူးတဲ့။ ဖေဖေဟာ ဘယ်လိုနည်းနဲ့မှ လိမ်ပြောဖို့၊ ညာပြောဖို့ ဖေဖေ့ကိုယ်ဖေဖေ မလုပ်နိုင်ဘူး။ နောက်ပြီး ဖေဖေ့ခွင့်လည်း ခုဆိုရနိုင်

ရှင်မကောင်းစာပေ

တော့မယ် မထင်ဘူး။ သမီးကို နောက်ထပ်တစ်ကြိမ်ကလေးပဲ တွေ့ချင်စမ်းလိုက်တာ သမီးရယ်။ အဖြစ်ကလည်း ဆိုးလှချည်လားကွယ်။ သမီးဖယောင်းတိုင်တွေ ညှိထွန်းတဲ့အခါ စတားလင်ဂရက်မှာရှိနေတဲ့ သမီးရဲ့ဖေဖေကို မမေ့နဲ့နော် သမီး…။ ။

ရှုမဝစာပေ

(၂၆)

## ချစ်သော မာရီယာသို့

ချစ်သော မာရီယာ…

မာရီယာက ကိုယ့်ဆီကို မိန်းကလေးတွေနဲ့ အပေါင်းအသင်း အသွားအလာဆင်ခြင်ဖို့ စာရေးတယ် မဟုတ်လား။ ဒီတစ်ပိုက်မှာ ဘယ်မိန်းကလေးမှ မရှိဘူး။ ယောက်ျားချည်းပါပဲ။ နှစ်ရာလောက်ရှိတယ်။ မစိုးရိမ်ပါနဲ့ မာရီယာ။

ဒါနဲ့… ကြာသပတေးနေ့က ကိုယ်တို့ ရုပ်ရှင်သွားကြည့်တဲ့ အကြောင်းကို မာရီယာကို ပြောပြရဦးမယ်…။ ရုပ်ရှင်ဆိုလို့ အချိန်မှန်ပြလေ့ရှိတဲ့ ရုပ်ရှင်တော့မဟုတ်ဘူး။ ဝါဒဖြန့်ချိရေးတပ်ခွဲက လာပြတဲ့ ရုပ်ရှင်ကားပါပဲ။ အချိန်မှန်ပြလေ့ရှိတဲ့ ရုပ်ရှင်ကြည့်ရတယ်ဆိုရင် ကိုယ်တို့မှာ အချိန်တွေ ဘယ်လိုမှသုံးမကုန်အောင် ပိုပိုနေတယ်လို့ မာရီယာ ထင်ချင်ထင်မှာပဲ။ ကိုယ်တို့ကြည့်ရတဲ့ ဇာတ်ကားကတော့ "ဂေအီယာ

ဝါလီ'' ဇာတ်ကားပါပဲ။ အားလုံးဟာ ကြမ်းပေါ်မှာထိုင်ပြီး တချို့က လည်း သံခမောက်တွေပေါ်မှာ ထိုင်ကြ…။ တချို့ကလည်း ကပ္ပလီတွေ လို ဆောင့်ကြောင့်ထိုင်ပြီး ကြည့်ရတယ်။ ဇာတ်ကားကတော့ တော်တော် ကောင်းတဲ့ ဇာတ်ကားပါပဲ။ တင်းကုပ်တဲလေးထဲမှာ ပြတယ်လေ။ ညနေ တိုင်းလိုလိုပြတယ်…။

မနေ့တုန်းက ရှုရှားတွေက ရွာထဲကို အမြောက်နဲ့ပစ်တယ်လို့ ကြားရတယ်။ စောစောကတည်းက ဒီ''ဂေအီယာဝါလီ''ဇာတ်ကား ကို ဒရက်စဒင်နဲ့ ဟန်နိုဗာမှာ ကြည့်ဖို့ကြံထားတာ။ မကြည့်ဖြစ်ဘူး။ အခု စတာလင်ဂရက်ရောက်မှ ကြည့်ဖြစ်တော့တယ်။ တော်တော် ရယ် စရာကောင်းတယ်လေ။ ခွင့်နဲ့ပြန်ဖြစ်ရင် ဒီဇာတ်ကားကို တကယ့်ရုပ်ရှင်ရုံ ကြီးတစ်ခုထဲမှာ ကိုယ်ကြည့်ဦးမယ်။ ဒီတင်းကုပ်တဲလေးထဲမှာ ကြည့်ရ တာတောင် တော်တော့ကို ကောင်းတဲ့ကားပဲ။ အသံကတော့ ကောင်း ကောင်းမကြားရဘူး။ လူတွေကလည်း ရယ်စရာတွေပြောပြီး သိပ်ရယ် ကြ၊ မောကြနဲ့။ နောက်ပြီး ဆေးလိပ်သောက်လိုက်ကြတာ လွန်ရောပဲ။ မီးခိုးသာမြင်ရတယ်။ တချို့လူတွေကလည်း အအေးဒဏ် သက်သာ အောင်၊ တချို့ကလည်း လာပြီး တစ်မှေးလောက်မှေးရအောင် လာကြည့် ကြတယ်။ ဒီစတာလင်ဂရက်မှာ ကြည့်လိုက်ရတဲ့ ''ဂေအီယာဝါလီ'' ဇာတ်ကားကိုတော့ ဘယ်တော့မှ မေ့မှာမဟုတ်ဘူး…။ ။

ရှင်မထောင်စာပေ

(၂၇)
## ချစ်ဝနီးသို့

**အချစ်ရေ…**

… စစ်ကြီးတစ်ခု ဖြစ်လိုက်တာဟာ တကယ့်ကို ကံဆိုးတာပဲ။ သာယာတဲ့ ရွာကလေးတွေဟာလည်း စစ်ရဲ့စတေးခြင်းခံရပြီး ပျက်စီးကုန်တယ်။ လယ်တွေကိုလည်း ဘယ်နေရာမှ မထွန်နိုင်ကြဘူး။ အဆိုးဆုံးကတော့ မြောက်မြားစွာသော လူတွေ သေဆုံးရခြင်းပါပဲ။ သူတို့တစ်တွေဟာ ကိုယ့်တိုင်းကိုယ့်ပြည်မှာ မသေကြရဘဲ ရန်သူ့နယ်မြေအတွင်းမှာ မြှုပ်နှံခြင်းခံကြရတယ်။ ဘယ်လောက် ကံဆိုးကြသလဲ… လို့။

ဒါပေမဲ့ စစ်ဟာ ကိုယ်တို့ချစ်လှတဲ့ နေရပ်ဌာနေ ဂျာမနီပြည်မှာ မဖြစ်ဘဲ ဝေးလံလှတဲ့ တိုင်းပြည်တစ်ပြည်မှာဖြစ်လို့ ဝမ်းသာစရာပဲပေါ့။ စစ်ဟာ ဂျာမနီကို ဘယ်တော့မှ ရောက်မလာရဘူး။ ကိုယ်တို့လူမျိုးတွေကို ဒုက္ခပိုမဖြစ်စေရဘူး… ပေါ့။ အချစ်ဟာ ဒီအတွက် တကယ့်ကို ကျေးဇူး

တင်ရမယ်။ ဘုရားသခင်ကို ဒူးထောက်ပြီး ကျေးဇူးတင်ရမယ်။ ကိုယ်တို့ဟာ ဇော်လဂါမြစ်ကမ်းခြေမှာရပ်ပြီး ကင်းစောင့်အလုပ် လုပ်နေရတယ်။ အချစ်နဲ့ကိုယ်တို့ အိမ်အတွက်ပေါ့… ကွယ်။ ကိုယ်တို့သာ ဒီမှာရပ်မနေရင် ရုရှားတွေဟာ ထိုးဖောက်ဝင်ရောက်ပြီး ရှိသမျှကို ဖောက်ခွဲဖျက်ဆီးပစ်ကြမှာပဲ။ သူတို့ဟာ သိပ်ကြမ်းတမ်းတယ်။ လူအင်အားလည်း သန်းပေါင်းများစွာရှိတယ်။ အအေးဒဏ်ကိုလည်း ဂရုမစိုက်ကြဘူး။ ကိုယ်တို့ဖြင့် ချမ်းလိုက်တာလွန်ရောပဲ… အချစ်ရဲ့။

ကိုယ်ဟာ နှင်းခဲထဲ တွင်းတူးပြီးနေရတယ်။ ညအခါကျမှ မြေအောက်ရှိ အခန်းတစ်ခန်းထဲ လျှောဝင်ပြီး ခဏလောက်ပဲ နေနိုင်တယ်။ ဒီလိုနေရတာဟာ ဘယ်လောက်ဇိမ်ရှိတယ်ဆိုတာ ပြောပြရင်တောင် အချစ် ယုံမှာမဟုတ်ဘူး။ ကိုယ်တို့ဟာ အမြဲအသင့်ရှိနေတော့ အချစ်တွေးပြီး ကြောက်မနေနဲ့နော်…။ ဒါပေမဲ့ ကိုယ်တို့လူစုဟာ တစ်ချိန်လုံး လျှော့သထက်လျှော့၊ နည်းသထက်နည်းလာတယ်။ ခုအတိုင်းသာဆိုရင်တော့ မကြာခင်တစ်ယောက်မှ ရှိတော့မှာမဟုတ်ဘူး။ ဒါပေမဲ့ ကိုယ်တို့ဂျာမနီပြည်ဟာ စစ်သားတွေ နောက်ထပ် အများကြီးရှိပါသေးတယ်။ သူတို့အားလုံးဟာ သူတို့တိုင်းပြည်အတွက် တိုက်ကြမှာချည်းပဲ။ မကြာခင် ငြိမ်းချမ်းရေးရပြီး ကိုယ်တို့ စစ်အောင်လိမ့်မယ်လို့ ကိုယ်တို့အားလုံး တောင့်တနေကြတယ်။ ဒါဟာ အကြီးဆုံးအချက်ပါပဲ။ ။

(၂၈)

## ကိုယ်အင်္ကျီယွင်းသွားပြီဖြစ်သော ရဲဘော်ထံမှ ချစ်ဒနီးသို့

မောင့်အချစ်ဆုံး… အဲလစ်(စ်)

အခု မောင်ရေးနေတဲ့ ဒီစာဟာ မောင့်အတွက်တော် ခက်ခဲလှပါတယ်။ အဲလစ်(စ်)အတွက် ဘယ်လောက် ပိုပြီးခက်ပေလိမ့်မလဲ…။ ဒီစာထဲမှာ ဘာသတင်းကောင်းမှ ပါမှာမဟုတ်ဘူး။ သတင်းကောင်းများ ရှိလာနိုး… ရှိလာနိုးနဲ့ စာမရေးသေးဘဲ ဆိုင်းထားတာ ဆယ်ရက်ရှိသွားပြီ။ ဘာသတင်းကောင်းမှ ပေါ်မလာဘူး။ အခြေအနေဟာ ခုသိပ်ဆိုးတာပဲ။ မကြာခင် မောင်တို့ အပြင်နဲ့ လုံးလုံးအဆက်ပြတ်မှာ စိုးရိမ်နေရတယ်။ အခု မောင်တို့ရေးနေရတဲ့ စာတွေဟာ ပို့ဖြစ်မှာ သေချာတယ်လို့ ခုတင်ကလေးကပဲ လာပြောသွားကြတယ်။ စာရေးခွင့် နောက်ထပ်တစ်ကြိမ် ရှိဦးမယ်ဆိုရင် ဒီစာကို မရေးသေးဘဲ မောင် ဆိုင်းထားဦးမှာပါ။ ဒါပေမဲ့ စာရေးခွင့် နောက်ထပ်ရမရကို မောင်ကိုယ်တိုင် မပြောနိုင်ဘူး။

ဒါကြောင့်လည်း ကောင်းကောင်းဆိုးဆိုးဆိုပြီး ဒီစာကို ရေးလိုက်ရတယ် အဲလစ်(စ်)။ မောင့်အဖို့တော့ ဒီစစ်ကြီးဟာ ပြီးဆုံးသွားပြီ ဆိုပါတော့… ကွယ်။

မောင်ဟာ အခု ဂုမ်းရပ်ဆိုတဲ့ အရပ်မှာရှိတဲ့ ရှေ့တန်းစစ်ဆေးရုံကို ရောက်နေတယ်။ မောင့်ကို လေယာဉ်နဲ့ အိမ်ပြန်သယ်ဖို့ စီစဉ်နေကြတယ်။ မျှော်လင့်တကြီးနဲ့ စောင့်နေပေမယ့် လေယာဉ်ထွက်မယ့်နေ့ကို အမြဲရွှေ့နေကြတယ်လေ။ အိမ်ပြန်ရောက်တော့မယ်ဆိုတော့ မောင့်အတွက်ရော…၊ အချစ်အဲလစ်(စ်) အတွက်ပါ ဝမ်းသာစရာကြီးပေါ့။ မောင် အိမ်ပြန်အရောက်မှာ အဲလစ်(စ်)တွေ့ရမယ့် မောင့် ရုပ်ရည်သွင်ပြင်ကတော့ အဲလစ်(စ်)အတွက် ဝမ်းသာစရာ မဟုတ်တော့ဘူး… အဲလစ်(စ်) ရယ်။ ဒုက္ခိတတစ်ဦးအနေနဲ့ အဲလစ်(စ်)ရှေ့မှာ လဲနေရမှာကို တွေးမိတိုင်း တွေးမိတိုင်း မောင်တော့ဖြင့် စိတ်ဒုက္ခ အကြီးအကျယ်ရောက်ရတယ် ကွယ်။ မောင်လေ… ဒဏ်ရာရပြီး ခြေထောက်တွေမရှိတော့ဘူး အဲလစ်(စ်)ရဲ့…။

ဒီအကြောင်းကို မောင်အမှန်အတိုင်း ရေးပါမယ်။ ညာဘက် ခြေထောက်ဟာ လုံးလုံးကြီးကို ကြေမွသွားလို့ ဒူးအောက်ကဖြတ်ပစ်လိုက်ရတယ်။ ဘယ်ဘက်ခြေထောက်ကိုတော့ ပေါင်ရင်းက ဖြတ်ပစ်လိုက်ရတယ်။ ခြေတုတွေတပ်လိုက်ရင် ပကတိလူကောင်းတစ်ယောက်လို သွားလာနိုင်လိမ့်မယ်လို့ ဆရာဝန်ကထင်တယ်။ ဆရာဝန်ကတော့ စိတ်ကောင်းစေတနာကောင်းတဲ့ လူတစ်ယောက်ပါပဲ။ ခုဆိုရင် မောင့်အဖြစ်ကို အဲလစ်(စ်) မမြင်ပေမယ့် သိရောပေါ့နော်။

မောင့်အချစ်ဆုံး… အဲလစ်(စ်)ရေ… ခုအချိန်မှာ အဲလစ်(စ်)

ဘာတွေ စဉ်းစားနေတယ်ဆိုတာ မောင် သိပ်သိချင်တာပဲကွယ်။ မောင်တော့ တခြား ဘာကိုမှမစဉ်းစားဘဲ ဒါကိုပဲ တစ်နေကုန် တစ်နေခန်း စဉ်းစားနေတော့တယ်… အဲလစ်(စ်)ရဲ့။ မောင့်စိတ်ဟာလည်း အဲလစ်(စ်)ဆီကို ခဏခဏရောက်တယ်။ တစ်ခါတလေ သေသွားတာကမှ ကောင်းသေးတယ်လို့ တောင့်တမိတယ်။ တကယ်တော့ ခုလို တောင့်တတာဟာ ကြီးလေးတဲ့ အကုသိုလ်အပြစ်ဖြစ်လို့ ဒီလိုတော့ မတောင့်တအပ်ဘူးပေါ့။

ဒီရှက်ထည်တဲထဲမှာ လူနာ ၈၀ ကျော်ရှိတယ်။ အပြင်မှာရှိတဲ့ လူနာတွေကတော့ မရေမတွက်နိုင်အောင်ပါပဲ။ တဲထဲကနေပြီး သူတို့ရဲ့ အော်သံတွေ၊ ညည်းသံတွေကို ကြားနေရတယ်။ ဘယ်သူမှလဲ သူတို့ကို မကူနိုင်ဘူး။ မောင်နဲ့ ကပ်လျက်ရှိနေတဲ့ ဘရွန်းဇတ်မြို့သား တပ်ကြပ်ကြီး တစ်ယောက်တော့ဖြင့် ပေါင်ရင်းမှာ ထုတ်ချင်းပေါက် သေနတ်မှန်လို့ သူ့ကို မကြာခင် အိမ်ပြန်ပို့မယ်လို့ ဆရာဝန်ကပြောတယ်။ ဒါပေမဲ့ 'ညနေထိအောင် ခံမှာမဟုတ်ပါဘူး။ သူ့ကို ဒီမှာပဲ လှဲနေပါစေ'လို့ သူနာပြုကိုတော့ ပြောသွားတယ်။ ဆရာဝန်ကတော့ စိတ်သဘောတော်တော်ကောင်းတဲ့ လူတစ်ယောက်ပါပဲ။

မောင့်ရဲ့ တခြားတစ်ဖက်မှာတော့ ဘရက်စ်လောမြို့ တပ်သား တစ်ယောက်ရှိတယ်။ သူ့မှာ လက်တစ်ဖက်နဲ့ နှာခေါင်းမရှိဘူး။ သူဟာ ခု လက်ကိုင်ပဝါမလိုတော့ဘူးလို့ သူက မောင့်ကိုပြောတယ်။ မောင်ကလည်း "ခင်ဗျားငိုရင် ဘယ်နှယ့်လုပ်မလဲ"လို့ မေးလိုက်တော့ "အို ခင်ဗျားရော၊ ကျုပ်ရောအပါအဝင် ဒီမှာရှိတဲ့လူတွေ ဘယ်သူမှ၊ ဘယ်တော့မှ ငိုခွင့်မရတော့ပါဘူး။ မကြာခင် တခြားလူတွေကသာ ကျုပ်တို့အတွက် ငိုကြရမှာပါ"လို့ ပြန်ဖြေတယ်ကွယ်။ ။

ရွှေမဟော်စာပေ

[၂၉]

## ဥယျာဉ်လုပ်ခဲ့ဖူးသည့် ရဲဘော်ထံမှ ပေးစာ

... အေဆယ်လ်က ငါ့အတွက် ဒီစာကို ရေးပေးတယ်။ အမှန်ကတော့ သူ့နာမည်ဟာ လက်ချ်မန်းပါပဲ။ ကွန်နီစဗတ်ရဲ့သားပေါ့။ တို့ အားလုံးက သူ့ကို အေဆယ်လ်လို့ပဲ ခေါ်ကြတယ်။

ငါ့ရဲ့လက်မောင်းကို ပတ်တီးတွေ အထပ်ထပ်ပတ်ထားရတယ်။ ခေါင်းအုံးတွေနဲ့ ခုထားရတယ်။ ဒါကြောင့်မို့ ငါစာမရေး နိုင်တာပါ။ ငါ မကြာခင် အိမ်ပြန်ရောက်တော့မယ်လို့ ဆရာဝန်က ပြောတယ်။ ငါလည်း အိမ်ပြန်ရောက်မယ့်ရက်ကို မျှော်တလင့်လင့်နဲ့ပေါ့ ...။ ငါ့ရဲ့ လက်မောင်းထဲမှာ တစ်ခုခုချို့ယွင်းနေတယ်လို့လည်း ဆရာဝန်က ပြောလိုက်သေးတယ်။

...ငါ့ လက်ချောင်းလေးတွေကို လှုပ်ရတာဟာ အတော်ရယ်စရာကောင်းတယ်။ ဥယျာဉ်လုပ်တဲ့ လူတစ်ဦးအနေနဲ့ ငါ့မှာ ဒီလက်ချောင်း

တွေမရှိရင် မဖြစ်ဘူး။ ဒီကမြေဟာ သိပ်ကောင်းပြီး နူးညံ့တယ်။ လူနီ ဗတ်နယ်မှာ ဒီမြေကို အသုံးချလို့ရမှာ သေချာတယ်။ အပြင်မှာ ဆီးနှင်းတွေရှိနေလို့ မြေကြီးကို မမြင်ရဘူး။

လွန်ခဲ့တဲ့ လေးရက်လောက်တုန်းက သုံးပေနက်တဲ့ တွင်းတစ်တွင်းထဲမှာ ငါ နေနေရတယ်။ အဲဒီတုန်းက ငါဟာ တစ်နေကုန် မြေကိုပဲ စူးစူးစမ်းစမ်း လေ့လာကြည့်ရှုနေခဲ့တယ်။ မြေကတော့ ဂျုံစိုက်ဖို့ကောင်းတဲ့ မြေပါပဲ။ ဓာတ်မြေသြဇာ ထည့်ထားပုံမပေါ်ဘူး။ မြေသြဇာဟာ သူ့သဘာဝအလျောက် ဖြစ်နေပုံရတယ်။ အဲဒီတွင်းထဲနေတုန်းက ငါ သိပ်ကြောက်တာပဲ။

အခုတော့ ငါ့အဖြစ်ကို ငါ ပြန်ရယ်မိတယ်လေ…။ ငါတို့နေရတဲ့ အိပ်ရာဟာ သိပ်ဇိမ်မရှိလှဘူး။ အိမ်ပြန်ရောက်တယ်ဆိုရင် ဒီမှာ ထက်တောင် ငါ ရယ်နေနိုင်ဦးမှာပဲ။ ငါနဲ့အတူ မင်းတို့အားလုံးလည်း ပြိုင်ပြီး ရယ်ကြမှာပဲ မဟုတ်လား…။ ။

ရွှေပေတော်စာပေ



[၃၀]

## ချစ်သားရဲ့ဘော်ထွဲမှ ဖခင် ဗိုလ်ချုပ်ကြီးသို့

ဖေဖေ…

ဖေဖေ့ထံက ပြန်စာကို ရရှိပါတယ်။ ကျွန်တော့် ကျေးဇူးတင်မှုကို ဖေဖေမျှော်လင့်နေမယ် မထင်ပါဘူး။ စာတော့ တိုတိုပဲ ရေးတော့မယ်… ဖေဖေ။

ကျွန်တော် ဖေဖေ့ထံ အကူအညီတောင်းတုန်းက ဖေဖေ့ အကြောင်းကို သိထားရင်ကောင်းမှာပဲ။ ဖေဖေဟာ အမြဲတမ်း "မှန်နေတာ"ချည်းပဲ။ အမြဲတမ်း "အမှန်တရား"ဘက်က နေတာချည်းပဲ။ ဒါကို ကျွန်တော်ရော၊ မေမေပါ မသိဘူး မဟုတ်ဘူး၊ သိပါတယ်။ ဒါပေမဲ့ ဖေဖေဟာ ဖေဖေ့သားကို အမှန်တရားရဲ့ ယဇ်ပလ္လင်ပေါ်မှာ အတင်ခံလိုက်လိမ့်မယ်လို့တော့ မထင်မိခဲ့ဘူး။ ဖေဖေ ကျွန်တော့်ကို ဒီနေရာက အပြောင်ရောက်အောင်လုပ်ပေးဖို့ ဖေဖေ့ဆီကို အကူအညီ

ဆောင်းလိုက်ရတဲ့ အကြောင်းကတော့ အခုဒီမှာ အဓိပ္ပာယ်မရှိ အသုံးချနေတဲ့ သေနင်္ဂဗျူဟာက ကျွန်တော်တို့ အသေခံထိုက်အောင် တန်ဖိုးမရှိလွန်းလို့၊ အသုံးမကျလွန်းလို့ပါ… ဖေဖေ။ ကျွန်တော့်အတွက် စကားကလေးတစ်ခွန်းလောက် ပြောလိုက်ဖို့ဟာ ဖေဖေ့အတွက် လွယ်ကူတဲ့ကိစ္စကလေးပါ။ ဖေဖေသာ ဆောင်ရွက်လိုက်ရင် ခုလောက်ဆို ဆိုင်ရာကအမိန့်ဟာ ရောက်နေလောက်ပါပြီ။ ဖေဖေဟာ ဒီကအခြေအနေကို နားမလည်ပါဘူး။ ဒီအတိုင်းသာဆိုရင် ကောင်းကြဦးမှာပါပဲ…။

ဒီစာဟာ စာတိုကလေး ဖြစ်ရုံတင်မဟုတ်သေးဘဲ၊ ဖေဖေ့ထံ ကျွန်တော် နောက်ဆုံးရေးလိုက်တဲ့ စာလည်းဖြစ်တယ်။ နောင်စာရေးဖို့ အခွင့်ဟာ ကျွန်တော်က လိုချင်သည့်တိုင် ပေါ်လာမှာမဟုတ်တော့ဘူး။ နောင်တစ်ချိန်ချိန် ဖေဖေနဲ့မျက်နှာချင်းဆိုင်ပြီး ကျွန်တော်စိတ်ထဲ ဘာထင်တယ်၊ ဘယ်လိုထင်တယ်ဆိုတာ ပြောဖို့လည်း စိတ်ကူးထဲတောင် ထည့်လို့မရဘူး။ လူကိုယ်တိုင်လည်း တွေ့ရတော့မှာ မဟုတ်တော့ဘူး။ စာနဲ့လည်း နောက်ထပ် ရေးပြောနိုင်မှာ မဟုတ်တော့လို့ ဒီဇင်ဘာ ၂၆ ရက်နေ့က ဖေဖေပြောခဲ့တဲ့ ဒီစကားတွေကို ပြန်လည်ဖော်ပြလိုက်ပါတယ် ဖေဖေ။ “မင်းဟာ မင်းစိတ်သဘောအတိုင်း စစ်သားတစ် ယောက်ဖြစ်လာတယ်။ ငြိမ်းချမ်းတဲ့အခါမှာ အလံအောက်ရပ်နေတာက လွယ်တယ်။ စစ်ဖြစ်တဲ့အခါ အလံကိုထူထားနိုင်ဖို့ကတော့ ခက်တယ်။ မင်းဟာ ဒီအလံရဲ့သစ္စာကို စောင့်ထိန်းရမယ်။ ဒီအလံနဲ့အတူ စစ်အောင်ရမယ်” ဒီစကားတွေဟာ လွန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်းက ဖေဖေ ခံယူခဲ့တာထက် အများကြီး ပြုတ်သွားတယ်။ ဒီစကားတွေကို ဖေဖေ ပြန်ပြီးသတိရ ရမယ်။ ဘာကြောင့်လဲဆိုတော့ ဒီစစ်ကြီးရဲ့ အချည်းနှီးဖြစ်မှု၊ ရူးသွပ်မှုကို အသိဉာဏ်တစ်စွန်းတစ်စရှိတဲ့ ဂျာမန်လူမျိုးတိုင်း၊ လူမျိုးတိုင်းသိလာပြီး ကျိန်ဆဲကြ

တော့မယ့်အချိန်ဟာ ရောက်လုနီးလာလို့ ပါပဲ။ အလံနဲ့အတူ ကျွန်တော် စစ်အောင်ရလိမ့်မယ်ဆိုတဲ့ စကားတွေဟာလည်း ဘယ်လောက် အနှစ်သာရမရှိသလဲဆိုတာ ဖေဖေကိုယ်တိုင် သိလာပါလိမ့်မယ်။

စစ်အောင်မှုဆိုတာ မရှိနိုင်ဘူး… ဗိုလ်ချုပ်ကြီးခင်ဗျ။ ကျတဲ့ အလံတွေ၊ ကျဆုံးတဲ့ လူတွေပဲရှိတယ်။ နောက်ဆုံးတစ်နေ့ အလံတွေရော၊ လူတွေပါ ရှိတော့မှာမဟုတ်ဘူး။ စတာလင်ဂရက်ဟာ စစ်ရေးအရ လိုတာမဟုတ်ဘူး။ နိုင်ငံရေးလောင်းကစားမှုသာ ဖြစ်တယ်။

ဗိုလ်ချုပ်ကြီးရဲ့သားဟာ ဒီလက်တည့်စမ်းမှုကြီးထဲမှာ မပါဝင်တော့ဘူး။ ဗိုလ်ချုပ်ကြီးဟာ ဗိုလ်ချုပ်ကြီးရဲ့သား သွားရာလမ်းခရီးကို ပိတ်ဆို့လိုက်တယ်။ ဒီတော့ သူဟာ တခြားခရီးလမ်းတစ်ခုကို ရွေးချယ်လိုက်ရတယ်။ အဲဒီခရီးလမ်းဟာလည်း ဘဝကို ဦးတည်တာပဲ။ ဒါပေမဲ့ ဆန့်ကျင်ဘက် အရပ်ဘက်ကိုလှည့်ပြီး စစ်မျက်နှာရဲ့ တခြားတစ်ဖက်မှာ ရှိတဲ့ ဘဝဆီကို ဦးတည်တယ်။ ဗိုလ်ချုပ်ကြီးရဲ့ စကားတွေကို ပြန်သတိရစမ်းပါခင်ဗျာ။ ဒီစစ်ပွဲကြီး ဘုံးဘုံးကျတဲ့အခါ အလံကိုသတိပြန်ရပြီး အလံနဲ့အတူ ဗိုလ်ချုပ်ကြီး ရပ်တည်နေလိမ့်မယ်လို့ ဗိုလ်ချုပ်ကြီးရဲ့သားက မျှော်လင့်ထားပါတယ် ဗိုလ်ချုပ်ကြီး… ခင်ဗျား။ ။

ရွှင်မတောင်စာပေ

[၃၁]

## စာမိတ်ဆွေသို့

ခင်မင်သော… ဟန်နာ

ဟန်နာထံ ကျွန်တော်ရေးတဲ့စာပေါင်း ဘယ်လောက်ရှိပြီလဲ။ စာရင်းအရတော့ ဒီနေ့စာအပါအဝင် ၃၈ စောင်ရှိသွားပြီ။ ဩဂုတ်လ တုန်းက ဟန်နာရေးလိုက်တဲ့စာထဲမှာ ဟန်နာဟာ စာရင်းစာအုပ်ကြီးထား ပြီး ဒီစာရင်းစာအုပ်ကြီးထဲမှာ ဟန်နာရဲ့ စာမိတ်ဆွေများရဲ့ လိပ်စာတွေ၊ သူတို့ရဲ့ ပုဂ္ဂလိက ထူးခြားတာလေးတွေ၊ သူတို့နဲ့ ဘယ်နေ့ဘယ်ရက်က စပြီး သိကျွမ်းလာတာလေးတွေ… စသည်ဖြင့် ရေးမှတ်ထားတယ်လို့ ဆိုတယ်။ ဒါကို ကျွန်တော် သိပ်သဘောကျတာပဲ။ ကျွန်တော်ပို့လိုက်တဲ့ ဓာတ်ပုံကိုရော ဟန်နာ့စာရင်းစာအုပ်ကြီးထဲ ထည့်လိုက်သေးသလား…။ ကျွန်တော့် စာရင်းစာအုပ်ကတော့ ဟန်နာ့ စာအုပ်လောက် မတိကျပါ ဘူး။ ဟန်နာစာရင်းထားနည်းက ကျွန်တော့် အိတ်ဆောင်ပြက္ခဒိန်ကလေး

ထဲမှာ အမှတ်အသားကလေးတွေ ရေးမှတ်ထားတာထက်တော့ ကောင်းမှာပေါ့နော်...။

စာ ၃၆ စောင်ပဲဖြစ်ဖြစ်၊ ၃၇ စောင်ပဲဖြစ်ဖြစ် စာအရေအတွက်ဟာ နောက်ဆုံးတော့ မှုစရာမဟုတ်ပါဘူး။ ဟန်နာရဲ့ စာမိတ်ဆွေများအနက် ကျွန်တော်ဟာ နံပါတ် ၅ ပါ။ ဟန်နာထံ လာတဲ့စာတွေဟာ သိပ်စိတ်ဝင်စားစရာ ဖြစ်မှာပဲနော်။ စစ်ပွဲနယ်မြေ အားလုံးကလာတဲ့ စာတွေဖြစ်မှာပေါ့...။ မဟုတ်ဖူးလား။ စစ်ပွဲကြီးပြီးတဲ့အခါ ဟန်နာ့လက်ထဲမှာ စာတွေအဖြစ်နဲ့ ရေးမှတ်ထားတဲ့ ခံ့ညားကြီးကျယ်တဲ့ စစ်မှတ်တမ်းစာအုပ်ကြီးတစ်အုပ် စုပြီးဆောင်းပြီးသား ဖြစ်နေမှာပဲ။ ဒီနှစ်ခရစ္စမတ်အချိန် ကာလ်စရူးယီမှာ ဟန်နာနဲ့ ကျွန်တော် ပထမဦးဆုံးအကြိမ်တွေဆုံကြဖို့ မျှော်လင့်တကြီး မျှော်လင့်ထားပေမယ့် မဖြစ်မြောက်ခဲ့ဘူး။ လာမယ့်ရက်တွေမှာလည်း မျှော်လင့်ချက် လုံးဝမရှိလောက်အောင် စိတ်မောစရာကြီးပါပဲ... ဟန်နာ။

ဒီစာထဲမှာ ဒီအချက်ကို အာရုံစိုက်ရေးနိုင်မိလို့ ဘုရားသခင်ကို ကျေးဇူးတင်ရတယ်...။ ကျွန်တော်တို့ တစ်ဦးနဲ့တစ်ဦး တွေ့ကြရတော့မှာ မဟုတ်ပါဘူး။ ခုလာမယ့် နှစ်မှာလည်း တွေ့နိုင်မယ့် အချိန်အခါတော့ မရှိနိုင်တော့ဘူး... ဟန်နာ။ ခင်မင်တဲ့ဟန်နာ... ကျွန်တော်တို့ တွေ့ဆုံနိုင်အောင် ကြိုးစားခဲ့တာ၊ ကြံစည်ခဲ့တာတွေတော့ အဖျားရှူးသွားပြီလေ။ လုပ်နိုင်တာတစ်ခုပဲရှိတယ်...။ ဘာလဲဆိုတော့ စောင့်ကြည့်ရုံပဲပေါ့။ ဒီလို အဓိပ္ပာယ်မရှိတာ လုပ်နေရလို့ ကျွန်တော်တော့ဖြင့် တဖြည်းဖြည်းရူးချင်လာပြီ။ လွန်ခဲ့တဲ့ စက်တင်ဘာလမှာ ကျွန်တော့်လက်မောင်းထိတုန်းက အိမ်ပြန်လိုက်ရင် အကောင်းသား။ စတာလင်ဂရက် သိမ်းတဲ့အခါ ကျွန်တော် ပါဝင်ချင်တာနဲ့ အိမ်မပြန်ဘဲ နေလိုက်တာ...။ ခုတော့

ရှုမဝစာပေ

အိမ်မပြန်မိတာကို ခဏခဏ ယူကျုံးမရ ဖြစ်နေမိတယ်။

ကျွန်တော့်ဆီက ရတဲ့စာတွေဟာ ဖော်တော်ရယ်စရာ ကောင်းမှာပဲနော်။ ကျွန်တော်ဟာ လူနောက်လူပြောင် တစ်ယောက်ပဲဆိုတာ ဟန်နာတော့ အောက်မေ့တော့မှာပဲ။ ခုတော့ ကျွန်တော်တို့အဖို့ နောက်ပြောင်နေလို့လည်း မဖြစ်တော့ဘူး။ အခြေအနေဟာ တကယ်ဆိုးလာဘယ်။

ဟန်နာရဲ့ စာရင်းစာအုပ်ကြီးရဲ့ ဆဋ္ဌမဇယားမှာ ဟန်နာ ဘာတွေများ ရေးထည့်ထားသလဲ… ဟင်။ ဘာပဲဖြစ်ဖြစ် ''သူသည် မဟာဂျာမနီနိုင်ငံကြီးအတွက် သေဆုံးသွားသည်'' လို့တော့ မရေးလိုက်ပါနဲ့နော်… ဟန်နာ။ ဘာကြောင့်လဲဆိုတော့ ဒါဟာ မှန်တာမှ မဟုတ်ဘဲ။ ''ဒီနေ့ဒီရက်ဟာ ဟန်နာအတွက်'' လို့သာ ကျွန်တော် ရေးစေချင်တယ်။ ခုလို ပြောဆိုတာကို ကပြက်ကချော်ပြောတယ်လို့တော့ မထင်စေချင်ဘူး။ ဟန်နာရဲ့ စာမိတ်ဆွေတချို့အကြောင်းကို ပြောပြရဦးမယ်။ ဒီလူ တချို့ဟာ တပ်ထဲက ထွက်သွားကြလိမ့်မယ်။ အခြေအနေကတော့ တစ်မျိုးစီပေါ့။ ပြီးတော့ သူတို့ဟာ တပ်ထဲက ထွက်သွားပြီးချင်း စာရေးကြတော့မှာ မဟုတ်ဘူး။ အဲဒီတော့ ဟန်နာ့ဆီလည်း စာတွေလာတော့မှာ မဟုတ်ဘူးပေါ့။ ကျွန်တော်ကတော့ ဟန်နာကို ကြိုတင်ပြီး သတိပေးပြောထားတာပါ။ ခင်မင်ရင်းနှီးတဲ့ ဟန်နာ… ရေ။ ဒီစာဟာ ကျွန်တော်ရဲ့ နောက်ဆုံးစာဖြစ်ကောင်းဖြစ်ပေလိမ့်မယ်။ အဲဒီတော့… ဟန်နာရဲ့ ခရီးလမ်း သာယာဖြောင့်ဖြူးပါစေလို့ နှုတ်ဆက်လိုက်ပါတယ်။

ကျွန်တော်တို့နှစ်ဦး တစ်နေ့သောအခါမှာ တွေ့ဆုံရလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်ဟာ ဒီအရှုံးအနှမ်း လုံးဝတစ်ဖက်သတ်ကျနေတဲ့ တိုက်ပွဲယဇ်ပလ္လင်ပေါ်မှာ အတင်ခံနေရတယ်… ဟန်နာ။ နောက်ဆုံး ဟန်နာ့ကို

ရှင်သောင်းစာပေ

နှုတ်ဆက်တဲ့အနေနဲ့ ကျွန်တော့်အပေါ် မေတ္တာထားပြီး ကျွန်တော့်အတွက် ဟန်နှာအချိန်တွေ အကုန်ခံခဲ့တာတွေကို အထူးပဲ ကျေးဇူးတင်ပါတယ်။ ဟန်နှာ အချိန်ကုန်ခံခဲ့တာတွေဟာ အချည်းနှီးပါပဲလို့ ပထမတုန်းက ကျွန်တော် ရေးဖို့ကြံပါသေးတယ်။ နောက် ပြန်စဉ်းစားတော့ အချည်းနှီး မဟုတ်ကြောင်း သဘောပေါက်လာတယ်။ နောက်ပြန်စဉ်းစားတော့ အချည်းနှီးမဟုတ်ပါဘူး။ ဟန်နှာရေးလိုက်တဲ့စာတွေဟာ ကျွန်တော့်ကို အများကြီး စိတ်ချမ်းသာစေခဲ့ပါတယ် ဟန်နှာ…။ ။

ရွှေပေဟောင်စာပေ

(၃၂)

## မိသားစုတစ်စုမှ တစ်ဦးတည်းသော အသက်ရှင်နေသူထံမှ ဦးလေးသို့

**ဦးလေးခင်ဗျား...**

ဒီနေ့ ကျွန်တော် ဟာမန်းနဲ့ စကားပြောရတယ်။ သူဟာ စစ်မျက်နှာရဲ့တောင်ဘက် ကျွန်တော်နဲ့ ကိုက်လေးငါးရာသာ ကွာတယ်။ သူတို့တပ်မှာ လူ သိပ်မကျန်တော့ဘူး။ ပေါင်မုန့်ဖိုသမားရဲ့ သားတော့ဖြင့် သူနဲ့အတူ ရှိနေသေးတယ်။

ဟာမန်းဆီမှာ ဖေဖေနဲ့မေမေဆုံးသွားကြောင်း ဦးလေးရေးလိုက်တဲ့စာ ခုအချိန်ထိ ရှိနေသေးတယ်။ ကျွန်တော်ကိုယ်တိုင် ကြံရာမရသောကဖြစ်နေပေမယ့် သူ့ရဲ့ အစ်ကိုတစ်ယောက်ဖြစ်နေတော့ သူ့ကိုပဲ နှစ်သိမ့်အားပေးစကား ပြောနေရသေးတယ် ဦးလေး။

ဟာမန်းနဲ့ကျွန်တော်တို့တော့ ဘယ်တော့မှ အိမ်ပြန်မရောက်တော့ဘူးဆိုတာကို မသိရအောင် ဖေဖေနဲ့မေမေဟာ အသေစောသွားကြသလား မသိဘူး။ ကျွန်တော်တို့ အခြေအနေကို မသိသွားရှာကြတဲ့ ဖေဖေနဲ့မေမေတို့အဖို့တော့ ကောင်းသောသေခြင်းလို့ပဲ ဆိုကြရမှာပေါ့ဗျာ…။ သေဆုံးသွားတဲ့ လူလေးယောက်ရဲ့တာဝန်ကို ဦးလေးရဲ့ ဘဝသက်တမ်းတစ်လျှောက်လုံး သယ်ပိုးသွားရမှာတော့ဖြင့် သိပ် မလွယ်ကူလှဘူး။ အင်မတန်ကြီးလေးတဲ့ တာဝန်ကြီးတစ်ရပ်ပါ… ဦးလေး။

ကျွန်တော်က ဘာသာတရားနဲ့ သက်ဆိုင်တဲ့ပညာရပ်တွေကို လေ့လာဆည်းပူးလိုတဲ့ ဆန္ဒရှိခဲ့တယ်။ ဟာမန်းကတော့ ရေပန်းတွေ၊ ရေတံခွန်တွေ ဆောက်လုပ်ချင်တဲ့ဆန္ဒ ရှိခဲ့တယ်။ ဖေဖေကတော့ အိမ်တစ်လုံး ပိုင်ချင်ခဲ့တယ်။ ဒါပေမဲ့ ဘာတစ်ခုမှမှန်းခဲ့သလို မဖြစ်ခဲ့ဘူး။ ကျွန်တော်တို့ တိုင်းပြည်အတွင်းမှာ အခြေအနေ ဘယ်လိုဆိုတာတော့ ဦးလေးကိုယ်တိုင်သိမှာပေါ့။ ဒီမှာ ဘယ်လို အခြေအနေရှိ သလဲဆိုတာတော့ ကျွန်တော်တို့ အသိဆုံးပဲ။ ကျွန်တော်တို့ ကြံစည်ခဲ့သမျှတွေဟာ ကျွန်တော်တို့ စိတ်ကူးအတိုင်း ဖြစ်မလာဘူးဆိုတာ အမှန်ပဲ။

ကျွန်တော်တို့ မိဘများဟာ သူတို့ရဲ့ အိမ်အိုအိမ်ပျက်ကြီးထဲမှာ မြှုပ်နှံခံနေရတယ်။ အပြောရက်စက်လွန်းတယ်လို့ ဆိုချင်လည်းဆိုတော့ ကျွန်တော်တို့ အခု ချောင်ပိတ်မိနေတဲ့နယ်မြေရဲ့ တောင်ပိုင်းဘက်မှာရှိတဲ့ လှိုဏ်မြောင်တစ်ခုထဲမှာ ကျွန်တော်တို့ လူလေးငါးရာလောက်ဟာ မြှုပ်နှံထားခြင်းခံနေရတယ်။ မကြာခင် ဒီလှိုဏ်မြောင်တွေဟာ ဆီးနှင်းခဲတွေနဲ့ ပြည့်လျှံလာလိမ့်မယ် ဦးလေး…။ ။



[၃၃]

## လေးစားအပ်သော မိတ်ဆွေကြီး
## ဂေဟာမ်ရတ်သို့

**လေးစားခင်မင်အပ်သော ဂေဟာမ်ရတ်ခင်ဗျား...**

သေသေချာချာ စဉ်းစားကြည့်ရင် ဒီနေရာရောက်မှာပဲ ကျွန်တော့် ပတ်ဝန်းကျင်နဲ့ပတ်သက်လို့ ဆင်ခြင်သုံးသပ်မိတယ်။ ဒါပေမဲ့ တကယ့် အကျိုးသက်ရောက်မှုတော့ မပေါ်လာဘူး။ ကျွန်တော်တို့ဟာ မကြာခဏ ဆိုသလို စဉ်းစားဆင်ခြင်သင့်တယ်။ စဉ်းစားဆင်ခြင်ဖို့ဟာလည်း အချိန် တော်တော်လိုတယ်။ ဒီစစ်မှာလို ကျွန်တော် ဘယ်တုန်းကမှ ဒါလောက် အချိန်မရခဲ့ဖူးပါဘူး။ အထူးသဖြင့် စတာလင်ဂရက်ရောက်တော့မှ စဉ်းစားဆင်ခြင်ဖို့ အချိန်တော်တော်ရတယ်။ မကြာခင်ကပဲ တပ်က မွေ့ဆရာနဲ့ ကျွန်တော် စကားပြောရတယ်။ တော်တော်ကြာကြာပဲ စကား လက်ဆုံကျခဲ့တယ်။ ဒါပေမဲ့ တစ်ဦးနဲ့တစ်ဦး သဘောချင်းတော့ မတိုက်

ဆိုင်ကြဘူးပေါ့။ ကျွန်တော့်အမြင်ကတော့ လောကမှာ ဒုက္ခရှိမှုဟာ ဒုက္ခကို သက်သာလျော့ပါးစေအောင် လုပ်နိုင်မှုထက်ပိုတယ်။ ဓမ္မဆရာရဲ့ အမြင်ကတော့ လူတွေအဖို့ ဒဿနိကဗေဒကဏ္ဍဟာ ဆုံးခန်းတိုင် ရောက်လာပြီ။ ဒီဒဿနိကဗေဒနေရာမှာ ကိုးကွယ်ရာ ဘာသာတရားကဏ္ဍကို စတင်ထုတ်ဖော်သင့်ပေတယ်လို့ ဆိုတယ်။ [လူတွေဟာ ဒဿနိကဗေဒကိုစွန့်ပြီး ဘာသာတရားကို ကိုင်းရှိုင်းဖို့သင့်ပြီဟု ဆိုလိုသည်…။ (ဘာသာပြန်သူ)] ဒီတော့ ကျွန်တော်တို့ နှစ်ဦးအနက် တစ်ဦးကတော့ မှန်ရမှာပဲ။ ဒါပေမဲ့ "ဘယ်အမြင်ကပဲမှန်မှန် ဘာများထူးလို့လဲလို့ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်မေးကြည့်တယ်။ ကျွန်တော်ဟာ ခုအချိန်မှာ အမြဲအစဉ် စဉ်းစားလေ့ရှိတယ်။ ကတုတ်တွင်းထဲမှာလည်း နာရီပေါင်းများစွာပဲ ကျွန်တော်ထိုင်ပြီး ပြန်လည်တွေးတောစဉ်းစားပါတယ်…။

ရှိသေလေးစားအပ်တဲ့ ဂေဟိမ်ရတ်ခင်ဗျား။ ကျွန်တော်နဲ့ ခင်ဗျားမှာ ဆွေးနွေးစရာ ကိုယ်ရေးကိုယ်တာကိစ္စရယ်လို့ မရှိပါဘူး။ ကျွန်တော်ဟာ ကျွန်တော့်ရဲဘော်များလို ငြီးငွေ့စရာ သားသံယောဇဉ်များမရှိလို့ ဝမ်းသာနေရတယ်။ အဲဒီသားစိတ်၊ မယားစိတ်တွေဟာ ကြောက်စရာကောင်းတဲ့ နှိပ်စက်တဲ့စိတ်တွေ၊ လူတစ်ယောက်ကို စိတ်ပျက်အားငယ်အောင် လုပ်နိုင်တဲ့စိတ်တွေပါပဲ။ မယားအတွက်၊ ကလေးအတွက် အမြဲပူပင်သောကဖြစ်နေတဲ့ စိတ်တွေလည်း အပါအဝင်ပေါ့။ နေ့စဉ်နဲ့အမျှ ဒီရဲဘော်တွေ ပြောဆိုနေကြတာကို ကျွန်တော် ကြားနေရတယ်။ တစ်ခါတလေလည်း ဝမ်းနည်းကြေကွဲစရာ၊ တစ်ခါတလေလည်း အရာရာတိုင်းကို အထူးသဖြင့် သူတို့ ကိုယ်ကိုသူတို့ ကြီးကြီးကျယ်ကျယ် စဉ်းစားပြီး ပြောကြဆိုကြတာတွေဟာ တော်တော် ရယ်စရာကောင်းတယ်။ တချို့ကလည်း သူတို့ရဲ့ အလုပ်အကိုင်အကြောင်း ပြောကြဆိုကြတယ်။ တချို့

ကျတော့ သူတို့ရဲ့အိမ်များ ရှိမှရှိသေးရဲ့လား၊ ပျက်စီးကုန်ကြပြီလား၊ တချို့ကတော့လည်း သူတို့ထံက အိမ်ကိုပို့လိုက်တဲ့ ပါဆယ်ထုပ်တွေ၊ သူတို့ အိမ်ကပို့လိုက်တဲ့ ပါဆယ်ထုပ်တွေအကြောင်း စိတ်ပူနေကြပုံ ပြောဆိုနေကြတယ်။ စတာလင်ဂရက်ကနေပြီး ပို့လိုက်တဲ့ ပါဆယ်ထုပ်တွေထဲမှာ ဘာတွေများ ပါမလဲဆိုတာကို ကျွန်တော် စဉ်းစားအံ့ဩနေမိတယ်။ ကျွန်တော်နဲ့အတူ တစ်စခန်းတည်းနေရတဲ့ လူဒင်ရှိပ်နယ်က လူတစ်ယောက်ကတော့ဖြင့် သူ့အိမ်ကိုရေးတဲ့ စာတိုင်းမှာ သူ့ကြောင်ကလေးအကြောင်း ထည့်ရေးလေ့ရှိတယ်။ တချို့ကျတော့လည်း ငွေ၊ အလုပ်အကိုင်၊ ရာထူးပစ္စည်းဥစ္စာတွေအကြောင်း ထည့်ရေးကြတယ်။ သိပ်ရယ်စရာကောင်းတယ်။ သူတို့ အရေးတကြီး အထားဆုံးကတော့ သူတို့ရဲ့ ဘဝကံကြမ္မာနဲ့ ပတ်သက်တဲ့ စိုးရိမ်ကြောင့်ကြမှုပဲ။ ဒီစိုးရိမ်ကြောင့်ကြမှုအကြောင်းကို သူတို့ရဲ့ စာအမြောက်အမြားမှာ ရေးသားဖော်ပြကြတယ်။ သူတို့ ပြုမူကြပုံကိုမြင်ရတော့ ကျွန်တော် အော့နှလုံးနာမိတယ်… ဗျာ။

လွန်ခဲ့တဲ့ တစ်နာရီခန့်က ကျွန်တော်နဲ့ ကတုတ်တစ်ခုတည်းနေရတဲ့ ဗိုလ်ကြီးတစ်ယောက်က မြောက်ပိုင်းမှာ ရုရှားတွေ ထိုးဖောက်ဝင်ရောက်လာတာကို ကြားမိသလားလို့မေးတယ်။ အခြေအနေကို တစ်မျိုးတစ်မည် ပြောင်းလဲစေတော့ မလိုလိုပဲ။ ကျွန်တော်တို့ ထီးထီးကြီးဖြစ်နေတဲ့နယ်မြေရဲ့ အလယ်ဗဟိုဘက်ကို သူတို့တစ်တွေဟာ နေရာအနှံ့အပြားက ဆုတ်နေကြတယ်။ ဒီလို ဆုတ်နေကြရာမှာ သူတို့ ပျာယီးပျာယာနိုင်ပုံကိုထောက်တော့ သူတို့ဟာ ထွက်ပေါက်များ ရှာနေကြသလားဆိုတဲ့ သံသယဖြစ်စရာပဲ။ ဒါပေမဲ့ သူတို့လက်ခံနိုင်တဲ့ ထွက်ပေါက်ရယ်လို့ ရှိကိုရှိတာမဟုတ်ဘူး။ သူတို့ရဲ့ စိုးရိမ်မှု၊ ကြောက်လန့်မှု

ဟာ သူတို့ရဲ့ စဉ်းစားပုံ၊ စဉ်းစားနည်းနဲ့ သူတို့ရဲ့ ရိုးစုမဲ့စုဉာဏ်ကို ဖျက်ဆီးပစ်နေတယ်။ သူတို့ပြုမူပုံဟာ ရယ်စရာကြီး ဖြစ်နေတယ်ဆိုတာ သူတို့ သတိမထားမိကြဘူး။ ယောက်ျားမဟုတ်သလို ဖြစ်နေတယ်ဆိုတာလည်း သတိမထားမိကြဘူး။

ကျွန်တော့်မြင်ကွင်းဟာ ကိုက်တစ်ရာလောက်ပဲကျယ်ပြီး လူတစ်ရာလောက်ကိုသာ မြင်နိုင်တယ်။ ဒီလူအားလုံးဟာ အတူတူချည်းပဲ။ ဆိုလိုတာက သတ္တိကြောင်ရာမှာ အားလုံးအတူတူပါပဲ။ တစ်ခါတလေ ရှေ့တန်းစစ်မျက်နှာက လူတစ်ယောက်ဟာ တောင်ပေါ်က လျှောဆင်းလာတယ်။ ဒါမှမဟုတ်ရင် ထော့ကျိုးထော့ကျိုးနဲ့ နောက်ပိုင်းကိုရောက်လာတယ်။ ကျွန်တော်တို့ရှိတဲ့ ဒီနေရာရောက်လာရင် ဒီလူတွေရဲ့ သတ္တိကြောင်ကြပုံကိုကြည့်ပြီး ခေါင်းတစ်ခါခါနှင့် အံ့သြနေတော့တာပဲ။ ဒီလူမျိုးတွေနဲ့တော့ ဒီစစ်ကိုမပြောနဲ့ ဘယ်စစ်ကိုမှ နိုင်မှာမဟုတ်ဘူး။ နောက်ပိုင်းမှာကျန်တဲ့ ဌာနချုပ်အဖွဲ့ဝင်တွေကလည်း ဘာလုပ်ရမှန်းလဲမသိဘူး။ သနားစရာ တော်တော်ကောင်းတယ်။ သူတို့ပြုမူနေကြပုံနဲ့ ရှေ့တန်းစစ်မျက်နှာမှာရှိတဲ့ လူတွေပြုမူနေကြပုံဟာ မတူကြလို့ ကံကောင်းသေးရဲ့လို့ ဆိုရမှာပဲ။ ဒီအထဲ ကျွန်တော် ဘယ်လိုပါဝင်ပြုမူရမလဲလို့ ကျွန်တော့် ကိုယ်ကျွန်တော် ပြန်မေးကြည့်တယ်။ ကျွန်တော်ဟာ သတ္တိရှိရဲ့လား။ ဒီလိုမမေးလို့ ဘယ်လိုများ မေးစရာရှိတော့လို့လဲ။ ကြောက်လန့်ပြီး ပြေးလွှားနေတဲ့ ကြက်ကလေးတစ်ကောင်လို အကာအကွယ်ရဖို့အတွက် ဟိုပြေးလိုက်၊ ဒီလွှားလိုက်လုပ်နေလို့ ကျွန်တော့်ကို ရဲရင့်တယ်လို့ ဆိုမလား။ ကောလာဟလသတင်းတွေကို တမင်လိုက်ရှာပြီး ဖြန့်မနေလို့ ဒါမှမဟုတ်ရင် ညတိုင်းညတိုင်း နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်လို့၊ ဒါမှမဟုတ်ရင် ဘယ်နေ့မှာ ဘာတွေလုပ်မယ်ဆိုပြီး

လျှောက်ပဟောပြောမနေလို့ ကျွန်တော့်ကို ရဲရင့်တယ်လို့ ဆိုမလား။

ဂေဟာမ်ရတ်ခင်ဗျား… ဂျာမန်တစ်မျိုးလုံးအတွက် စတာလင်ဂရက်ဟာ သင်ခန်းစာကြီးတစ်ခုပဲ။ အဖြစ်အဆိုးဆုံးကတော့ ဒီ သင်ခန်းစာကိုရနေကြတဲ့ ပုဂ္ဂိုလ်တွေဟာ နောင်အခါ ဒီသင်ခန်းစာကို အသုံးချနိုင်ဖို့ ခဲယဉ်းတဲ့အဖြစ်ပဲ။ အကျိုးသက်ရောက်မှုတွေကို မေ့ပျောက် မသွားကြရအောင် ဆက်လက်ထိန်းသိမ်းထားသင့်တယ်။ ကျွန်တော်ဟာ ကံတရားကို ယုံကြည်တဲ့ လူတစ်ယောက်ပါ။ ကျွန်တော့် ကိုယ်ရေး ကိုယ်တာအတွက် ကျွန်တော် အလိုရှိတာတွေဟာ ဘယ်လောက်နည်း သလဲဆိုရင် ဒီအထဲကို ရုရှားတစ်ကောင် ဝင်လာတာနဲ့ တစ်ပြိုင်နက် ကျွန်တော်ဟာ ကျွန်တော့် ကျောပိုးအိတ်ကို ကောက်ယူပြီး လျှောက်ထွက်သွားမှာပဲ။ ကျွန်တော် မပစ်ဘူး။ ဘာ့ကြောင့် ပစ်ရမှာလဲ။ လူ တစ်ယောက်နှစ်ယောက် သေသွားရင် ပြီးရောဆိုတဲ့အတွက် ပစ်ရမှာလား။ ကျွန်တော်တော့ မသိဘူး။ ကျွန်တော့်ကိုယ်ကိုတောင် ကျွန်တော် ပစ်မှာမဟုတ်ဘူး။ ဘာကြောင့် ပစ်ရမှာလဲ။ တစ်ဦးတစ်ယောက်ကို ကျွန်တော် အကျိုးပြုရာရောက်မှာလား၊ ဟစ်တလာကို အကျိုးပြုရာ ရောက်မှာလား။ စစ်ထဲ လေးလနေခဲ့ရလို့ ကျွန်တော်ရလိုက်တဲ့ပညာဟာ တစ်ဘဝလုံး တကယ်လို့ အသက်တစ်ရာအထိ နေရတဲ့တိုင်အောင် ဆည်းပူးရယူနိုင်မယ့် ပညာထက်များသေးတယ်။ ကျွန်တော် ဝမ်းနည်းတာတစ်ခုပဲ ရှိတယ်။ ကျွန်တော့်ရဲ့ နောက်ဆုံးနေ့ရက်တွေကို ဒီလို အသုံးမကျတဲ့ လူတွေထဲမှာ ကုန်ဆုံးစေရအောင် ကျွန်တော့်ကို ၊ မလုပ်မနေရခိုင်းတဲ့ အခြေအနေအတွက်ပဲ… ဝမ်းနည်းတယ်။ ။

❧❧

ရှုမဝကောင်းဘေး

[၃၄]

## နှစ်လမျှသာ မယားအဖြစ်
## ပေါင်းသင်းခဲ့ရှာသေးသည့်ချစ်ဇနီးသို့

**အချစ်ရေ...**

မောင်တို့ အခုဘာဖြစ်မယ်ဆိုတာ ဘယ်သူမှ မသိနိုင်ဘူး။ ဒါပေမဲ့ ဒီတစ်ခါတော့ဖြင့် နောက်ဆုံးပဲလို့ မောင်ထင်တယ်။ ဒီစကားတွေဟာ မာကျောရင့်သီးတဲ့စကားတွေ ဖြစ်နေပေမယ့် ဘာကို ဆိုလိုတယ်ဆိုတာကတော့ အချစ်သိမှာပေါ့... နော်။

အချစ်ကို မောင် 'ဥတ်ဘိုင်'လို့ နှုတ်ဆက်ပြီး စစ်သားအဖြစ်ရောက်တဲ့နေ့တုန်းကနဲ့ ဒီနေ့အချိန်အခါဟာ မတူတော့ဘူး။ ဟိုတစ်ခါတုန်းကဆိုရင် အရာရာတိုင်းဟာ အကောင်းနဲ့ချည်း အဆုံးသတ်မှာပဲလို့ မျှော်လင့်တောင့်တချက်ပေါင်းများစွာနဲ့ တက်တက်ကြွကြွဖြစ်နေတဲ့ အချိန်အခါမျိုးမှာ နေခဲ့ကြတယ်။ ဒါပေမဲ့ အဲဒီအချိန်အခါမျိုးမှာတောင် တစ်ဦးကိုတစ်ဦး နှုတ်ဆက်တဲ့စကားတွေ နောက်ကွယ်မှာ မောင်တို့ရဲ့ ကြောက်

ရွှံ့စိုးရိမ်မှုတစ်ခုကို ဖုံးကွယ်မျိုသိပ်ထားခဲ့ကြတယ်။ အဲဒီ နောက်ဆုံး နှုတ်ဆက်တဲ့ စကားတွေဟာ လင်မယားအဖြစ် နှစ်လခန့်သာ တပျော် တပါး ပေါင်းသင်းနေထိုင်ရသေးတဲ့ မောင်တို့နှစ်ဦးကို နှစ်သိမ့်စေခဲ့တယ်။

အချစ်ရေးလိုက်တဲ့ စာတစ်စောင်ကို မောင် မှတ်မိသေးတယ်။ အဲဒီစာထဲမှာ အချစ်ရေးလိုက်တာကတော့ မေ့ပျောက်သွားအောင် အချစ်ရဲ့ မျက်နှာကို အချစ်ရဲ့လက်ဖဝါးထဲမှာ မြှုပ်လို့သာ ထားချင်တယ် ဆိုတာလေ··· အဲဒီတုန်းက ဒါတွေအားလုံးဟာ မလွဲမရှောင်သာဘူး။ အရှေ့အရပ်မှာဖြစ်တဲ့ ညတွေဟာ မောင်တို့ဌာနေမှာဖြစ်တဲ့ ညတွေထက် ပိုပြီး မည်းမှောင်တယ်လို့ မောင်က ပြောလိုက်ပါသေးတယ်။

အရှေ့အရပ်ရဲ့ မည်းမှောင်တဲ့ညတွေဟာ ခုလည်း မှောင်မြဲမှောင် တုန်းပါပဲ။ မောင် ထင်ခဲ့တာထက် ပိုပြီး မည်းမှောင်လာတယ်။ အဲဒီလို ညမျိုးတွေမှာ ဘဝရဲ့ နက်နဲတဲ့အဓိပ္ပာယ်ကို ကြားသိရအောင် မကြာခဏ နားစွင့်မိခဲ့တယ်။ တစ်ခါတလေတော့လည်း ကြားရတယ်။ အခုတော့ ဌာနနဲ့ကာလဟာ မောင်တို့နှစ်ယောက်ကြားမှာ ခြားနေတယ်··· အချစ်ရဲ့။ မောင်တို့ကို မောင်တို့ရဲ့ သေးငယ်ကျဉ်းမြောင်းတဲ့ ကိုယ်ပိုင်ဘဝလေး ထဲက အမြဲတမ်းခွဲခွာစေပြီး ဘေးအန္တရာယ်များတဲ့၊ ကျယ်ပြန့်တဲ့လောက ကြီးထဲကို ပို့ဆောင်မယ့် တံခါးဝကို မောင်ဟာ လှမ်းကျော်ရတော့မှာပဲ။

ဒီစစ်ပြီးလို့ မောင် အသက်ရှင်ပြီး ကျန်နေမယ်ဆိုရင် လင်ရယ်၊ မယားရယ်လို့ဖြစ်ရတဲ့ လင်မယားဘဝရဲ့ တကယ့်စစ်မှန် နက်နဲတဲ့ အဓိပ္ပာယ်ကို မောင်တော့ ပထမဆုံးအကြိမ်အနေနဲ့ သိရှိနားလည်လာ မှာပဲ။ ဒီနောက်ဆုံးစာကြောင်းတွေကို အချစ်ဖတ်ရတော့မှာမို့ မောင်တော့ ဒါတွေကို သိနေပါပြီ··· အချစ်။ ။

[၃၅]

## သူငယ်ချင်းသို့

**သူငယ်ချင်း . . .**

လွန်ခဲ့တဲ့ ရက်အနည်းငယ်အတွင်းက ညတိုင်းပဲ ငါ ငိုရတယ်။ ငါ့ကိုယ်ငါ မခံမရပ်နိုင်ဖြစ်လွန်းလို့ ဒီလောက်ငိုရတယ်ကွာ။ ငါနဲ့ အတူရှိတဲ့ တခြားစစ်သားတစ်ယောက် ငိုတာကိုလည်း ငါ မြင်တွေ့ရ တယ်။ သူငိုတာကတော့ တခြားအကြောင်းကြောင့်ပါ။ ငါငိုရတဲ့အကြောင်းနဲ့တော့ မတူဘူးပေါ့။ သူ ဆုံးရှုံးလိုက်ရတဲ့ တင့်ကားတွေကြောင့် သူ ငိုရတာပဲ။ တင့်ကားတွေကလည်း သူ ဂုဏ်အယူဆုံး ဥစ္စာပစ္စည်းတွေဖြစ်တယ် . . . သူငယ်ချင်း။ ငါ့ရဲ့ ချို့ယွင်းချက်၊ အားနည်းချက်တွေကို ငါကိုယ်တိုင် နားမလည်ပေမယ့် ဆုံးရှုံးသွားတဲ့ စစ်ပစ္စည်းတွေအတွက် လူတစ်ယောက်မှာ ဘယ်လို ကြေကွဲဝမ်းနည်းခြင်း ဖြစ်နိုင်တယ် ဆိုတာကို တော့ ငါနားလည်ပါတယ်။ ငါလည်း စစ်သားတစ်ယောက်ဖြစ်တော့

ဒီလူ့အဖို့ တင့်ကားတွေဟာ သက်မဲ့ပစ္စည်းတွေ ဖြစ်နေပေမယ့် သက်ရှိပစ္စည်းတွေလို ဖြစ်နေတယ်ဆိုတာ ငါ ယုံကြည်ထားပါတယ်။ ဒါပေမဲ့ အားလုံးကို စဉ်းစားကြည့်ပြန်ရင် သူနဲ့ငါ နှစ်ဦးသား ပြိုင်ငိုမိခြင်းကတော့ ထူးဆန်းလှတယ်... ပေါ့။

ငါဟာ အမြဲမျက်ရည်လွယ်တယ်။ သနားစရာကောင်းတဲ့ အတွေ့အကြုံတစ်ခုကိုပဲဖြစ်ဖြစ်၊ မြင့်မြတ်တဲ့ အပြုအမူတစ်ခုကိုပဲ ဖြစ်ဖြစ် မြင်တွေ့မိရင် ငါငိုတတ်တယ်။ ရုပ်ရှင်ရုံထဲမှာ ရုပ်ရှင်ကြည့်ရင်း ဝမ်းနည်းစရာ၊ ဝမ်းသာစရာ တွေ့မြင်လိုက်ရင်လည်း ငါငိုမိတယ်။ တစ်ခါတလေ စာအုပ်ဖတ်ရင်း၊ တစ်ခါတလေတော့လည်း တိရစ္ဆာန်တစ်ကောင် ဒုက္ခရောက်နေတာမြင်ရင်လည်း ငါ ငိုမိတယ်ကွာ။

တစ်ခါတလေများ ပတ်ဝန်းကျင်ကိုတောင်မေ့ပြီး ရုပ်ပုံ တစ်ခုခုကို မြင်လိုက်ရလို့ ခံစားမှုဝေဒနာဖြစ်လာရင် အဲဒီခံစားမှု ဝေဒနာထဲမှာ ငါဟာ နစ်မြုပ်နေမိတာပဲ။ ဒါကြောင့်မို့ အဆုံးခံလိုက်ရတဲ့ တင့်ကားတွေအတွက်တော့ ငါ မငိုမိပါဘူး။ တင့်ကားတွေ ဓာတ်ဆီကုန်သွားတဲ့အခါ ဒီတင့်ကားတွေကို မြေပြင်မှာ ဒီအတိုင်းရပ်ထားပြီး အမြောက်တပ်လို အသုံးချရတယ်။ ဒါကြောင့်လည်း ရန်သူ့ဘက်က ဒီတင့်ကားတွေကို ကြေမွသွားအောင် လွယ်လွယ်ကူကူ ပစ်ခတ်နိုင်တာပေါ့။ ဒါပေမဲ့ အင်မတန်ရဲရင့်ပြီး အရှုံးပေးလေ့ မရှိတဲ့ လူခန့်လူချော တင့်ကားတပ်သား ရင့်မာကြီးတစ်ယောက် ကိုယ်တိုင်က သူအဆုံးခံလိုက်ရတဲ့ တင့်ကားတွေကြောင့် ကလေးငယ်တစ်ယောက်လို ထိုင်ငိုတာကို မြင်တွေ့လိုက်ရတော့ ငါလည်း မငိုဘဲ ဘယ်နေနိုင်ပါ့မလဲ။ ညတိုင်းညတိုင်း ငါ မျက်ရည်ကျရတာဟာ ဒီလူ့ကို သနားလွန်းလို့သာပဲပေါ့။

အင်္ဂါနေ့က ငါ့ရဲ့ ယာဉ်တင် တင့်ကားပစ်အမြောက်နဲ့ ရန်သူ့

တင့်ကား၊ တီ-၃၄ နှစ်စီးကို ပစ်ချနိုင်ခဲ့တယ်။ ဒီတင့်ကားနှစ်စီးဟာ တို့စစ်မျက်နှာနောက်ပိုင်းကို အလစ်ဝင်ပြီး ကြည့်တာပဲ။ ပစ်ချလိုက်တာ သိပ်ကြည့်ကောင်းတာပဲ။ ပစ်ချပြီးတဲ့နောက် မီးလောင်နေတဲ့ တင့်ကား ပျက်နှစ်စီးအနား ဖြတ်မောင်းကြည့်တယ်။ တင့်ကားအဖုံးပေါက်တစ်ခုမှာ လူတစ်ယောက် တွဲလွဲကျနေတယ်။ ဦးခေါင်းဖောက်ထိုးနဲ့ ခြေထောက်တွေ ကညွပ်နေပြီး ဒူးအထိ မီးလောင်နေတယ်။ ဒါပေမဲ့ မသေသေးဘဲ ညည်းနေတယ်။ အင်မတန်ကြောက်စရာကောင်းတဲ့ ဝေဒနာကို ခံစားနေရမှာပဲ သူငယ်ချင်း။ သူ့ကို ဘယ်လိုမှလည်း မကယ်နိုင်၊ ကယ်နိုင်တဲ့တိုင်အောင်လည်း အပြင်ရောက်ပြီး မကြာခင် နာရီပိုင်းအတွင်း သေမှာပါပဲ။

ဒါကြောင့် သူမြန်မြန်သေရင် သူ့ခံစားရတာ သက်သာမယ်ဆိုပြီး ငါ သူ့ကိုပစ်သတ်လိုက်ရတယ်။ ပစ်ရင်းပဲ ငါပါးပြင်မှာ မျက်ရည်တွေ စီးကျလာတယ်။ ငါသတ်မိတဲ့ တင့်ကားမောင်းသမား ဒီရုရှားတစ်ယောက်အတွက်ပဲ ငါငိုနေရတာ သုံးညရှိပြီ။ ဒီဂူမ်းရက်ခ်မှာရှိနေတဲ့ လက်ဝါးကပ်တိုင်တွေဟာ ငါ့ကို တုန်လှုပ်ချောက်ချားစေခဲ့တယ်။ အံတကြိတ်ကြိတ်နဲ့ ခံစားရင်း အသက်ထွက်သွားရှာတဲ့ ငါ့ရဲဘော်တွေရဲ့ ကျန်ရစ်ခဲ့တဲ့ ပစ္စည်းတွေကလည်း ငါ့ကို တုန်လှုပ်ချောက်ချားစေပြန်တယ်။ ငါ့ရဲ့ ချစ်ခင်တဲ့ သူငယ်ချင်းမိတ်ဆွေတွေဆီ တစ်နေ့တော့ ငါ ပြန်ရမှာပဲလို့ ငါ ယုံကြည်ထားတယ်။ ဒီလောက် စိတ်မငြိမ်မသက်နဲ့ တုန်လှုပ်ချောက်ချားနေတော့ ငါ အေးအေးဆေးဆေး မအိပ်နိုင်မှာ စိုးရိမ်လာပြန်တယ်။ ငါ့ဘဝဟာ တက်လိုက်ကျလိုက်၊ ပျောက်လိုက် ပူဆွေးလိုက်နဲ့ အင်မတန် ကြောက်စရာကောင်းတဲ့ ဆန့်ကျင်ဘက်ဖြစ်ရပ်တွေဟာ တစ်ပြိုင်တည်း ဖြစ်ပေါ်ခံစားရတော့ ငါ့စိတ်ဟာ ရူးမတတ်ပါပဲ... သူငယ်ချင်း။

အခု ငါဟာ တင့်ကားပစ် အမြောက်အကြီးစားကို တာဝန်ယူထားတော့ ငါ့လက်အောက်မှာ ရုရှားလူမျိုးလေးယောက် အပါအဝင် အားလုံး လူရှစ်ယောက်ရှိတယ်။ တို့ကိုးယောက်ဟာ အမြောက်ကြီးကို ဟိုနေရာရွှေ့သွား၊ ဒီနေရာရွှေ့လာနဲ့ ရွှေ့ပြောင်းနေရတယ်။ အဲဒီလို ရွှေ့ပြောင်းတိုင်း၊ ရွှေ့ပြောင်းတိုင်း စစ်မြေပြင်မှာ ရုရှားတင့်ကားတစ်စီးတော့ဖြင့် မီးလောင်ကျွန်ရစ်ခဲ့တယ်။ အခုထိ ရှစ်စီးတောင်ရှိသွားပြီ။ တစ်ဒါဇင်ပြည့်အောင်လုပ်ဖို့ တို့ကြံရွယ်ထားတယ်။ ဒါပေမဲ့ လက်ကျန်ကျည်ကတ်က သုံးကတ်ပဲရှိတော့တယ်…ဟေ့။ တင့်ကားတွေကို ပစ်ရတာဟာ ဘိလိယက်ထိုးသလိုတော့ မဟုတ်ဘူးပေါ့ကွာ။ ညကျပြန်တော့ ကလေးတစ်ယောက်လို မဖြေနိုင်၊ မဆည်နိုင်အောင် ငါဟာ ငိုနေရတယ်။ ဘယ်ထိအောင်များ ဒီအတိုင်း ငါတို့ဆက်သွား နေကြရဦးမှာလဲ… ကွာ။ ။

ရှုပ်ထောင်စာပေ



[၃၆]

## အညတာရ စစ်သည်တော်ထံ စာရေးလေ့ရှိသူ မစွအေဒီသို့

မစွအေဒီ . . .

လွန်ခဲ့တဲ့ တစ်နှစ်လောက်က အေဒီဆီက စာဟာ လောကမှာ တစ်ယောက်ထီးထီးဖြစ်နေတဲ့ လူစိမ်းတစ်ယောက်ဆီကို ရောက်လာတယ်။ ဆောင်းရာသီတစ်လျှောက်လုံးလည်းပဲ ဒီစာကို မကြာမကြာ ကောက်ဖတ်တယ်။ စာဖတ်ရတော့ တောင်သူလယ်သမားတွေနဲ့ သတ္တဝါတွေရဲ့ ခံစားနေရတာတွေ၊ ယိမ်းနွဲ့လှုပ်ရှားနေတဲ့ သီးနှံပင်တွေ၊ ဆီးနှင်းတွေ ဖုံးလွှမ်းနေတဲ့ တောင်ထိပ်ဖျားတွေ၊ နွေဦးမုန်တိုင်းနဲ့ မိုးချုန်းသံတွေ၊ ရေခဲတောင်က တလိမ့်လိမ့်ဆင်းလာတဲ့ ရေခဲစိုင်တွေ၊ ဓိသဘာဝ ပြောင်းလဲမှုအဖုံဖုံကို ကွင်းကွင်းကွက်ကွက် မြင်လာပြီး ကျွန်တော်ဟာ ကိုယ့်ရင်ခုန်သံကို ကြားရလောက်အောင်ပဲ ရင်ထဲမှာ ခံစားမိပါတယ်။

အေဒီရဲ့စာတွေဟာ 'အညတရစစ်သည်တော်'ကို စိတ်ဓာတ်တက်ကြွမှု၊ အင်အားရှိမှု၊ ရဲဝံ့မှုကိုတောင် ကျွန်တော် ရရှိလာတယ်ဆိုတာကို ပြောပြချင်ပါတယ်။ ဒါပေမဲ့ အင်မတန်ကောင်းမြတ်တဲ့ အကြောင်းအရာကို ယုံကြည်ဖို့ဆိုတာတော့ ကျွန်တော့်မှာ ကင်းပျောက်နေပါသေးတယ်။ ကျွန်တော်နဲ့တကွ လူပေါင်းတစ်သိန်းလောက်ဟာ နောက်တစ်လလောက်မှာ သေကြရတော့မှာပဲ။ အဲဒီတော့ ဒီယုံကြည်မှုဆိုတာလည်း ဒီလူတွေနဲ့အတူ ပျောက်ကွယ်ကြရတော့မှာပေါ့။

ဒီနေ့ အေဒီဆီ ကျွန်တော်စာရေးတာဟာ အကြောင်းနှစ်ရပ်ကြောင့် ရေးလိုက်ရတာပဲ။ ပထမတစ်ကြောင်းကတော့ စစ်ထုံးစံအရ လွန်ခဲ့တဲ့ တစ်နှစ်လောက်တုန်းက အေဒီ စာရေးလိုက်တဲ့ အညတရစစ်သည်တော်ဟာ တစ်နေရာကို ထွက်ခွာသွားမယ်ဆိုရင် ကြိုတင်အကြောင်းကြားရပါတယ်။ အခု ကျွန်တော် တစ်နေရာကို ထွက်ခွာရပါတော့မယ်။

ဒုတိယအကြောင်းကတော့ တခြားလူတစ်ယောက်ကို အင်အားရှိမှု၊ စိတ်ဓာတ်တက်ကြွမှု၊ ရဲဝံ့မှုနဲ့ ယုံကြည်မှုပေးဖို့ အေဒီ စာစပြီး ရေးတော့မယ်လို့ ယူဆတဲ့အတွက်ပါပဲ။

မစ္စအေဒီရေ… အရေးအကြီးဆုံးဖြစ်တဲ့ အကြောင်းတစ်ခုကိုတော့ ပြောရဦးမယ်။ လူတစ်ယောက်ဟာ မိမိယုံကြည်ချက်ကို စက္ကူပေါ်မှာ ပြနိုင်ကောင်းပြနိုင်ပေလိမ့်မယ်။ ဒါပေမဲ့ ဗော်လဂါမြစ်ပေါ်မှာရှိတဲ့ ပြုတ်ပြုတ်ပြန့်အောင် ပျက်စီးနေတဲ့ ဒီမြို့မှာတော့ စက္ကူပေါ်မှာ မိမိယုံကြည်ချက်ကိုပြခဲ့ရင် မိမိယုံကြည်ချက်ကို လိုက်လံရောင်းချသလိုဖြစ်မှာပဲ။ ရည်ရွယ်ချက်ကောင်းတစ်ခုအတွက် ပုံချအပ်နှံထားခဲ့တဲ့ ယုံကြည်မှုကို အလွဲသုံးစားပြုသလို လုပ်ခဲ့ရင်တော့ ဒါကို သဘောပေါက်

ရွှေမဟော်စာပေ

သိရှိတဲ့ လူဟာ ဒီလိုယုံကြည်မှု အလွဲသုံးစား ပြုလုပ်သူတိုင်းကို အခုလို မလုပ်မိအောင် သွေးဆောင်တိုက်တွန်း သတိပေးဖို့ တာဝန်ရှိနေပါတယ်… အေဒီရယ်။ ။

ရှမ်းတောင်စာပေ

(၃၇)

## မယားနှစ်ယောက်နှင့် ဗျာများနေသူထံမှ မယားကြီးထံသို့

**ချစ်ဇနီး အာရုနာ…**

မောင်တို့ စာရေးနိုင်တယ်လို့ ဒီနေ့မနက်ပဲ သူတို့ လာပြောတယ်။ ဒီတစ်ကြိမ်တည်း ရေးရတော့မှာပဲ။ ဒီတော့ဒီစာဟာ နောက်ဆုံးအကြိမ် ရေးတဲ့ စာဖြစ်မှာပါပဲ။ ဒါကိုတော့ မောင် သေသေချာချာ သိတယ်။ မောင်ဟာ အမြဲတမ်း မယားနှစ်ယောက်ဆီ စာနှစ်စောင်ရေးနေကျဆိုတာ အာရုနာ အသိပါ။ အာရုနာနဲ့ တခြားတစ်ယောက်ဆီကိုလေ။ လွန်ခဲ့တဲ့ နှစ်တွေတုန်းက အာရုနာကတော့ မောင်နဲ့ဝေးနေတယ်။ အာရုနာနဲ့စာရင် ကရိနာက မောင်နဲ့ ပိုပြီးနီးသေးတယ်။ အခုလို ဖြစ်ခဲ့ကြရတာကို ဘာကြောင့်ဖြစ်ခဲ့ကြရတယ်၊ ဘယ်လိုဖြစ်ခဲ့ကြရတယ်ဆိုတာ ပြန်ပြီး မနှူးချင်တော့ပါဘူး။ အဟောင်းကို အသစ်မလုပ်ချင်တော့ဘူးလေ…။ ဒါပေမဲ့

ကံကြမ္မာက လူတစ်ဦးဆီကိုသာ စာရေးရမယ်လို့ ဖန်တီးလိုက်တဲ့ ဒီနေ့မှာတော့ ခြောက်နှစ်ကြာအောင် ချစ်ဇနီးအဖြစ် ပေါင်းသင်းခဲ့တဲ့ အာရှုာဆီကို မောင်ဟာ စာရေးဖို့ ရွေးချယ်လိုက်တာပဲ… အာရှုာ။

အာရှုာချစ်တဲ့လူဟာ နောက်ဆုံး အခွင့်အရေးအဖြစ်နဲ့ စာရေးခွင့်ရလို့ အာရှုာဆီကိုပဲ လိပ်စာတပ် စာရေးလိုက်တယ်ဆိုတာကို သိရတော့ အာရှုာအတွက် အင်မတန်ကောင်းတယ်ပေါ့။ ကရိုနာဆီကို မောင်စာရေးပြီး အာရှုာကို နှုတ်ဆက်စကားပြောခိုင်းဖို့ ဆိုတာကိုတော့ မောင် မလုပ်ရက်ဘူး။ ဒါကြောင့် မောင့်အချစ် အာရှုာ့အပေါ် မောင်မပြုလုပ်သင့်တာတွေ ပြုလုပ်ခဲ့တဲ့အတွက် သဘောထားကြီးကြီးနဲ့ မောင့်ကို ခွင့်လွှတ်ပါလို့ ဒီအချိန်မှာ မောင့်ရဲ့ နောက်ဆုံးဆန္ဒအနေနဲ့ မောင် တောင်းပန်ပါရစေကွယ်။ သူ့ဆီလည်း သွားပါနော်။ သူတော့ သူ့မိဘတွေနဲ့ အတူနေတယ်။ မောင့်အပေါ် သူ့ကျေးဇူးတွေ အများကြီး ရှိတယ်လို့ မောင့်မယားဖြစ်တဲ့ အာရှုာက သူ့ကိုပြောလိုက်ပါ။ အာရှုာကတစ်ဆင့် သူ့ကိုနှုတ်ဆက်လိုက် တယ်ဆိုတာကိုလည်း ပြောပြပါနော် အာရှုာ။

မောင့်ရဲ့ နောက်ဆုံးနေ့တွေမှာ သူဟာ မောင့်အတွက် အဓိပ္ပာယ်တော်တော်ရှိတဲ့ လူတစ်ယောက်ဆိုတာလည်း ပြောပြပါ။ မောင် အိမ်ရောက်တဲ့အခါ ဘာတွေဖြစ်မလဲဆိုတာကိုလည်း မောင် အကြိမ်ကြိမ်စဉ်းစားကြည့်တယ်ဆိုတာကိုလည်း ပြောပြပါနော်။ ဒါပေမဲ့ မောင့်ကို အာရှုာက ပိုပြီး ဂရုစိုက်ပါတယ်လို့။ မောင်အိမ်ကိုမပြန်နိုင်တော့လို့ ဝမ်းနည်းပေမယ့် နောင် မရှုမလှ ခံစားကြရမယ့် ဒုက္ခတွေက မောင်တို့ သုံးယောက်စလုံး လွတ်ကြရအောင် ခုလိုမပြန်လမ်းကို မလွှဲမရှောင်သာတဲ့

ရှမ်းတောင်တလေ

မောင် ရွေးပြီးသွားရတာဟာ တစ်နည်းအားဖြင့်တော့လည်း မောင်ဝမ်းသာတယ်လို့ပဲ ပြောရတော့မှာပဲ… အာရုနာ။

ကံကြမ္မာကြောင့်ပဲလား၊ သို့မဟုတ် ဘုရားသခင်ရဲ့ ကျေးဇူးကြောင့်ပဲလားတော့ မသိဘူး။ မောင်ဟာ အခု တကယ်ပဲ တည်ငြိမ်နေတယ်။ ဒါပေမဲ့ ပြောပြစရာရှိတာတွေ အကုန်လုံးကို တစ်နာရီအတွင်း ကုန်အောင် ပြောဖို့ဆိုတာတော့ မလွယ်လှဘူး။ နောက်ထပ် ရေးစရာတွေလည်း အများကြီး ကျန်နေသေးတယ်။ ဒါပေမဲ့ များလွန်းနေလို့ ဘယ်တော့များမှ ရပ်နိုင်ပါ့မလဲမသိ။ မောင့်အသက်နဲ့ ခန္ဓာ ကွဲကွာတော့မှပဲ ဖောင်တိန်နဲ့စက္ကူလည်း ကင်းကွာတော့မယ် ထင်ပါရဲ့ကွယ်…။

မောင့်တပ်ခွဲမှာ လူငါးယောက်ပဲ ကျန်တော့တယ်။ သူတို့ အထဲမှာ ဝင်မ်ဆင်ဆိုတဲ့လူလည်း ပါတယ်။ တခြားရဲဘော်တွေကတော့ အားလုံးပဲ ပင်ပန်းနွမ်းလျနေကြပြီလေ။ ကြောက်စရာလန့်စရာကို ခုလို ပရိယာယ်အသုံးအနှုန်းလေးနဲ့ ပြောပြတော့ မကောင်းပေဘူးလား… အာရုနာ။ ဒီအကြောင်းတွေကို ပြောပြနေတော့လည်း ဘာအဓိပ္ပာယ်များ ရှိဦးမှာလဲဟင်…။ အာရုနာတို့ သိလို့ရော ဘာအကျိုးများရှိလို့လဲ။

အဲဒီတော့… သူ့ကိုယ်သူ အာရုနာရဲ့ ခင်ပွန်းဖြစ်နေတာကို သတိသံဝေဂရလာလို့ သူ့အပေါ် အာရုနာ ခွင့်လွှတ်ဖို့ တောင်းပန်နေတဲ့ လူတစ်ယောက်အနေနဲ့ မောင့်ကို မမေ့ပါနဲ့နော်… အာရုနာ။ အာရုနာရဲ့ အသည်းပြင်မှာ မောင် အသက်ရှင်နေပါရစေလား… အာရုနာရယ်။ ကရိုနာ အပါအဝင် အာရုနာရဲ့ အသိမိတ်ဆွေတွေကိုလည်း မောင်ဟာ အာရုနာရဲ့ ထာဝစဉ် ကွေကွင်းခွဲခွာရတော့မယ့် နောက်ဆုံး အချိန်ကျခါမှ အာရုနာဆီကို ပြန်လည်အောက်မေ့ တသလာတယ်ဆိုတာ ပြောပြလိုက်ပါနော်… အာရုနာ။

အာရုနှာရဲ့ အသည်းပြင်မှာတော့ မောင် အသက်ရှင်နေပါရ စေလား အာရုနှာရယ်။ ။



[၃၈]

## ချစ်ဝနီးသို့

အချစ်ရေ…

အချစ်ဆီကို ကိုယ်စာအရှည်ကြီး ရေးချင်ပါတယ်ကွယ်။ ဒါပေမဲ့ ကိုယ့်ရဲ့စိတ်ကူးစိတ်သန်းတွေဟာ ဗုံးဒဏ်ကြောင့် ပြိုကျ ပျက်သုဉ်းသွားတဲ့ အိမ်တွေလိုပဲ အမြဲကြေမွပျက်သုဉ်းကုန်တယ်။ ဒီစာကိုရေးဖို့ ကိုယ့်မှာ ဆယ်မိနစ်လောက် အချိန်ရတယ်။ ဆယ်မိနစ်ဆိုတဲ့ အချိန်ဟာ စောင့်နေရတဲ့လူအဖို့တော့ တော်တော်ကြာရှည်ပေမယ့် ချစ်သူတို့အဖို့တော့ တဒင်္ဂ တစ်ခဏလေးပါပဲ။ ဒါကြောင့်လည်း စောင့်ရသူက တစ်ဘဝ၊ ချစ်ဦးသူက တဒင်္ဂပဲလို့ ဆိုရမှာပေါ့။

ကိုယ်တော့ တုန်လှုပ်ချောက်ချားခြင်း မဖြစ်ပါဘူး။ ဒီအရှေ့ပိုင်းဒေသကို ရောက်တော့မှပဲ ကိုယ်လည်းမကြုံဖူးအောင် ကျန်းမာရေးကောင်းနေတယ်။ နှာစေးချောင်းဆိုးလေးတောင် မဖြစ်ဘူး။ ဒီတစ်ချက်တော့ ဒီစစ်ကြီးက ကိုယ့်ကိုပေးတဲ့ ကောင်းကျိုးလို့ပဲ ဆိုရမှာပဲ။

ဒီစစ်ကြီးက ကိုယ့်ကိုပေးတဲ့ ကောင်းကျိုးတစ်ခုရှိသေးတယ်။ ါဟာ ဘာလဲဆိုတော့ ကိုယ်ဟာ အချစ်ကို သိပ်ချစ်မှန်း သိလာရခြင်းပဲ အချစ်ရဲ့။ လူဆိုတာကလည်း ဆန်းကြယ်သားပဲ။ အရာဝတ္ထုတစ်ခုခုကို ှန့်လွှတ်ဆုံးရှုံးရခါနီးတော့မှ တန်ဖိုးထားတတ်ကြတယ်လေ။ အံ့ဩစရာ ပဲ… နော်။ အချစ်နဲ့ကိုယ်တို့ဟာ ရေခြားမြေခြား ဝေးလံကွာလှမ်းတဲ့ အေသခြားပြီး ခွဲခွာနေရပေမယ့် ကိုယ်တို့ရဲ့ အသည်းနှလုံးတွေကိုတော့ ချစ်ခြင်းမေတ္တာနဲ့ ပေါင်းကူးပေးထားတယ် အချစ်။ ကိုယ်တို့ဟာ နေ့စဉ် နေ့တိုင်း ဘာတွေလုပ်ကိုင်ပြီး ဘယ်လိုနေထိုင်တယ်ဆိုတာကို ဒီချစ်ခြင်း မေတ္တာ ပေါင်းကူးတံတားကတစ်ဆင့် ပြောပြနိုင်ခဲ့တာပေါ့။ ကိုယ် အိမ်ပြန်ရောက်တဲ့အခါကျမှပဲ ကိုယ်တို့ရဲ့ အဖြစ်အပျက်အမှန်ကို ပြောပြ တော့မယ်လို့ ကိုယ်ကြံရွယ်ထားပါတယ်။ ဒါကြောင့်လည်း စစ်နဲ့ ပတ်သက်တဲ့ အကြောင်းအရာလေးတွေကိုတော့ ကိုယ်မရေးတော့ဘူး၊ မပြောတော့ဘူးလို့လည်း စိတ်ကူးထားတယ်လေ။ ကဲလေ… နောက်ဆုံး အဖြစ်အပျက်အမှန်ကို အချစ်ကြိုတင်လေ့လာနိုင်ပါလိမ့်မယ်။ ကိုယ်တော့ ရှေ့ဆက်ပြီး စာမရေးနိုင်တော့ဘူး… အချစ်ရဲ့။

ကမ်းခြေတွေ ရှိနေသရွေ့တော့ တံတားတွေလည်း ရှိနေဦးမှာပဲ။ ကိုယ်တို့ဟာ ဒီတံတားတွေကို ရဲရဲဝံ့ဝံ့ လျှောက်ကြရမယ်။ ကိုယ့်မှာတော့ တံတားနှစ်ခု ရှိနေတယ်လေ… အချစ်။ တစ်ခုကတော့ အချစ်ဆီကို ဦးတည်လျှောက်သွားရမယ့် တံတား။ နောက်တစ်ခုကတော့ အဆုံးမရှိတဲ့ ဆီကို ဦးတည်လျှောက်သွားရမှာပဲ။ ဒီတံတားနှစ်ခုစလုံးရဲ့ အန္တိမအဆုံး ကတော့ ကိုယ့်အဖို့ အတူတူပါပဲ… ကွယ်။

နက်ဖြန်ဆိုရင်လည်း ကိုယ်တော့ နောက်ဆုံးတံတားပေါ် ခြေချရ တော့မယ်လေ… အချစ်။ ကိုယ်ဟာ စကားလုံးလှလှလေးတွေ သာယာ

ငြိမ့်ညောင်းတဲ့ သံသာသာလေးတွေမှာ ပျော်မွေ့တတ်လွန်းလို့ ဘာကိုမဆို ကွက်ကွက်ကွင်းကွင်း ပေါ်လွင်အောင် တင်စားပြီး ဖွဲ့နွဲ့စီကုံးတာကို နှစ်သက်တယ်ဆိုတာ အချစ် သိသားပဲ။ ဒါကြောင့်လည်း စာပေအရ တော့ ကိုယ့်ရဲ့ နောက်ဆုံးတံတားလို့ တင်စားပြောဆိုခဲ့တာပဲ၊ တကယ် တော့ ဒီနောက်ဆုံးတံတားဟာ "သေခြင်း"ပါပဲ--- အချစ်ရဲ့။

အချစ်ရဲ့လက်ကို ကမ်းစမ်းပါလား အချစ်ရယ်။ အချစ်ကမ်းတဲ့ လက်ကိုဆွဲပြီး တံတားကို လျှောက်ပါရစေလားကွယ်---။ ။

ရှင်တောင်စာပေ

# ရှင်မတောင်စာပေတိုက်တွင်
# မှာကြားနိုင်သည့်စာအုပ်စာရင်း

**ဒေါက်တာလှဲ့လှဲ့ဝင်း** – မိမိဆန္ဒအရ သားလေး၊ သမီးလေးကြိုတင်တွက်ယူရအောင်
– ထူးထူးခြားခြား မွေးလူနာများ
**ဒေါက်တာအေးကျော်** – A Dictionary of Medical Terms
– The English Myanmar
Medical Dictionary *(For Nurse)*
– The English Myanmar Medical Dictionary
– ဖေဖေမေမေ မာပါစေ။
– ကျန်းမာရေးဗဟုသုတ ဒိုင်ယာရီ
**ပါမောက္ခ** – မိသားစုကျန်းမာရေး
**ဒေါက်တာအောင်ကြီး**
**ဘသန်း (ဓမ္မိက)** – နိုင်ငံရေးဝေါဟာရအဘိဓာန်
**ဒေါက်တာမြင့်သန်း** – ၆၀ အသက် ကျော်ကာတက်
**(ညောင်လေးပင်)** – အပျိုကြီးတကယ်လုပ်မှာလား။
– ယောက်ျားချင်းမို့ ပြောချင်တယ်။
– ၂၀ ကျော် အစိတ်ပိုင်း။
**ဒေါက်တာဦးကျော်ကျော်** – အဖြစ်များသော အရေပြားပြဿနာများ။
**(အထူးအရေပြားအထူးကု**
**ဆရာဝန်ကြီး)**
**မျိုးအောင်ဆွေ** – ကျန်းမာရေးဗဟုသုတ သတင်းအတိုအထွာများ။
**နေမျိုးသန့်** – ရှင်မတောင် မိုးညို့မှိုင်းတော့
ရင်လှိုင်းခတ်လို့ လွမ်းမိတယ်

[၃၉]

## ချစ်သားရဲ့ဘော်ထံမှ
## ဖခင်ဗိုလ်မှူးကြီးသို့

အချစ်ဆုံး ဖေဖေခင်ဗျား...

ကျွန်တော်တို့ တပ်မကို တိုက်ပွဲကြီးအတွက် အဆင်သင့်ဖြစ်အောင် အစီအစဉ်အားလုံး လုပ်ပြီးပါပြီ။ ဒါပေမဲ့ တိုက်ပွဲကြီးကတော့ ဖြစ်မှာမဟုတ်ပါဘူး။ ဖေဖေ့ရဲ့ရာထူးကို လေးစားတဲ့အနေနဲ့ ခုလို စာရေးလိုက်တာကို ဖေဖေ အံ့ဩသွားမှာပဲ။ ဒါပေမဲ့ လူပုံအလယ်မှာ ပြောဆိုနိုင်တဲ့ စကားတွေကိုသာ ဒီစာထဲမှာ ကျွန်တော်ရေးမှာပါ... ဖေဖေ။ မေမေ့ဆီကိုလည်း ဖေဖေ တတ်နိုင်တဲ့နည်းနဲ့ပဲ ပို့ပေးပါ။ ကျွန်တော်တို့ စာရေးခွင့်ရတယ်လို့ စကားထွက်လာတယ်။ အခြေအနေကိုသိနေတဲ့ လူ တစ်ယောက်အဖို့တော့ ဒီတစ်ကြိမ်သာ စာရေးနိုင်ကြတော့မယ်ဆိုတဲ့ အဓိပ္ပာယ်ပဲပေါ့... ဖေဖေ။

ချစ်သောဖေဖေ ခင်ဗျား။ ဖေဖေဟာ ဗိုလ်မှူးကြီးတစ်ယောက်ဖြစ်ပြီး စစ်ဦးစီးအဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ယောက်လည်း ဖြစ်ပါတယ်။ ဒါကြောင့် ဒါဟာ ဘာကိုဆိုလိုသလဲဆိုတာ ဖေဖေ သိပါတယ်။ အလွမ်းသယ်တဲ့စကားတွေ ဖြစ်ချင်ဖြစ်နေမှာ စိုးရတဲ့ အကြောင်းအကျိုးတွေကို ကျွန်တော် ရှင်းပြဖို့မလိုပါဘူး။ ဒါဟာ နောက်ဆုံးပဲပေါ့ ဖေဖေ။ တစ်ပတ်လောက်တော့ ခံနိုင်ကောင်း ခံနိုင်လိမ့်ဦးမယ်လို့ ကျွန်တော် ထင်ပါတယ်။ အဲဒီနောက်တော့ ဇာတ်သိမ်းခန်း ရောက်ရတော့မှာပေါ့။ ကျွန်တော်တို့ခုလို အခြေအနေဆိုက်ရတဲ့ အကြောင်းရင်းတွေကို စီကာစဉ်ကာ ချေချေတင်တင် ကျွန်တော် ရှာမပြချင်တော့ပါဘူး။ ဖြစ်ရပ် အကြောင်းရင်းတွေကလည်း ခုတော့ လုံးဝ အရေးမကြီးတော့ဘူးဖေဖေ။ အဓိပ္ပာယ်လည်း မရှိတော့ပါဘူး။

ဒါပေမဲ့ ဒီအကြောင်းတွေကို ကျွန်တော် ပြောပြရမယ်ဆိုရင် ကျွန်တော် ပြောချင်တာကတော့ ဒီအခြေဆိုက်ရတဲ့ အကျိုးအကြောင်းကိုတော့ ကျွန်တော်တို့ကို မမေးလေနဲ့။ ကျွန်တော်တို့ဆီကလည်း ဒီအကြောင်းအရာတွေကို မမျှော်လင့်လေနဲ့။ ဖေဖေတို့တစ်တွေနဲ့ ဒီအတွက်တာဝန်ရှိတဲ့ ပုဂ္ဂိုလ်ကြီးတွေကိုသာ မေးကြည့်ပါ။ ဖေဖေနဲ့တကွ ဖေဖေနဲ့စိတ်တူသဘောတူဖြစ်ကြတဲ့ လူတွေဟာ အရှုံးမပေးကြပါနဲ့။ ကျွန်တော်တို့နိုင်ငံကို ဒီထက်ပိုကြီးမားတဲ့ ဘေးအန္တရာယ် မဆိုက်ရလေအောင် အဆင်သင့် သတိရှိရှိနဲ့နေကြပါ ဖေဖေ။ ဒီဗော်လဂါမြစ်ကမ်းမှာဖြစ်နေတဲ့ ငရဲဟာ ဖေဖေတို့အတွက် သတိပေးချက်ဖြစ်ပါစေ...ဖေဖေ။ ဒီအတွေ့အကြုံကို မေ့ပျောက်မပစ်ဖို့ ကျွန်တော် တောင်းပန်သတိပေး လိုက်ပါရစေ... ဖေဖေ။

ယခုလက်ရှိ အခြေအနေကိုပြောရရင်တော့ တပ်မတစ်ခုလုံး

ရှယ်ဘောင်စာပေ

အနက် လူ ၆၉ ယောက်သာ တိုက်ရည်ခိုက်ရည် ပြည့်စုံတဲ့ အခြေအနေမှာရှိတယ်။ ဒေဂင်းကတော့ လက်နှစ်ဖက်စလုံး မရှိရှာတော့ဘူး။ သူဂျာမနီကို မကြာမီ ပြန်ရောက်ကောင်း ပြန်ရောက်လိမ့်မယ်။ နောက်ဆုံးတော့ သူ အိမ်ပြန်ရောက်ရမှာပေါ့။ ဖေဖေသိချင်တာတွေကို အသေးစိတ်သိရအောင် သူ့ကိုမေးကြည့်ပါ ဖေဖေ။ ဒယ်နီယယ်ကတော့ သိပ်ပြီးစိတ်ဓာတ်ကျနေတယ် လက်ရှိအခြေအနေနဲ့ နောင်ဖြစ်လာမယ့် အကျိုးဆက်တွေနဲ့ ပတ်သက်ပြီး သူ ဘာတွေ တွေးတော စဉ်းစားနေတယ်ဆိုတာတော့ ကျွန်တော် မသိဘူး။ ကျွန်တော် သိပ်သိချင်တာပဲ ဖေဖေ။ ကျွန်တော်တို့ လက်ထဲမှာတော့ စက်သေနတ်ကြီးနှစ်လက်၊ ကျည်ဆန်လေးရာ၊ စိန်ပြောင်းတစ်လက်နဲ့ ဗုံးဆယ်လုံး ကျန်သေးတယ်။ ဒါ့အပြင်တော့ ငတ်မွတ်တာနဲ့ ပင်ပန်းတာရယ်ပဲ ရှိတယ်။ ဗတ်တော့ လူနှစ်ဆယ်နဲ့ အမိန့်မစောင့်ဘဲ ထွက်သွားလေရဲ့။ သူနဲ့ပတ်သက်လို့ ဘယ်လို နိဂုံးချုပ်မယ်ဆိုတာ သုံးပတ်ကြာမှ သိရတာထက် သုံးရက်အတွင်း သိရရင်တော့ ပိုကောင်းမှာပဲ။ သူ့ကိုလည်း အပြစ်မဆိုနိုင်ပါဘူး… ဖေဖေ။

ကျွန်တော့် ကိုယ်ရေးကိုယ်တာ ကိစ္စလေးတွေကို ပြောပါရစေ။ ကျွန်တော်နဲ့ပတ်သက်လို့ အရာရာတိုင်းဟာ သိက္ခာရှိရှိ၊ ကောင်းကောင်းမွန်မွန် ဖြစ်ရပါစေ့မယ်ဆိုတာ ဖေဖေ စိတ်ချနေပါ။ အသက်သုံးဆယ်ဆိုတာ ဒီအတွက် နည်းနည်းတော့ စောပါသေးတယ်ဆိုတာ ကျွန်တော်သိပါတယ်။ အလွမ်းပိုအောင်တော့ ပြောမပြချင်ပါဘူး… ဖေဖေ။ လစ်ဒီးယားနဲ့ ဟယ်လစ်တို့ကိုလည်း ကျွန်တော့်ကိုယ်စား ဖေဖေနှုတ်ဆက်လိုက်ပါ။ မေမေ့ကိုလည်း ကျွန်တော် မွေးမွေးပေးလိုက်ပါတယ်… ဖေဖေ။ (သတိထားနော်… အဘိုးကြီး၊ မေမေ့မှာ နှလုံးရောဂါရှိတယ်ဆိုတာလည်း မေ့မနေနဲ့ဦး။) ဂါဒါကိုလည်း ကျွန်တော် မွေးမွေး

ပေးလိုက်တဲ့အကြောင်း ပြောပြပြီး ကျန်တဲ့လူတွေအားလုံးကို သတိရနှုတ်ဆက်လိုက်ကြောင်း ပြောပြလိုက်ပါ။

အလေးပြုလိုက်ပါတယ်··· ဖေဖေ။

ဒု-ဗိုလ်ကလေး ခွဲခွာရတော့မယ်ဆိုတဲ့အကြောင်း လေးစားစွာကြိုတင်အသိပေး အကြောင်းကြားလိုက်ပါတယ်···။ ။

ရှင်မတောင်စာပေ